# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၁၅)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

၂၀၁၄ ခုနှစ်၊ မေ ၈ ရက်၊ ကြာသပတေးနေ့။


**တို့တာဝန်အရေး(၃)ပါး**

- ❐ ပြည်ထောင်စု မပြိုကွဲရေး။
- ❐ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံ ပို့ဆောင်ရေး၊ တီထွင်မှုနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး H.E.Ms. Doris BURES နှင့်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဩစတြီးယားမှ ရေအားလျှပ်စစ်နှင့်စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး ဆွေးနွေး

**နေပြည်တော် မေ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြီးယားနိုင်ငံ ပို့ဆောင်ရေး၊ တီထွင်မှုနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E.Ms. Doris BURES နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံရာတွင် ဩစတြီးယားနိုင်ငံမှ နည်းပညာအကူအညီဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ဩစတြီးယားနိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးမောင်မြင့်၊ ဦးဝင်းမြင့်၊ ဒေါက်တာကိုကိုဦးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဩစတြီးယားနိုင်ငံဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Enno DROFENIK တက်ရောက်သည်။

မြန်မာနိုင်ငံနှင့်ဩစတြီးယားနိုင်ငံတို့သည် ယခုအခါ သံတမန်ဆက်ဆံမှုသက်တမ်း ၆၁ နှစ် ပြည့်မြောက်တော့မည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ လေးဘီလီယံခန့် ရှိလာမည်

**သတင်း-မောင်မောင်မြင့်ဆွေ**

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ယခုဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ လေးဘီလီယံကျော် ရှိလာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၌နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံရှိခဲ့သည်။ ယင်းပမာဏသည် ယခင် ဘဏ္ဍာရေးနှစ်များကထက် ငွေကြေးပမာဏ နှစ်ဆခန့်ပိုမိုတိုးတက်လာခြင်းဖြစ်သည်။

ယခုဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတိုးတက်ရန်ရှိနေခြင်းမှာ ဆက်သွယ်ရေးလုပ်ငန်းများတွင် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လာခြင်းနှင့်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင် အဓိက မောင်းနှင်အားများသဖွယ်ဖြစ်လာသည်။

ဆက်သွယ်ရေး လုပ်ငန်းတွင် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ သို့မဟုတ် နှစ်ဘီလီယံခန့်ရှိနေရာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏၃၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ အခြား လုပ်ငန်းကဏ္ဍများဖြစ်သော အထည်အလိပ်လုပ်ငန်း၊ အထွေထွေကုန်ပစ္စည်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရန် ကြိုးစားလျက်ရှိရာ သစ်အခြေခံကုန်ချောထုတ်ကုန်များ၊ သစ်အခြေခံ

*စာမျက်နှာ ၈ ကော်လံ ၃* ❐

**ယနေ့ မာတိကာ**


**မြန်မာ့မီးရထားအဆင့်မြှင့်တင်တိုးတက်စေရေး ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးသွားမည်** စာမျက်နှာ-၂

**ထိုင်းဝန်ကြီးချုပ်ရင်လတ်အား အာဏာအလွဲသုံးစားမှုဖြင့် ရာထူးမှနုတ်ထွက်ရန် တရားရုံးက အမိန့်ချမှတ်** စာမျက်နှာ-၄

**နေပြည်တော်အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်** စာမျက်နှာ-၇

**ပျောက်ဆုံးမလေးရှားလေယာဉ်နှင့်ပတ်သက်၍ ကျွမ်းကျင်သူပညာရှင်များ ကင်ဘာရာမြို့၌ တွေ့ဆုံမည်** စာမျက်နှာ-၁၀

**တောင်တွင်းကြီး၌ ကန်ချောင်းတံတား ပြန်လည်ပြုပြင်ရေးဆောင်ရွက်** စာမျက်နှာ-၁၈


ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းဝေစည်သည့် အသိုက်အဝန်းဆီသို့

ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာ့သမိုင်းစာမျက်နှာတွင် ဝါဒရေးရာ နှစ်ရပ် အားပြိုင်ကာ အုပ်စုနှစ်ခုတို့၏ စစ်အေးကာလတစ်ရပ်ကို ဖြတ်သန်းခဲ့ရသည်။ ထိုစဉ်က အရှေ့တောင်အာရှဒေသဆိုသည်မှာလည်း ကိုလိုနီဘဝမှ လွတ်မြောက်ခါစ၊ ပြည်တွင်းစစ်ပွဲများ၊ လွတ်မြောက်ရေး စစ်ပွဲများ၊ စားနပ်ရိက္ခာမလုံလောက်မှုများ စသည့်အနိဋ္ဌာရုံများနှင့် ဒဏ်ရာဒဏ်ချက်များပြည့်နှက်နေသော နိုင်ငံငယ်များစုဝေးနေသည့် နေရာတစ်ခုဖြစ်သည်။ ဒေသတွင်းနိုင်ငံအများစုမှာ ပြည်တွင်း ပဋိပက္ခများ၊ ဝါဒရေးရာ အားပြိုင်မှုများနှင့် လုံးထွေးနေခဲ့ပြီး ရလဒ် အနေဖြင့် သန်းပေါင်းများစွာသော ပြည်သူများ၏အသက်ကို စတေးခဲ့ရခြင်းပင်ဖြစ်သည်။

မျက်မှောက်ကာလတွင်မူ ကမ္ဘာကြီးသည် အုပ်စုနှစ်ခုကမ္ဘာမှ ဗဟုကမ္ဘာသို့ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ပြောင်းလဲလာသည့် ကမ္ဘာကြီး၏ ပေါင်းစည်းမှုဖြစ်စဉ်အရ နိုင်ငံများမှာ ယဉ်ကျေးမှု အရဖြစ်စေ၊ ပထဝီအနေအထားအရဖြစ်စေ တူရာတူရာပေါင်းစည်း ကြကာ နိုင်ငံအုပ်စုများအဖြစ် ရပ်တည်လာကြရသည်။ ထိုနည်း တူစွာပင်ဒုတိယကမ္ဘာစစ်အပြီး လူသားမျိုးဆက်သုံးဆက် (သို့မဟုတ်) နှစ်ဆယ်စုနှစ်သုံးခုမက ဖြတ်သန်းခဲ့ရပြီးချိန်တွင် အရှေ့တောင် အာရှဒေသသည်လည်း များစွာပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

ဒေသတွင်းနိုင်ငံများအတွင်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း သွားခဲ့သည်။ ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည်လည်း ကမ္ဘာပေါ်တွင် မကြုံဖူးသေးသောမြန်နှုန်းဖြင့် တိုးတက်လာနေသကဲ့သို့ အာရှပစိဖိတ်ဒေသတွင် အချက်အချာကျသော၊ အရေးပါသောဒေသ ဖြစ်လာသည်။ အရှေ့တောင်အာရှနိုင်ငံအားလုံး ပါဝင်သည့် အာဆီယံအဖွဲ့အစည်းကြီးသည် ကမ္ဘာက လေးစားစရာ ဒေသတွင်း အဖွဲ့အစည်းကြီး ဖြစ်လာသည်။

မိမိတို့နိုင်ငံက အာဆီယံအဖွဲ့အစည်းကြီး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရသည့် အချိန်ကာလသည် ဤဒေသတွင်း မှီတင်း နေထိုင်ကြသည့် သန်းပေါင်း ၆၀၀ ကျော်သော ပြည်သူများအတွက် အလွန်အရေးကြီးသော အချိန်ကာလတစ်ရပ်ဖြစ်သည်။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်သူအများစု ခံစားခွင့်ရရှိရေး၊ ဆင်းရဲချမ်းသာ ကွာဟမှုများ ကျဉ်းမြောင်းသွားစေရေးအတွက် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေး၊ မြို့ပြစီမံကိန်းများ ချမှတ်ရေး၊ အခြေခံ အဆောက်အအုံများ မြှင့်တင်ရေးစသည့် ကိစ္စရပ်များအတွက် ဝိုင်းဝန်း ပူးပေါင်းဆွေးနွေးအဖြေရှာဆုံးဖြတ်ကာ ဒေသတွင်း နိုင်ငံအသီးသီးရှိ ပြည်သူများ အကျိုးစီးပွားအတွက် မူဝါဒများချမှတ်ဆောင်ရွက် ကြရမည့်အချိန် ဖြစ်သည်။

မကြာမီ နေပြည်တော်တွင် ကျင်းပတော့မည့် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေး များအတွက် အိမ်ရှင်နိုင်ငံ၊ ဥက္ကဋ္ဌတာဝန်ယူထားသည့် နိုင်ငံအနေဖြင့် ဆောင်ရွက်ဖွယ်ရှိသည်များကို အကောင်းဆုံးပြင်ဆင်ဆောင်ရွက် ထားပြီးဖြစ်သည်။ အစည်းအဝေး၏ ဆောင်ပုဒ်အနေဖြင့် "ရှေ့သို့ တူညီတက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ" (**Moving Forward in Unity to a Peaceful and Prosperous Community**) ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားသည်။

တစ်လုံးတစ်စည်း တစ်ခုတည်းသော အဖွဲ့အစည်းအနေဖြင့် တစ်ခု တည်းသော လားရာဖြစ်သည့် ငြိမ်းချမ်းသာယာသော၊ ဝပြောစည်ပင် သော လူမှုအသိုက်အဝန်းကြီးဆီသို့တက်လှမ်းရာတွင် မကြာမီကျင်းပ တော့မည်ဖြစ်သော အာဆီယံထိပ်သီးအစည်းအဝေးကြီးက အရှိန် အဟုန်မြှင့်တင်သွားနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

## ပြည်တွင်းသတင်း

# မြန်မာ့မီးရထားအဆင့်မြှင့်တင်တိုးတက်စေရေး ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မေ ၇**

ပြည်သူလူထု၏ နေ့စဉ်သွားလာ လုပ်ကိုင်ရာတွင် အဓိကမှီခိုအားထား နေရသည့် ရထားပို့ဆောင်ရေး လုပ်ငန်းများ ခေတ်စနစ်နှင့်အညီ တိုးတက်စေရေးအတွက် အဘက် ဘက်မှ နည်းလမ်းရှာဖွေဆောင်ရွက် ပေးလျက်ရှိရာ ဂျပန်နိုင်ငံ မြေယာ အခြေခံအဆောက်အအုံ သယ်ယူပို့ ဆောင်ရေးနှင့် ခရီးသွားလာရေး ဝန်ကြီး Mr. AKIHIRO OHTA ၏ ဖိတ်ကြားချက်အရ ရထားပို့ဆောင် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ကိုယ်စားလှယ်အဖွဲ့ သည် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ဧပြီ ၂၇ ရက်မှ မေ ၂ ရက်အထိ ရထားနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍ လေ့လာရေးခရီး သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းတွင် Samezu Vehicle Registration and Inspection ဌာနသို့ ရောက်ရှိ ရာ တာဝန်ရှိသူများက မော်တော် ယာဉ်များ မှတ်ပုံတင်ခြင်းအဆင့်ဆင့် နှင့် ဌာနခွဲတိုင်းတွင် ကြည့်ရှုစစ်ဆေး နိုင်ရေး ကွန်ရက်စနစ် ဆက်သွယ် ထားရှိမှုတို့အားပြသပြီး ယာဉ်စစ်ဆေး ရေးဌာနသို့ လိုက်လံပြသသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် Japanese National Railways (JNP) က ၁၉၈၇ ခုနှစ်တွင် ပုဂ္ဂလိကကဏ္ဍအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့သည့် Tokyo Freight Terminal Station သို့ ရောက်ရှိပြီး ကုန်သေတ္တာစခန်း အတွက် သယ်ယူပို့ဆောင်ရေးဆောင် ရွက်နေမှုများအား ကြည့်ရှုလေ့လာ သည်။

ရထားစက်ခေါင်းပေါင်း ၆၅၁ စင်း၊ ရထားတွဲပေါင်း ၇၉၀၁ စင်း၊ ကုန်တင် EMU ၄၂ စင်း၊ ကွန်တိန်နာ ၆၁၆၁၄လုံးတို့ဖြင့် လုပ်ငန်းလည် ပတ်လျက်ရှိသည့် ၎င်းကုမ္ပဏီသည် ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကွန်တိန်နာပေါင်း (၂၀ ဒသမ ၅) Million Ton သယ်ယူပို့ဆောင် ပေးနိုင်ခဲ့ပါကြောင်း သိရသည်။ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကွန်တိန်နာစခန်းအတွင်း လက်တွေ့ တင်ပို့နေမှုများကို ကြည့်ရှုလေ့လာ သည်။

ဧပြီ ၂၉ ရက်တွင် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ၂၀၁၄ ခုနှစ် မတ်လက စတင်ပြေးဆွဲခဲ့သည့် သတ္တမ မျိုးဆက် Shinkansen (E7 Series) ကျည်ဆန်ရထားဖြင့် လိုက်ပါစီးနင်း လေ့လာခဲ့ရာ Sakudaira ဘူတာသို့ ရောက်ရှိပြီး ၎င်းမှ DEMU ရထား ဖြင့် ဆက်လက်စီးနင်းလေ့လာခဲ့ သည်။

ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် Nippon Foundation ရုံးသို့ရောက် ပြီး ဥက္ကဋ္ဌဖြစ်သူ Mr. YOHEI SASAKAWA နှင့် တွေ့ဆုံကာ ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်း နှင့်ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်သွားမည့်အခြေအနေများ ကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် JICA ရုံးချုပ်သို့ သွားရောက်ပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် JICA ၏ လုပ်ငန်းများ လျင်မြန်စွာ ပြီးစီးရေးနှင့် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့် မြှင့်တင်ရေးလုပ်ငန်းအပေါ် ဆွေးနွေး ခဲ့သည်။ ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးသည် Hamamatsucho ဘူတာသို့ရောက်ရှိပြီး Tokyo Monorail ရထားအား စီးနင်းလေ့လာ လိုက်ပါ၍ Haneda Airport International Terminal သို့ ရောက်ရှိကာ လေဆိပ်ဧရိယာအတွင်း Monorail တည်ဆောက်ထားမှု များကို ကြည့်ရှုလေ့လာသည်။ ထို့နောက် Keikyu ရထားလိုင်းဖြင့် Shinagawa Station သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် Yamanote မြို့ပတ် ရထားလိုင်းကို လိုက်ပါစီးနင်း လေ့လာခဲ့သည်။

မေ ၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Watanabe နှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် Keisei BRT Bus Company သို့ သွားရောက်၍ BRT ပြေးဆွဲမှု အခြေအနေများအား စီးနင်းလေ့လာခဲ့သည်။ ထိုမှတစ်ဆင့် Yurikamome ဒေသ၏ Automated Guideway Transit ရထားစနစ် ပြေးဆွဲနေမှုနှင့် ဗဟိုထိန်းချုပ်ရေး စနစ်တို့ကို လိုက်လံကြည့်ရှုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် ညနေပိုင်းတွင် ဂျပန်နိုင်ငံ မြေယာအခြေခံအဆောက်အအုံ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာ ရေးဝန်ကြီးဌာန (MLIT) ဝန်ကြီး Mr. AKIHIRO OHTA ၏ ရုံးခန်း သို့ သွားရောက်တွေ့ဆုံ၍ ရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတွင် ဂျပန်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင် ရွက်ရေးမြှင့်တင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထင်သာမြင်သာပြုပြင်စရာ

# စလင်းစည်ပင်သာယာဈေးလမ်း ယာဉ်အန္တရာယ်ကြုံတွေ့နိုင်

မကွေးတိုင်းဒေသကြီး စလင်း မြို့စည်ပင်သာယာဈေး၏ ပင်မအဝင် ပေါက်သည် ယာဉ်သွားလမ်းနှင့်အလွန် နီးကပ်ပြီး လမ်းသွယ်နှစ်ခုနှင့်ပုံမှန် လမ်းတစ်လမ်းရှိပါသည်။ စည်ပင် သာယာပင်မဈေးလမ်းကို ယခင် က ယာဉ်မဝင်ရလမ်းသတ်မှတ်ထား သော်လည်း ယခုအခါစည်းကမ်းထိန်း သိမ်းမှုအားနည်းပြီး ယာဉ်ငယ်များ၊ ခြောက်ဘီးယာဉ်ကြီးများပါ တစ်လမ်း မောင်းမဟုတ်ဘဲ ဈေးလူစည်ချိန်တွင် ရှုပ်ထွေးစွာ သွားလာနေကြပါသည်။

လမ်းများမှာလည်း စံကိုက် မဟုတ်ဘဲ ပေ ၂၀ ခန့်သာကျယ်ဝန်းပါ သည်။ မကြာခဏလည်း ယာဉ်တိုက်မှု များဖြစ်ပွားပါသည်။ ကျောင်းဖွင့်ချိန် ဆိုလျှင် ကျောင်းသား ကျောင်းသူများ ပါမကြာခဏထိခိုက်မှုဖြစ်ကြပါသည်။ အန္တရာယ်ဖြစ်မှ ဆောင်ရွက်ခြင်း ထက် ကြိုတင်ကာကွယ်ခြင်းအတွက် သတိပေးမီးပွိုင့်တပ်ဆင်ပေးနိုင်ပါက ယာဉ်အန္တရာယ်ကင်းဝေးနိုင်ပါသည်။ သို့ပါ၍ မြို့နေလူထုမှ လတ်တလော အနေဖြင့် ယာဉ်အန္တရာယ်မကြုံတွေ့ နိုင်ရေးအတွက် ယာဉ်အသွားအလာ များချိန် သက်ဆိုင်ရာမှ တာဝန်ချထား နိုင်ပါက အဆင်ပြေမည်ဖြစ်ပါ ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ကမ်းရိုးတန်းဒေသ မုန်တိုင်းကြိုတင်သတိပေး သရုပ်ပြလေ့ကျင့်

**ရွှေသောင်ယံ မေ ၇**

ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကမ်းခြေတွင် မေ ၅ ရက်က ကမ်းရိုးတန်းဒေသ မုန်တိုင်းကြိုတင်သတိပေး သရုပ်ပြလေ့ကျင့်ခြင်းကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန DMX၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဦးစီးဌာန RRD၊ ကျေးရွာသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ VTDMC နှင့် အခြားလေ့လာသူများ၊ မိဘပြည်သူများပူးပေါင်း၍ ချောင်းသာကမ်းခြေရှိ စကားဘုရားတောင်သို့တက်ရာလမ်းတစ်လျှောက် သရုပ်ပြမှုများ ပြုလုပ်ခဲ့သည်။

တစ်ချိန်တည်းမှာပင် စကားဝါဘုရားတောင်ဓမ္မာရုံ၌ မုန်တိုင်းကြိုတင်သတိပေးချက်များကို ပြည်သူများလွယ်ကူ စွာ နားလည်သိရှိစေရန် သက်ဆိုင်ရာဌာနဆိုင်ရာများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ်ခွဲ ပြန်/ဆက်)**

ပြည်တွင်းသတင်း

# တောင်ငူခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့်မြေများကို သက်ဆိုင်ရာများထံသို့ ယာယီပြန်လည်လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၇**

မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည့် တောင်ငူခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့်မြေများကို မူလပိုင်ရှင်များထံသို့ ယာယီပြန်လည်လွှဲပြောင်းပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညဏ်ဝင်းက တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် တောင်ငူခရိုင် အုပ်ချုပ်ရေးမှူးက တောင်ငူခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်း တောင်ငူမြို့နယ် ပြန်လည်စွန့်လွှတ်မြေယာများအား ယာယီလုပ်ကိုင်ခွင့်(ပုံစံ-၃)ဖြင့် လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတက ရေတာရှည်မြို့နယ် ပြန်လည်စွန့်လွှတ်မြေယာ ၁၀၂၂ ဒသမ ၃၉ ဧကကို တောင်သူ ၂၅၂ ဦးသို့ လည်းကောင်း၊ တောင်ငူမြို့နယ် ပြန်လည်စွန့်လွှတ်မြေယာ ၃၈၈၁ ဒသမ ၃၉ ဧကကို တောင်သူ ၇၀၇ ဦးသို့လည်းကောင်း၊ ထန်းတပင်မြို့နယ် ပြန်လည်စွန့်လွှတ်မြေယာ ၇၂၇ ဒသမ ၉၁ ဧကကို တောင်သူ ၆၈ ဦးသို့လည်းကောင်း၊ အုတ်တွင်းမြို့နယ် ပြန်လည်စွန့်လွှတ်မြေယာ ၃၇၂ ဒသမ ၅၅ ဧကကို တောင်သူ ၆၄ ဦးသို့ လည်းကောင်း၊ ဖြူးမြို့နယ် ပြန်လည်စွန့်လွှတ်မြေယာ ၄၈၂ ဒသမ ၃၇ ဧကကို တောင်သူ ၈၈ ဦးသို့လည်းကောင်း ယာယီလုပ်ကိုင်ခွင့် (ပုံစံ- ၃)ဖြင့် လွှဲပြောင်းပေးအပ်ရာ တောင်ငူခရိုင်မှ ကိုယ်စားလှယ်တောင်သူများက လက်ခံရယူကြသည်။

ယင်းနောက် မြေယာလက်ခံရရှိသည့် မူလပိုင်ရှင်များကိုယ်စား တောင်သူ ဦးကျော်စိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ယခင်အစိုးရအဆက်ဆက်က အကြောင်းအမျိုးမျိုးကြောင့် မြေသိမ်းဆည်းမှုများ ရှိခဲ့ပါကြောင်း၊ တပ်မတော်၊ တပ်ရင်း/တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် တပ်မြေအဖြစ် သိမ်းဆည်းခြင်း၊ မြို့ပြများ တိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်း၊ စက်မှုဇုန်များ တည်ဆောက်ရေးအတွက် သိမ်းဆည်းခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းများဆောင်ရွက်ရန်အတွက် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များသို့ မြေနေရာချထားပေးခဲ့ခြင်းတို့ကြောင့် တောင်သူများ စိုက်ပျိုးလျက်ရှိသည့် လယ်ယာမြေများ ပါရှိသွားသကဲ့သို့ နိုင်ငံတော်စီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရေးအတွက် သိမ်းဆည်းရာတွင်လည်း လယ်ယာမြေများဆုံးရှုံးသွားခြင်းတို့ကို တွေ့ရှိရပါကြောင်း။

တပ်မြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတက တပ်တည်ဆောက်ရန် တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားသည့် မြေများကို သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ရန်၊ တပ်၊ ဌာနချုပ်များ၏လုံခြုံရေး လိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်း လိုအပ်ချက်များအတွက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးမြေဧရိယာအကျယ်အဝန်းကိုသာရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်များထံပြန်လည်ပေးအပ်နိုင်ရန် မူဝါဒချမှတ်ပေးခဲ့ပါကြောင်း။

ထို့အပြင် သိမ်းဆည်းခံမြေယာကိစ္စများ အမြန်ပြီးပြတ်အောင် ဖြေရှင်းနိုင်ရေးအတွက် ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် စုစုပေါင်း အဖွဲ့ဝင် ၄၂ ဦးဖြင့် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီကို လည်းကောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်ကိုလည်းကောင်း ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးခဲ့ပါကြောင်း၊ ဤသို့ ကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ

ဒုတိယသမ္မတဦးညဏ်ထွန်း ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အဆင့်မြင့်စံပြစက်မှုလယ်ယာ ဧက (၂၀၀၀) စိုက်ကွင်းတွင် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဥက္ကဋ္ဌကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတွင် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် တရားဝင်ဖွဲ့စည်းထားသည့် လယ်ယာထုတ်ကုန်သမဝါယမအသင်းများမှ ကိုယ်စားလှယ်တို့ကိုလည်းကောင်း အဖွဲ့ဝင်အဖြစ် ထည့်သွင်း ဖွဲ့စည်းထားကြောင်း။

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် သိမ်းဆည်းမြေများနှင့်ပတ်သက်ပြီး သိမ်းဆည်းထားသည့်မြေပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် မြေအမှန်တကယ် အသုံးချမှုကို စိစစ်ရန်၊ သိမ်းဆည်းထားသောမြေများကို ဒေသစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအတွက် အကျိုးရှိစွာ အသုံးချမှုရှိ/မရှိ စိစစ်ရန်၊ မြေဧကများစွာ လွှဲပြောင်းရယူထားသော်လည်း လုပ်ငန်းအကောင်အထည်ဖော်ခြင်းမရှိဘဲ အကျိုးမဲ့ဖြစ်နေမှုများကို စိစစ်ရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမဲ့ဖြစ်နေသည့် သိမ်းဆည်းမြေများကို ဆိုင်ရာသိမ်းဆည်းထားသော ဌာနနှင့်အဖွဲ့အစည်းများက ပြန်လည်စွန့်လွှတ်စေပြီး မူလပိုင်ရှင်အစစ်အမှန်များသို့ မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စိစစ်လွှဲပြောင်းပေးရန်၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားပြီး လက်တွေ့တွင်လည်း နိုင်ငံတော်နှင့်အများပြည်သူအကျိုးငှာ အမှန်တကယ် ထိရောက်စွာအသုံးပြုနေသည့်မြေများကို ဆိုင်ရာဌာနများက စွန့်လွှတ်ခြင်းမပြုဘဲ လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ဆောင်ရန် မူဝါဒချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါမူဝါဒများချမှတ် ဆောင်ရွက်ခဲ့သဖြင့် သိမ်းဆည်းခဲ့သည့် ဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြန်လည်စွန့်လွှတ်သောမြေများနှင့် ပတ်သက်ပြီး သက်ဆိုင်သူများလက်ဝယ် အမြန်ဆုံး ရောက်ရှိရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများက အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း-

(က) အသုံးချခွင့်ရှိခဲ့ကြောင်း စာရွက်စာတမ်း သက်သေခံအထောက်အထား ခိုင်လုံစွာ ပြသနိုင်သောသူများအား ၂၀၁၄ ခုနှစ် ဇွန်လ ၃၀ ရက်အပြီး ယာယီပြန်လည်လွှဲပြောင်းပေးပြီး လုပ်ကိုင်ခွင့်ပြုရန်နှင့် အသုံးချပိုင်ခွင့်အမည်ပေါက်ရရှိရေးအတွက် ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ရုံးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အတွင်း အပြီးဆောင်ရွက်ရန်၊

(ခ) အကြောင်း အမျိုးမျိုးကြောင့် သက်သေခံ အထောက်အထား မပြနိုင်သော်လည်း အများက ကြည်ညိုလေးစားသည့် ရပ်မိရပ်ဖများ၏ ထွက်ဆိုထောက်ခံချက်များဖြင့် အသုံးချပိုင်ခွင့်ရှိကြောင်း သက်သေထင်ရှားပြနိုင်ပါက ၂၀၁၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အပြီး ယာယီပြန်လည် လွှဲပြောင်းပေးပြီး ကာလအပိုင်းအခြား သတ်မှတ်လုပ်ကိုင်ခွင့်ပြုရန်နှင့် လွှဲပြောင်းခံရသူ အသုံးချပိုင်ခွင့် အမည်ပေါက်ရန်အတွက် ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စိစစ်ပြီး ရုံးပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အတွင်း အပြီးဆောင်ရွက်ရန်။

ဤလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တရားနည်းလမ်းကျခြင်း၊ မျှတမှုရှိခြင်း၊ မလျော်ဩဇာသုံးစွဲမှုမရှိဘဲ လွတ်လပ်မှုရှိခြင်းဟူသော အခြေခံများကို ကိုင်စွဲကျင့်သုံးရန်လည်း မှာကြားပြီးဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအတွင်း မြေဧရိယာ ၆၄၈၆ ဒသမ ၆၁ ဧကကို ပြန်လည်စွန့်လွှတ်သွားမည်ဖြစ်ပြီး လယ် ၁၉၈၂ ဒသမ ၁၈ ဧက၊ ယာ ၉၉၀ ဒသမ ၈၄ ဧက၊ ကိုင်း/ကျွန်း ၅ ဒသမ ၃၀ ဧက နှင့် မြေလွတ်မြေရိုင်း ၃၅၀၈ ဒသမ ၂၉ ဧကကို သက်ဆိုင်သူ ၁၁၇၉ ဦးသို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ပေးအပ်ရန်ကျန်သည့်စွန့်လွှတ်မြေများကိုလည်း အမြန်ဆုံးပေးအပ်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်က ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကျန်နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများအနေနှင့်လည်း ပြန်လည်စွန့်လွှတ်မည့်မြေများကို သက်ဆိုင်သူများထံ ပေးအပ်သွားရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် ဒေသခံ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ခပေါင်းဆည်ရေသောက်စနစ် အဆင့်မြင့် လယ်ယာမြေဧက ၂၀၀၀ စိုက်ကွင်းအတွင်းရှိ တောင်ငူမြို့နယ် ဆင်ဆိပ်ကျေးရွာ အဆင့်မြင့် လယ်မြေဧက ၂၀၀ ကို ကြည့်ရှု၍ ဒေသခံများအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာ ပုလဲသွယ်ဧက ၂၀၀ မျိုးစေ့ထုတ်စိုက်ကွင်း ယာယီမဏ္ဍပ်တွင် တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

တောင်ငူခရိုင်အတွင်း ပြန်လည်စွန့်လွှတ်သည့် မြေယာများကို ပြန်လည်လက်ခံရရှိသည့် မူလလယ်ယာမြေပိုင်ရှင်များ၏ ရင်တွင်းစကားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဦးခင်အောင်၊ တောင်သူ၊ ကျော်လှစုကျေးရွာ၊ ဖြူးမြို့နယ်

ဦးဆန်းမြင့်၊ ရွာပုကုန်းကျေးရွာ၊ တောင်ငူမြို့နယ်

ဦးသိန်းဇော်ဝင်း၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး

**ဦးခင်အောင်၊ တောင်သူ၊ ကျော်လှစုကျေးရွာ၊ ဖြူးမြို့နယ်**

အရင်သိမ်းဆည်းခံခဲ့ရတုန်းက ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ရသမျှ အခုသိမ်းဆည်းခံထားရတဲ့ ကျွန်တော်တို့ လယ်ယာမြေတွေပြန်ရမယ်ဆိုတော့ ကျွန်တော်အရမ်းဝမ်းသာပါတယ်။

**ဦးဆန်းမြင့်၊ ရွာပုကုန်းကျေးရွာ၊ တောင်ငူမြို့နယ်**

ကျွန်တော်တို့ လယ်ယာမြေတွေကို သိမ်းဆည်းခံခဲ့ရပြီး အဲဒီမြေယာတွေမှာပဲ အခစားအဖြစ်ပြန်လုပ်ကိုင်ခဲ့ရတယ်။ အခု ကျွန်တော်တို့ ဒီလယ်ယာမြေတွေကို ပြန်ပေးအပ်မယ်ဆိုတော့ မိဘကနေ သားသမီးကို အမွေပေးအပ်တယ်လို့ ခံယူတယ်၊ ဝမ်းသာတယ်ဗျာ။

**မရွှေစာ၊ တောင်သူ၊ ရွာပုကုန်းကျေးရွာ**

ကျွန်မတို့ မြေယာတွေသိမ်းဆည်းခံရစဉ်က ဒုက္ခတွေရောက်ခဲ့ပေမယ့် အခုတော့ ကျွန်မရင်ထဲပြောမပြတတ်အောင် ဝမ်းသာနေပါတယ်။ ကျွန်မနဲ့အတူ ဒီကတောင်သူလယ်သမားတွေအားလုံးကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်။

**ဦးသိန်းဇော်ဝင်း၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး**

သိမ်းဆည်းခံရတဲ့မြေယာတွေကို လယ်ယာမြေ စုံစမ်းရေးကော်မရှင် အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)မှာပါတဲ့အတိုင်း တိုင်းဒေသကြီးအစိုးရက တစ်ဆင့်ခရိုင်၊ ခရိုင်ကနေတစ်ဆင့် မြို့နယ် မြေအသုံးချကို ကွင်းဆင်းစစ်ဆေးဖို့ စိစစ်ထားတဲ့အခြေအနေနဲ့ ပတ်သက်ပြီး သက်ဆိုင်တဲ့ တောင်သူတွေကို အမြန်ပေးအပ်နိုင်ရေး ညွှန်ကြားထားတာရှိပါတယ်။ ဒီညွှန်ကြားချက်ရရှိတာနဲ့ တစ်ပြိုင်တည်း ကျွန်တော်ဟာ မြို့နယ်မြေအသုံးချမှု ကော်မတီဥက္ကဋ္ဌအနေနဲ့ ကော်မတီအဖွဲ့ဝင်တွေ၊ အဖွဲ့တွေဖွဲ့ပြီး ကွင်းဆင်းစိစစ်ပြီး ဒီအခမ်းအနားမှာ သက်ဆိုင်ရာတောင်သူတွေကို ပေးအပ်တဲ့အခြေအနေဖြစ်ပါတယ်။

**(သတင်းစဉ်)**

နိုင်ငံတကာသတင်း

## တောင်ကိုရီးယား သင်္ဘောနစ်မြုပ်မှု သေဆုံးသူ ၂၆၉ ဦးအထိရှိလာ

**ဒင်ဒို(တောင်ကိုရီးယား) မေ ၇**

တောင်ကိုရီးယား ရေငုပ်သမားများက နစ်မြုပ်သွားသော ကူးတို့သင်္ဘောမှ ရုပ်အလောင်းများကို ဒီရေကျသွားချိန် ဆယ်ယူလျက်ရှိရာ သေဆုံးသူ အရေအတွက်မှာလည်း ၂၆၉ ဦးအထိ တိုးလာကြောင်း ဗုဒ္ဓဟူးနေ့က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂၂ ရက်ကြာ ရေငုပ်ရှာဖွေခဲ့ပြီးနောက် ၂၆၉ ဦးအထိ သေဆုံးကြောင်း အတည်ပြုနိုင်ခဲ့သည်။ အခြား ၃၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ဧပြီ ၁၆ ရက်က အဆိုပါ သင်္ဘောမှ လူပေါင်း ၁၇၄ ဦးအား ကယ်တင်ခဲ့ပြီး အသက်ရှင်သူ မတွေ့ရဟု သတင်းများက ဖော်ပြသည်။

၆၈၂၅ တန်ရှိ ဆေဝေါအမည်ရှိ အဆိုပါ သင်္ဘောသည် ဂျင်ဒိုကျွန်းကမ်းလွန်၌ နစ်မြုပ်ခဲ့သည်။ သင်္ဘောပေါ်လိုက်ပါသွားသည့် ခရီးသည် ၄၇၆ ဦးအနက် သုံးပုံနှစ်ပုံမှာ ဆိုးလ်မြို့တောင်ပိုင်းအင်ဆန်မြို့ရှိ ဒန်းဝန်းအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ ဖြစ်ကြသည်။

ရေငုပ်သမားများက သင်္ဘောအိပ်ခန်းများ၊ ရေအိမ်နှင့် စားသောက်ဆိုင်ကဲ့သို့သော နေရာများတွင် တစ်ဖန် ဝင်ရောက်ရှာဖွေရန် စီစဉ်လျက်ရှိသည်။ **(ဆင်ဟွာ)**

## ထိုင်းဝန်ကြီးချုပ်ရင်လတ်အား အာဏာအလွဲသုံးစားမှုဖြင့် ရာထူးမှနုတ်ထွက်ရန်တရားရုံးက အမိန့်ချမှတ်

**ဗန်ကောက် မေ ၇**

ထိုင်းဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်ထရာအား အာဏာအလွဲသုံးစားမှုဖြင့် ရာထူးမှနုတ်ထွက်ရန် ထိုင်းတရားရုံးက အမိန့်ချမှတ်လိုက်ပြီဖြစ်သည်။

အဆိုပါ ဖွဲ့စည်းပုံဆိုင်ရာတရားရုံးက မစ္စရင်လတ်အနေဖြင့် ၎င်း၏ လုံခြုံရေးအရာရှိချုပ်အား ခိုင်လုံသော အကြောင်းပြချက် မရှိဘဲရာထူးပြောင်းရွှေ့ခဲ့ခြင်းမှာ ဥပဒေနှင့် မညီ၊ တရားမျှတမှုမရှိဟုဆိုကာ ဆုံးဖြတ်ချက်ချခဲ့သည်ဟုဆိုသည်။ ၎င်းတရားရုံးက ဝန်ကြီးကိုးဦးကိုလည်း ရာထူးမှ ဖယ်ရှားခဲ့သည်ဟု ဆိုသည်။ ကျန်ရှိဝန်ကြီးအဖွဲ့ကို ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဘွန်ဆောင်ပိုင်ဆန်က ယာယီဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများသည် ၂၀၁၃ ခုနှစ်နိုဝင်ဘာလကတည်းကမစ္စရင်လတ်အား ရာထူးမှဆင်းပေးရန် တောင်းဆိုခဲ့ကြသည်။

ကျေးလက်ဒေသ၏ ထောက်ခံမှုရနိုင်သည်ဆိုသည့် မျှော်လင့်ချက်ဖြင့် မစ္စရင်လတ်သည် ဖေဖော်ဝါရီလက ရွေးကောက်ပွဲအမြန်ကျင်းပရန် တိုက်တွန်းဆော်သြခဲ့သည်။ သို့သော်လည်း ဆန္ဒပြသူများက မဲရုံများကို နှောင့်ယှက်ခဲ့၍ နောက်ပိုင်းတွင် ရွေးကောက်ပွဲကို ဖျက်သိမ်းခဲ့ရသည်။

တရားရုံးအနေဖြင့် ဘက်လိုက်ဆုံးဖြတ်ခဲ့သည်ဟု မစ္စရင်လတ်ထောက်ခံသူများက ယုံကြည်ထားသည်။ အင်္ဂါနေ့က ဝန်ကြီးချုပ်ရင်လတ်သည် ၂၀၁၁ ခုနှစ်က လုံခြုံရေးအရာရှိချုပ် တာဝီလ်ပီလင်ဆရီအားရာထူးရွှေ့ပြောင်းမှုဖြင့် စွပ်စွဲထားသောအမှုများအပေါ် ခုခံချေပရန် တရားရုံးသို့ လာရောက် အစစ်ဆေးခံခဲ့သည်။ "ကျွန်မအနေနဲ့ စွပ်စွဲချက်ကို ငြင်းပယ်ပါတယ်။ ကျွန်မဘယ်ဥပဒေကိုမှ မချိုးဖောက်ပါဘူး" ဟု မစ္စရင်လတ်က ပြောသည်။

၎င်းအား တရားရုံးက ရာထူးမှ ဖယ်ရှားလိုက်သဖြင့် သူမကို ထောက်ခံသော ရှပ်နီများက ဆန္ဒပြပွဲပြုလုပ်ရန် စီစဉ်နေကြောင်း သိရသည်။ **(ဘီဘီစီ)**

## တရုတ်ရေလုပ်သားများ ဖိလစ်ပိုင်အနီး ပြန်ပေးဆွဲခံရ

**ပေကျင်း မေ ၇**

တရုတ်ရေလုပ်သား ၁၁ ဦးသည် တောင်တရုတ်ပင်လယ်အတွင်း ဖိလစ်ပိုင်နိုင်ငံနှင့် မလေးရှားမှ မလှမ်းမကမ်း၌ သေနတ်သမားများ၏ ကြားဖြတ်တိုက်ခိုက်ခံရပြီး အဆက်အသွယ်ပြတ်တောက်သွားကြောင်း တရုတ်နိုင်ငံပိုင်သတင်းဌာန ဆင်ဟွာက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ငါးဖမ်းရေလုပ်သားများသည် ကျင်ကျင်ဟိုင်းငါးဖမ်းသင်္ဘောနှင့် အတူလိုက်ပါသွားစဉ် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က အမည်မသိ သေနတ်သမားများက ကြားဖြတ်ပြန်ပေးဆွဲသွားကြောင်း တရုတ်တောင်ပိုင်း ဟိုင်နန်ကျွန်းစု ကျင်ဟိုင်းငါးဖမ်းအသင်း၏ ပြောကြားချက်ကို ကိုးကားပြီး ဆင်ဟွာက ဖော်ပြသည်။

ယင်းရေပိုင်နက်သည် ဖိလစ်ပိုင်နိုင်ငံ ပါလာဝမ်ကျွန်းစုမှ မိုင် ၆၀ခန့်သာ ဝေးသည်ဟု ဆိုသည်။ သေနတ်သမားအချို့က အဆိုပါ ငါးဖမ်းသင်္ဘောပေါ် ဇွတ်အတင်းတက်လာပြီး သေနတ်များဖြင့် လေထဲသို့ လေးငါးချက်ပစ်ဖောက်ခဲ့ပြီး သင်္ဘောကို ပြန်ပေးဆွဲသွားကြောင်း ဆင်ဟွာက ဖော်ပြသည်။ ကျင်ဟိုင်းအစိုးရက ရေလုပ်သားများအား ကယ်ဆယ်ရေးရေယာဉ်များနှင့် လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ပြန်ပေးဆွဲခံရသော နိုင်ဂျီးရီးယားကျောင်းသူများ ကယ်တင်ရန် အမေရိကန်က ကျွမ်းကျင်အဖွဲ့တစ်ဖွဲ့ နိုင်ဂျီးရီးယားသို့စေလွှတ်

**ဝါရှင်တန် မေ ၇**

နိုင်ဂျီးရီးယားနိုင်ငံတွင် လွန်ခဲ့သည့်လက ဘိုကိုဟာရမ်စစ်သွေးကြွများ ပြန်ပေးဆွဲသွားခဲ့သော ကျောင်းသူ ၂၀၀ ကျော်ကို ရှာဖွေကယ်ဆယ်ရန် အမေရိကန်ကျွမ်းကျင်အဖွဲ့တစ်ဖွဲ့ကို နိုင်ဂျီးရီးယားသို့ စေလွှတ်လိုက်သည်။ အဆိုပါအဖွဲ့တွင် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များ၊ ဥပဒေရေးရာကျွမ်းကျင်သူများနှင့် အခြားသောအေဂျင်စီများ ပါဝင်ကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားက ပြောသည်။

အဆိုပါ ပြန်ပေးဆွဲမှုသည် ဘိုကိုဟာရမ်ကို နိုင်ငံတကာက အရေးယူဆောင်ရွက်ရန် အကြောင်းတရားကို ဖြစ်စေကြောင်းလည်း အိုဘားမားက ပြောသည်။

စောစောပိုင်းက နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းမှ ကျောင်းသူရှစ်ဦးထက်မနည်း သံသယရှိ စစ်သွေးကြွများက ထပ်မံပြန်ပေးဆွဲသွားကြောင်း သတင်းပေါ်ထွက်ခဲ့သည်။ အဆိုပါ နောက်ဆုံးပြန်ပေးဆွဲမှု ဖြစ်ရပ်သည် တနင်္ဂနွေနေ့ညက ဘော်နိုပြည်နယ် ဝါရာဘီကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပြန်ပေးဆွဲခံရသော မိန်းကလေးများသည် အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်များ ဖြစ်သည်ဟု ဆိုသည်။

တနင်္လာနေ့တွင် ဘိုကိုဟာရမ်ခေါင်းဆောင် အဘူဘာကာရှီကောက ဧပြီ ၁၄ ရက်တွင် ဘော်နိုပြည်နယ် ကျောင်းများမှ ဖမ်းဆီးခေါ်ဆောင်လာသော မိန်းကလေး ၂၃၀ ကို ရောင်းစားသွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။

အမေရိကန်က အဆိုပါကိစ္စနှင့် ပတ်သက်၍ နိုင်ဂျီးရီးယားအစိုးရကို ကူညီပေးရန် ကမ်းလှမ်းခဲ့ရာလက်ခံလိုက်ပြီဖြစ်ကြောင်း မစ္စတာအိုဘားမားက အင်္ဂါနေ့တွင် အတည်ပြုပြောကြားသည်။ မိမိတို့အနေဖြင့် နိုင်ဂျီးရီးယားသို့ စစ်ဘက်ဆိုင်ရာအဖွဲ့အပါအဝင် အဖွဲ့တစ်ဖွဲ့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း၊ မိန်းကလေးများရှိမည့်နေရာကို ရှာဖွေကယ်တင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ **(ဘီဘီစီ)**

## ဩစတြေးလျအနောက်ပိုင်း၌ ငါးမန်းအကောင် ၁၇၀ ကျော်ဖမ်းဆီး ကမ်းခြေခရီးသွားများအား ကာကွယ်ပေးခြင်းဖြစ်

**ဆစ်ဒနီ မေ ၇**

ဩစတြေးလျနိုင်ငံအနောက်ပိုင်း၌ အငြင်းပွားဖွယ် ငါးမန်းများရွေးချယ်ဖမ်းဆီးရေးမူအရ ငါးမန်းကောင်ရေ ၁၇၀ ကျော်ကို ဖမ်းဆီးလိုက်သည်။

ဩစတြေးလျနိုင်ငံအနောက်ပိုင်း ကမ်းခြေခုနစ်ခုတွင် ဇန်နဝါရီလမှ ဧပြီလအထိ စမ်းသပ်မှု၏ အစိတ်အပိုင်းအဖြစ် ငါးမန်းများ မဝင်ရောက်နိုင်ရေး ရေပြင်နယ်နိမိတ်သတ်မှတ်ထားခဲ့သည်။ ယင်းကန့်သတ်ရေပြင်အတွင်း ဝင်ရောက်လာသော ငါးမန်းများကို ဖမ်းဆီးခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။ အကြီးဆုံး ငါးမန်း အကောင် ၅၀ ကို သတ်ဖြတ်ဖျက်ဆီးပစ်ခဲ့သည်။

ငါးမန်းတိုက်ခိုက်မှုကြောင့် လူခြောက်ဦးသေဆုံးပြီး လူသားစားနိုင်သည့် ငါးမန်းအကြီးများ ဖမ်းဆီးရေးမူဝါဒသည် မရှိမဖြစ် လိုအပ်ကြောင်း အာဏာပိုင်တို့က ဆိုသည်။

အဆိုပါ ငါးမန်းကြီးများ ဖမ်းဆီးရေးမူဝါဒ အောင်မြင်ခဲ့လျှင် ကမ်းခြေအပန်းဖြေခရီးသွားများ ပြန်လည်လာရောက်လိမ့်မည်ဟု ယုံကြည်ကြောင်း ဩစတြေးလျအစိုးရက ပြောသည်။

ယင်းစီမံချက်ကို သုံးနှစ်ထက်မနည်း ဆက်လက်ပြုလုပ်သွားမည်ဟု ဆိုသည်။ ယင်းနည်းလမ်းမှာ ဩစတြေးလျကမ်းခြေများသို့ ရေကူးရန် လာရောက်ကြသော ခရီးသွားများအား ကာကွယ်ပေးရန် အကောင်းဆုံးဖြစ်ကြောင်း ဩစတြေးလျအနောက်ပိုင်း ရေလုပ်ငန်းဝန်ကြီး ကင့်ဘတ်စ်တန်က ပြောသည်။ **(ဘီဘီစီ)**

သတင်းဆောင်းပါး

# အားလုံးအဆင်သင့်

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို နေပြည်တော်၌ မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပပေတော့မည်။ အာဆီယံအဖွဲ့ကြီးတည်ထောင်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း ယင်းထိပ်သီးအစည်းအဝေးကြီးကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခွင့်ရရှိခြင်းဖြစ်သည်။ ယင်းသို့ ကျင်းပခွင့်ရသည့် အားလျော်စွာ အစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများက ဦးထမ်းပွဲထမ်း ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

ယခုအခါ အစည်းအဝေးကျင်းပရန် ရက်နီးကပ်လာသည်နှင့်အမျှ ပြင်ဆင်မှုအားလုံးသည်လည်း ပြီးစီးကာအစည်းအဝေးအောင်မြင်ရေးအတွက် အသင့်ဖြစ်နေပေပြီ။ ထိပ်သီးအစည်းအဝေးကြီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-1)တွင် ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကျင်းပမည့် အစည်းအဝေးခန်းမကြီးများ၊ ကြိုဆိုညစာစားပွဲနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပမည့်ခန်းမကြီး၊ ဧည့်တွေ့ခန်းမများနှင့်နားနေခန်းများ စသည့်ခန်းမများမှာ အစည်းအဝေးနှင့်အခမ်းအနားများ ကျင်းပရန် အဆင်သင့်ပြင်ဆင်ပြီးဖြစ်သည်။ ထို့အတူ အစည်းအဝေးတက်ရောက်မည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့အကြီး

ဦးအောင်ဇော်ဝင်း
ညွှန်ကြားရေးမှူးချုပ်

ဦးမိုက်အောင်မြင့်ထွန်း
အထွေထွေမန်နေဂျာ

Mr. Nilzam Hamid
Rooms Division Manager

ဦးအောင်ကြီး
အထွေထွေမန်နေဂျာ

ဦးသန်းထင်အောင်
လက်ထောက်အထွေထွေမန်နေဂျာ

အကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်ကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေးအတွက်လည်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဟိုတယ်များက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်သို့ သွားရောက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့သည်။

**ဦးအောင်ဇော်ဝင်း**
**ညွှန်ကြားရေးမှူးချုပ်**
**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ဧည့်သည်အနေနဲ့နိုင်ငံကိုးနိုင်ငံကလာရောက်ကြမှာပါ။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကလည်းလာပါမယ်။ စုစုပေါင်းအားလုံး ၁၀ ဖွဲ့တည်းခိုကြမှာပါ။ လာရောက်တဲ့သူတွေတည်းခိုနိုင်ဖို့အတွက် ထိပ်သီးအစည်းအဝေးကျင်းပမယ့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC-1)ရဲ့ ဝန်းကျင်မှာ ဟိုတယ် ၁၀ လုံးတည်ဆောက်ခဲ့ပါတယ်။ အစည်းအဝေးကို တက်ရောက်မယ့် နိုင်ငံ့ခေါင်းဆောင်ကြီးတွေ အစည်းအဝေးခန်းမကို နှစ်မိနစ်အတွင်း အရောက်သွားနိုင်တဲ့နေရာတွေမှာ တည်ဆောက်ထားတာဖြစ်ပါတယ်။

ဧည့်သည်ကိုးနိုင်ငံက တက်ရောက်လာမယ့်သူတွေတည်းခိုနိုင်ဖို့ အခန်းတွေ လုံလုံလောက်လောက် စီစဉ်ထားပြီး ဖြစ်ပါတယ်။ နိုင်ငံ့အလိုက်တည်းခိုမယ့် ဧည့်ဂေဟာတွေရဲ့ တည်ဆောက်ထားမှုကို အကြမ်းဖျင်းပြောရရင် ဧည့်ဂေဟာတစ်ခုမှာ အဆောင်(၄)ဆောင်စီပါရှိပါတယ်။ တစ်ဆောင်ကို အခန်း ၄၀ လောက်ရှိပါတယ်။ လေးဆောင်ဆိုတော့ ပျမ်းမျှအခန်း ၁၆၀၊ ဒါမှမဟုတ် ၁၈၀ ဝန်းကျင်ရှိကြပါတယ်။ အဲဒီအဆောင်တွေမှာ နိုင်ငံတော်အကြီးအကဲတည်းခိုနိုင်တဲ့ အခန်းကြီးတွေပါပါတယ်။ ဒီအခန်းကြီးတွေမှာ အိပ်ခန်း၊ ထမင်းစာခန်း၊ ကိုယ်ပိုင်ဧည့်ခန်း၊ အစည်းအဝေးခန်း၊ မီးဖိုခန်း၊ အားကစားလေ့ကျင့်ဖို့အတွက် Fitness အခန်းစတဲ့ အခန်းတွေ ပါပါတယ်။ နောက်သူ့ရဲ့ကိုယ်ရေးအရာရှိတို့၊ လုံခြုံရေးတို့ အနီးကပ်တည်းခိုနိုင်ဖို့ကိုလည်း အခန်းဖွဲ့စည်းထားပြီးသားပါ။ ကျန်တဲ့အခန်းတွေမှာ ဝန်ကြီးတွေ၊ အဆင့်မြင့်အရာရှိကြီးတွေနဲ့ ကိုယ်စားလှယ်တွေလည်း တည်းနိုင်ပါတယ်။ နိုင်ငံကိုးနိုင်ငံက နိုင်ငံ့ခေါင်းဆောင်တွေနဲ့ကိုယ်စားလှယ်တွေ စုစုပေါင်း ၇၀၀ ကျော် တည်းခိုကြမှာဖြစ်ပါတယ်။

ဒီဟိုတယ် ၁၀ လုံးအနက် ရှစ်လုံးမှာ နိုင်ငံ ရှစ်နိုင်ငံက ခေါင်းဆောင်တွေနဲ့ကိုယ်စားလှယ်တွေ တည်းခိုဖို့စီစဉ်ထားပါတယ်။ ကမ္ဘောဒီးယားနိုင်ငံနဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့က Royal President မှာ အခန်း ၄၂ ခန်း၊ အင်ဒိုနီးရှားနိုင်ငံက Royal ACE မှာ အခန်း ၆၀၊ လာအိုနိုင်ငံက နွယ်သာကီဟိုတယ်မှာ ၃၂ ခန်း၊ မလေးရှားနိုင်ငံက Grand Amara မှာ ၇၁ ခန်း၊ ဖိလစ်ပိုင်နိုင်ငံက Horizon Lake Viewမှာ ၃၂ ခန်း၊ စင်ကာပူနိုင်ငံက Park Royalမှာ ၆၅ ခန်း၊ ထိုင်းနိုင်ငံက ရွှေစံအိမ်ဟိုတယ်မှာ အခန်း ၈၀၊ ဗီယက်နမ်နိုင်ငံက The Lake Garden မှာ အခန်း၆၀ မှာယူထားပါတယ်။ ဘရူနိုင်းနိုင်ငံကတော့ ဧည့်ဂေဟာတွေဘက်မှာမဟုတ်ဘဲ ရွှေနန်းတော်ဟိုတယ်မှာ တည်းခိုမှာဖြစ်ပါတယ်။ ဧည့်သည်တော်တွေ တည်းခိုမှာက စုစုပေါင်းအခန်း ၅၂၄ ခန်းပါ။ ကျွန်တော်တို့ပြင်ဆင်ထားတာက အခန်းပေါင်း ၉၀၀ ကျော်ပါ။ ဒါကြောင့် အခန်းတွေ လုံလောက်ပါတယ်။

နောက်ပြီး နှစ်ကုန်ပိုင်းမှာကျင်းပမယ့် အာဆီယံဆမ်းမစ်ကြီးမှာတော့ အာဆီယံနိုင်ငံတွေအပြင် ဆွေးနွေးဖက်နိုင်ငံတွေပါ တက်ရောက်မှာဖြစ်တဲ့အတွက် စုစုပေါင်းနိုင်ငံ ၂၀ လောက်တက်ရောက်မှာဖြစ်ပါတယ်။ အဲဒီအတွက်လည်း နိုင်ငံတော်ဧည့်ဂေဟာဘက်က ဟိုတယ်တွေမှာ အခန်းပေါင်း ၁၈၀၀ ကျော် စီစဉ်ထားပါတယ်။

လာရောက်မယ့်နိုင်ငံတွေအတွက် ဟိုတယ်တွေစီစဉ်ပေးရာမှာ ပထမဦးစွာ ကျွန်တော်တို့က ဟိုတယ်တွေလျာထားမှုကို သက်ဆိုင်ရာနိုင်ငံတွေဆီ အကြောင်းကြားပါတယ်။ ပြီးခဲ့တဲ့သင်္ကြန်အကြတ်နေ့မှာပဲ သက်ဆိုင်ရာနိုင်ငံတွေမှ ရှေ့ပြေးအဖွဲ့တွေက ဟိုတယ်တွေကိုလာကြည့်ပါတယ်။ သူတို့စိတ်ကြိုက်လေ့လာပြီးတော့ ကျွန်တော်တို့စီစဉ်ပေးတာကို သဘောကျလက်ခံခဲ့ကြပါတယ်။

အစည်းအဝေးကို တက်ရောက်သတင်းရယူမယ့် မီဒီယာတွေအတွက်လည်း ဟိုတယ်သုံးလုံးစီစဉ်ထားပါတယ်။ မန်းမြန်မာ၊ Sky Palace နဲ့ မင်္ဂလာသီရိဟိုတယ်တွေပါ။ ပြည်တွင်း ပြည်ပမီဒီယာ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်သတင်းရယူမယ်လို့ စာရင်းရရှိထားပါတယ်။

**ဦးမိုက်အောင်မြင့်ထွန်း**
**အထွေထွေမန်နေဂျာ၊ ရွှေနန်းတော်ဟိုတယ်**

ကျွန်တော်တို့ဟိုတယ်က နေပြည်တော်မှာ နိုင်ငံ့ခေါင်းဆောင်တွေအများဆုံးလာရောက်တည်းခိုတဲ့ ဟိုတယ်ပါ။ ဂျာမနီသမ္မတ၊ အိန္ဒိယဝန်ကြီးချုပ်၊ မလေးရှားနဲ့အင်ဒိုနီးရှားကခေါင်းဆောင်တွေ၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီဘလဲ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ လာရောက်တည်းခိုဖူးပါတယ်။ ထိုင်းနဲ့မလေးရှားကာကွယ်ရေးဦးစီးချုပ်တွေလည်း တည်းခိုခဲ့ပါတယ်။

ဘရူနိုင်းဘုရင်ကြီးလည်း ပြီးခဲ့တဲ့မတ်လက ချစ်ကြည်ရေးခရီးလာတုန်းက တည်းခိုခဲ့ပါတယ်။ တည်းခိုစဉ်မှာ အစစအရာရာ အဆင်ပြေတဲ့အတွက် ယခုလာရောက်တဲ့အခါမှာလည်း ကျွန်တော်တို့ဟိုတယ်မှာပဲ တည်းခိုမယ်ဆိုပြီး ရွေးချယ်ခဲ့တာကြောင့် အများကြီးဂုဏ်ယူမိပါတယ်။ ဘုရင်ကြီးဟာ ဟိုတယ်လုပ်ငန်းဆိုင်ရာမှာ ကျွမ်းကျင်သူတစ်ယောက်ဖြစ်တဲ့အတွက် သူ့ရဲ့ရွေးချယ်မှုခံရခြင်းဟာ တန်ဖိုးမဖြတ်နိုင်ပါဘူး။ အခုသူတို့ဆီက ကိုယ်စားလှယ်အချို့လာရောက်ပြီး တည်းခိုနေထိုင်ရေးအတွက် စီစဉ်နေပါတယ်။ သူတို့ဘက်က တောင်းဆိုတာတွေကို ကျွန်တော်တို့က ပြေလည်အောင်စီစဉ်ပေးနေပါတယ်။ အဓိကကတော့အစားအသောက်ပါ။ သူတို့ ဘာသာရေးနဲ့အညီ စားသောက်နိုင်ဖို့အတွက် မလေးရှားက အချက်အပြုတ်ကျွမ်းကျင်သူတွေကို ခေါ်ပေးထားပါတယ်။ နံနက်စာ၊နေ့လယ်စာ၊ ညစာနဲ့ ညလယ်စာတွေကို သူတို့တောင်းဆိုတဲ့အတိုင်း စီစဉ်ပေးမှာပါ။ ဘုရင်ကြီးနဲ့ Delegate တွေအားလုံးအတွက် အခန်းပေါင်း ၈၂ ခန်း စီစဉ်ပေးထားပါတယ်။ အားလုံးတည်းခိုနေထိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။

**Mr. Nilzam Hamid**
**Rooms Division Manager**
**Horizon Lake View Resort**

ကျွန်တော်တို့ဟိုတယ်မှာ ဖိလစ်ပိုင်သမ္မတကြီးနဲ့ ကိုယ်စားလှယ်အဖွဲ့လာရောက်တည်းခိုမှာဖြစ်ပါတယ်။ တည်းခိုမယ့်အခန်းတိုင်းကို လိုလေသေးမရှိ အကောင်းဆုံးဖြစ်အောင်ပြင်ဆင်ထားပြီးပါပြီ။ ဖိလစ်ပိုင်သံရုံးက အဖွဲ့တွေနဲ့လည်း တည်းခိုနေထိုင်စားသောက်မှုအဆင်ပြေရေးအတွက် ညှိနှိုင်းဆောင်ရွက်ထားပါတယ်။

**ဦးအောင်ကြီး**
**အထွေထွေမန်နေဂျာ**
**Hotel Royal ACE**

ကျွန်တော့် ဟိုတယ်ကတော့ အင်ဒိုနီးရှားနိုင်ငံသမ္မတနဲ့ delegate တွေအတွက် တာဝန်ယူထားတာဖြစ်ပါတယ်။ စားရေး သောက်ရေး အနေအားဖြင့်ကတော့ သူတို့ရဲ့ ဘာသာရေးအရစီစဉ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ဝန်ထမ်းတွေအနေနဲ့ ဟိုတယ်သင်တန်းတွေပေးပြီးသွားတဲ့ ဝန်ထမ်းတွေဖြစ်တဲ့အတွက်ကြောင့် services ပေးတဲ့နေရာမှာ အခက်အခဲမရှိနိုင်ဘူးလို့ ယုံကြည်ပါတယ်။ နေရေးထိုင်ရေးအနေနဲ့ကတော့ delegate တွေအတွက် လက်ရှိအခန်းပေါင်း ၁၃၀ နီးနီး တည်းခိုဖို့ရာအတွက် စီစဉ်ထားပေးပါတယ်။ သမ္မတကြီးအခန်းအပါအဝင်ပေါ့။

လုံခြုံရေးပိုင်းမှာ ကျွန်တော်တို့ ပုံမှန်ဟိုတယ်လုံခြုံရေးကလည်း ရှိသလို နိုင်ငံတော်ကနေ ပံ့ပိုးထားတဲ့ အထူးလုံခြုံရေးတွေကလည်း ဒီမှာပါဝင်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဟိုတယ်မှာ အာဆီယံအဆင့်မြင့်အရာရှိ အစည်းအဝေးတွေကိုလည်း လက်ခံကျင်းပမှာဖြစ်တဲ့အတွက် အစည်းအဝေးခန်းမတွေ အစည်းအဝေးတက်ရောက်တဲ့သူတွေ တည်းခိုဖို့နေရာ၊ ကျွေးမွေးဖို့ရာအတွက် အစစအရာရာ စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ ဒီမှာ အစည်းအဝေးနှစ်နေရာ ကျင်းပဖို့လည်းရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်က အာဆီယံဥက္ကဋ္ဌနေရာ တာဝန်ယူထားပြီး လက်ခံကျင်းပတဲ့ အစည်းအဝေးဖြစ်တဲ့အတွက် အစစအရာရာ နိုင်ငံတော်မျက်နှာမငယ်ရအောင်၊ နိုင်ငံတော်နဲ့ ပြည်သူတွေ ဂုဏ်သိက္ခာတက်အောင် ကျွန်တော်တို့အနေနဲ့ တတ်နိုင်တဲ့ဘက်ကနေ အစွမ်းကုန် ပံ့ပိုးဆောင်ရွက်သွားမယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ထားပါတယ်။

**ဦးသန်းထင်အောင်**
**လက်ထောက်အထွေထွေမန်နေဂျာ**
**နွယ်သာကီဟိုတယ်**

ဟိုတယ်ကို ယခုနှစ် ဇန်နဝါရီ ၁ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ASEAN SUMMIT ကာလမှာ လာအိုနိုင်ငံဝန်ကြီးချုပ် တည်းခိုမှာဖြစ်ပါတယ်။ လာအို delegate က ၄၉ ယောက်ရှိပါတယ်၊ အားလုံးတည်းမယ့်အခန်း ၃၃ ခန်း စီစဉ်ထားပါတယ်။ ဝန်ကြီးချုပ်တည်းခိုမယ့်အခန်းအပါအဝင် အခန်းတွေအားလုံး အဆင်သင့်ဖြစ်နေပါပြီ။ ဝန်ကြီးချုပ်ကြီး တည်းခိုမယ့်အခန်းမှာ သာမန်အိမ်ကြီးတစ်လုံးလို အိပ်ခန်း၊ စားသောက်ခန်း၊ အစည်းအဝေးခန်း၊ ဧည့်ခန်းစတဲ့အခန်းတွေပါဝင်ပါတယ်။

အစားအသောက်အနေနဲ့ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ လာအိုသံရုံးကနေ လာရောက်ဆက်သွယ်ပြီးတော့ သူတို့ဘက်က လိုအပ်ချက်အကုန်လုံးကို ကျွန်တော်တို့ ညှိနှိုင်းပြီးဆောင်ရွက်ထားပါတယ်။ အခုတော့ အားလုံး အဆင်သင့်ဖြစ်နေပါပြီ။ ။

ရွှေနန်းတော်ဟိုတယ်တွင် တည်းခိုရန် ပြင်ဆင်ထားသည်ကို တွေ့ရစဉ်။

Hotel Royal ACE ကိုတွေ့ရစဉ်။

ဆောင်းပါး

# အသစ်တစ်ဖန်ပြန်လည်နိုးထလာသည့် ပဲခူး – စစ်တောင်းတူးမြောင်း

ဘုန်းတင့်လှိုင်

ပဲခူး-စစ်တောင်းတူးမြောင်းသည် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော တူးမြောင်းဖြစ်သည်။ သနပ်ပင်မြို့နယ် တာဝကျေးရွာအနီးရှိ ပဲခူးမြစ်မှ ဝေါမြို့နယ် မြစ်ကျိုးကျေးရွာအနီးရှိ စစ်တောင်းမြစ်သို့ ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်သည်။ အရှည် ၃၇ မိုင် ၇ ဖာလုံ၊ ပျမ်းမျှအကျယ်ပေ ၁၅၀ နှင့်ပျမ်းမျှအနက်မှာ ၁၀ ပေရှိပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်းကို ၁၈၇၃ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၈၇၈ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ နှစ်ပေါင်း ၁၃၆ နှစ်ကြာပြီဖြစ်သည်။ တူးမြောင်းကြမ်းပြင်တစ်လျှောက် သဲနုန်းများကျရောက်မှုကြောင့် တူးဖော်ရမည့် ပျမ်းမျှအနက်မှာ ခုနစ်ပေရှိပါသည်။ တူးမြောင်းဖောက်လုပ်စဉ်က ထည့်သွင်းတည်ဆောက်ထားသော ရေအားအဆောက်အအုံများမှာလည်း ဟောင်းနွမ်းဆွေးမြည့်နေပါသည်။ လက်ယာဘက်တာပေါင်မှာလည်း တာအိပြီး နိမ့်ကျခြင်း၊ ပဲ့ကျခြင်း၊ ထူးပေါက်ခြင်းနှင့်ရေကျော်ခြင်းများဖြစ်ပေါ်ခဲ့သဖြင့် မူလပုံစံအတိုင်းမရှိ ဖြစ်နေပါသည်။ စိုက်ပျိုးရေး၊ ရေကြောင်းသွားလာရေးနှင့် ကျေးရွာချင်းဆက်သွယ်သွားလာနိုင်ရေးတို့အတွက် အကြီးစား အဆင့်မြှင့်တင်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးသည် (၇-၁၁-၂၀၁၃) နေ့ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည့် အခမ်းအနားနှင့် ပဲခူးမြို့ မြို့မိမြို့ဖများ၊ မြို့ဖွံ့ဖြိုးရေးအထောက်အကူအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည့်အခမ်းအနားတို့တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်ရေတားတမံများ၊ ရေတံခါးများနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။** ဒေသခံပြည်သူများက ပဲခူး-စစ်တောင်းတူးမြောင်းပြန်လည်တူးဖော်ပေးနိုင်ပါရန် တင်ပြမှုမှာလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ တင်ပြမှုအပေါ် နိုင်ငံတော်သမ္မတကြီးက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ ပဲခူး-စစ်တောင်းတူးမြောင်းအား အဆင့်မြှင့်တင် ပြုပြင်တူးဖော်ပေးရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၂၅-၁၁-၂၀၁၃) ရက်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ (၁၃-၁-၂၀၁၄) ရက်တွင်လည်းကောင်း၊ ပဲခူး-စစ်တောင်းတူးမြောင်းတစ်လျှောက် ပဲ့ထောင်ရေယာဉ်ဖြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။ နွေစပါးစိုက်ပျိုးရာသီရေပေးဝေရေးကာလဖြစ်သဖြင့် အောင်ရေပေးပြီးချိန်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ရန် ဆည်မြောင်းဦးစီးဌာနသို့ လမ်းညွှန်မှာကြားခဲ့ပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်းကို အဆင့်မြှင့်တင် ပြုပြင်တူးဖော်ခြင်းလုပ်ငန်းအား ချက်ချင်းဆောင်ရွက်ပါက ဒေသအကျိုး၊ ပြည်သူ့အကျိုးလျင်မြန်စွာ ခံစားနိုင်မည်ဖြစ်သဖြင့် ဆည်မြောင်းဦးစီးဌာနက (၁၅-၂-၂၀၁၄) နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီးသည် (၂၃-၂-၂၀၁၄)နေ့ ဝေါမြို့နယ် မြစ်ကျိုးကျေးရွာ၌ကျင်းပသော ပဲခူး-စစ်တောင်း တူးမြောင်းအဆင့်မြှင့်တင်ပြန်လည်တူးဖော်သည့်အခမ်းအနားသို့ တက်ရောက်ပြီးလုပ်ငန်းစတင်ဖွင့်လှစ်ခဲ့ပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်းကို အဆင့်မြှင့်တင်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းတွင် အဓိကကျသောလုပ်ငန်းများမှာ တူးမြောင်းကြမ်းပြင်တစ်လျှောက်ပို့ကျနေသာ နုန်းမြေများအားတူးဖော်ခြင်း၊ လိုအပ်သည့်နေရာများတွင် ကျောက်ကြီးစီခြင်း၊ တူးမြောင်းတစ်လျှောက်လက်ယာဘက်တာပေါင်အားလိုအပ်သည့်အမြင့်ရရှိအောင်တာဖို့ခြင်း၊ ရာသီမရွေးသွားလာနိုင်ရန်ဂဝံခင်းခြင်း၊ တူးမြောင်းနှင့်ဆက်စပ် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ရေလျှံထိန်းတာတည်ဆောက်ခြင်း၊ ပဲခူးမြစ်ဘက်ရှိတာဝလှေဝင်၊ လှေထွက်တံခါးနှင့် တာဝရေထိန်းတံခါး၊ စစ်တောင်းမြစ်ဘက်ရှိ မြစ်ကျိုးလှေဝင်၊ လှေထွက်တံခါးနှင့် မြစ်ကျိုးရေသွင်းတံခါး၊ တူးမြောင်းတစ်လျှောက်ရှိရေလွှဲပေါက်များနှင့် ရေသွင်း ရေထုတ် ရေတံခါးများစသည့် အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ခြင်းတို့ဖြစ်ကြပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းတွင် အနှစ်နှစ်အလလက ကာလကြာရှည်စွာ နုန်းပို့ချမှုကြောင့် တူးမြောင်းမှာတိမ်ကောနေပါသည်။ ပို့ချနေသော သဲနုန်းများကို တူးဖော်ခြင်းနှင့် တူးမြောင်းတစ်လျှောက်လက်ယာဘက်ပေါင်အား တာဖို့ခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနရှိ စက်ယန္တရားများနှင့်တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်ယန္တရားအင်အား၊ ဝန်ထမ်းလုပ်သားအင်အားများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ မြေတူးစက် (Back hoe) ၁၄၁ စီး၊ မြေထိုးစက် (Dozer) ၂၈ စီး၊ မြေသယ်ယာဉ် (Dump truck) ၁၃၈ စီးအပါအဝင် ဆက်စပ်စက်ယန္တရားမျိုးစုံ စုစုပေါင်း ၃၅၅ စီးဖြင့် နေ့ ည အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြေကြီးတူးဖော်ခြင်းလုပ်ငန်းကို တာဝမှမင်းရွာရေလွှဲပေါက်၊ မင်းရွာရေလွှဲပေါက်မှဝေါမြို့၊ ဝေါမြို့မှ မြစ်ကျိုးဟူ၍ အပိုင်းသုံးပိုင်းခွဲကာ တစ်ပြိုင်တည်း တူးဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဆောင်ရွက်ရာတွင် ရေလက်ကျန်များ စုပ်ထုတ်ရခြင်း၊ တူးမြောင်းဧရိယာကျယ်ဝန်းခြင်း၊ နုန်းပျော့များ ဖယ်ရှားရခြင်းတို့ကြောင့် မြေတူးစက်များ အဆင့်ဆင့်ခက်ခဲစွာ တူးဖော်ဆောင်ရွက်ရပါသည်။ မြေကြီးတူးဖော်ခြင်းဆောင်ရွက်ရန် လုပ်ငန်းပမာဏမှာ ၇၇၄၄၀၀ ကျင်း၊ တူးမြောင်းတစ်လျှောက် လက်ယာဘက်တာပေါင်အားမူလ ရှစ်ပေ အကျယ်မှ ၂၄ ပေအကျယ်ထိ တိုးချဲ့တာဖို့ခြင်းပမာဏမှာ ၂၈၁၈၀၀ ကျင်းတို့ဖြစ်ပါသည်။ ၃၅ မိုင်အရှည်ရှိ မြေသားတာပေါင်အား ရာသီမရွေးသွားလာနိုင်ရန် ၁၈ ပေအကျယ် ဂဝံ ခင်းခြင်းလုပ်ငန်းများကိုလည်း တစ်ပြိုင်နက်ဆောင်ရွက်လျက်ရှိပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်းတွင် တူးမြောင်းထိပ်နှစ်ဖက်၌ ရေယာဉ်များ ဝင်၊ ထွက်သွားလာနိုင်ရေးအတွက် ပေ ၃၀အကျယ်ရှိသော ပဲခူးမြစ်ဘက်တွင် တာဝရေတံခါး၊ စစ်တောင်းမြစ်ဘက်တွင် မြစ်ကျိုးရေတံခါးနှင့် လေးပေအကျယ် ၁၄ပေါက်ရှိ မြစ်ကျိုးရေသွင်းပေါက်တို့ တည်ဆောက်ခဲ့ပါသည်။ ထို့ပြင် မိုးရာသီအချိန် တူးမြောင်းအတွင်း သတ်မှတ်ချက်ထက် ရေများလာသည့်အခါ ရေပိုရေလျှံများကို စစ်တောင်းမြစ်ဘက်သို့ စွန့်ထုတ်ပစ်ရန် ရေလွှဲပေါက်လေးခုကိုလည်း ထည့်သွင်းတည်ဆောက်ထားပါသည်။ ၁၄ ပေါက်ရှိသော ကျိုက်ပဒိုင်ရေလွှဲပေါက်၊ ၁၅ ပေါက်ရှိသော ပုဂံညောင်ပင်ရေလွှဲပေါက်၊ ၇၅ ပေါက်ရှိသော မင်းရွာရေလွှဲပေါက်နှင့်အပေါက် ၂၀ ရှိသော အဗျားရေလွှဲပေါက်တို့ဖြစ်ကြသည်။ ပဲခူး-စစ်တောင်းတူးမြောင်းကို စစ်ကြိုခေတ်ကာလတွင် သစ်ဖောင်များမျှောယူနိုင်မှုကို အဓိကထားအသုံးပြုခဲ့ပြီး နောက်ပိုင်းတွင် မိုးရာသီရေကြီးမှု အန္တရာယ်မှ ကာကွယ်နိုင်ရေးရေထုတ်နုတ်နိုင်ရန်နှင့် နွေစပါးစိုက်ပျိုးနိုင်ရန်တို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ မိုးရာသီကွင်းအတွင်းမှ ရေများထုတ်နုတ်နိုင်ရန်နှင့် နွေရာသီရေပေးဝေနိုင်ရန်တို့အတွက် ရေသွင်းရေထုတ်တံခါးများကို တည်ဆောက်ခဲ့ကြပါသည်။

ရေသွင်းရေထုတ်ပေါက် နှစ်ပေါက်စီပါရှိသော နှစ်မိုင်ရေတံခါး၊ ရွှေအိုးရေတံခါးနှင့်ရေကျော်ရေတံခါး၊ ရေသွင်းရေထုတ်ပေါက်သုံးပေါက်စီပါရှိသော ထောင်မင်းရေတံခါးနှင့် မကြက်စုရေတံခါး၊ ရေသွင်းရေထုတ်ပေါက် လေးပေါက်ပါရှိသော ဝိုင်ရိုးရေတံခါး စုစုပေါင်း ရေသွင်းရေထုတ်ရေတံခါးခြောက်ခုတို့ဖြစ်ကြသည်။ ဒေသခံတောင်သူလယ်သမားများ၏ တောင်းဆိုချက်အရ လယ်မြေများရေနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်နှင့် နွေစပါးပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ရေသွင်းရေထုတ်ရေတံခါးငါးခုကိုလည်း အသစ်ထပ်မံတည်ဆောက်ပေးလျက်ရှိပါသည်။ ရေသွင်းရေထုတ်ပေါက် နှစ်ပေါက်စီပါဝင်သော ညောင်သုံးခွရေတံခါး၊ ကော့ဝင်းရေတံခါး၊ ကျုံသင်(ကျိုက်လှ)ရေတံခါး၊ ကံမြင့်ရေတံခါးနှင့် မယ်ဇလီကုန်းရေတံခါးတို့ဖြစ်ကြပါသည်။ ထို့အပြင် လိုအပ်သည့်နေရာများတွင် အချင်းသုံးပေ၊ အရှည်ပေ ၅၀ ရှိ တိုက်ရိုက်ရေသွင်းရေထုတ်ပေါက် ၁၅ ခုကိုလည်း ရေတံခါးတပ်ဆင်စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်းထိပ်နှစ်ဖက်ရှိ တာဝရေတံခါး၊ မြစ်ကျိုးရေတံခါးနှင့် မြစ်ကျိုးရေသွင်းတံခါးတို့သည် ဆားငန်ရေထိတွေ့မှုရှိသဖြင့် ရေတံခါးရွက်များ၏ သံပေါင်နှင့်သံပြားများသည်ဆွေးမြည့်ပေါက်ပြဲဟောင်းနွမ်းပျက်စီးနေပြီး ရေလုံမှုမရှိပါ၊ သံပေါင်၊ သံပြားများနှင့် ရေလုံရော်ဘာ (Rubber Seal)များကို အသစ်တပ်ဆင်ပြုပြင်ရပါသည်။ ရေလွှဲပေါက်ကြီးလေးခုမှာ ပဲခူး-စစ်တောင်းတူးမြောင်း ဖောက်လုပ်စဉ်က ဆောင်ရွက်ခဲ့သော ရေအားအဆောက်အအုံများဖြစ်ပြီး ယခုအခါပျက်စီးယိုယွင်းနေပြီဖြစ်သဖြင့် အကြီးစားပြင်ဆင်မှုများဆောင်ရွက်ရပါသည်။ မူလတပ်ဆင်ထားသော သံထည်များနှင့် တည်ဆောက်ထားသော အုတ်များ၊ ကွန်ကရစ်များသည် ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သဖြင့် သံထည်များအသစ်ပြန်လည်လဲလှယ်တပ်ဆင်ရပါသည်။ အုတ်လုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်းများတွင် ဆွေးမြည့်နေသည်များကို ဖယ်ရှားခြစ်ထုတ်ပြီး ခိုင်မာအောင် အားဖြည့်ဆောင်ရွက်မှု (Strengthening) များ ပြုလုပ်ရပါသည်။ ရေလွှဲပေါက်ကြီးများ၏ မူလအကျယ်မှာ ရှစ်ပေသာရှိသဖြင့် တိုးချဲ့ဖောက်လုပ်ထားသောတာပေါင်နှင့် လိုက်လျောညီထွေဖြစ်အောင် ၁၈ ပေအထိ ပြုပြင်ဆောင် ရွက်ရပါသည်။ ယခင်သစ်သားတုံးများ (Stop Logs) ဖြင့် ဖွင့်ပိတ်မှုကို သံထည်ရေတံခါးရွက်များဖြင့် အစားထိုးဆောင်ရွက်ရသည့်အပြင် လိုအပ်သည့်နေရာများတွင် ရေတံခါးရွက်များ အတင်အချကို ဂီယာစနစ်ဖြင့် ဆောင်ရွက်ရပါသည်။ ရေလွှဲပေါက်များတွင်ရှိ လှေဝင်၊ လှေထွက် နေရာများမှာလည်း ယခင်လူအင်အားသုံးဖွင့်ခြင်း၊ ပိတ်ခြင်းဆောင်ရွက်ခဲ့ရာမှ ယခုစက်အင်အား(Engine Driven Winch) ဖြင့် ဆောင်ရွက်ရပါသည်။ ရေကြီးမှု အန္တရာယ်မှကာကွယ်နိုင်ရန်နှင့် နွေစပါးရေပေးဝေနိုင်ရန် ရေသွင်းရေထုတ်ရေတံခါးဟောင်းခြောက်ခုကိုလည်း အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်ပေးသည့်အပြင် ရေတံခါးအကျယ် ၁၈ ပေ ချဲ့ခြင်းနှင့်ရေတံခါးရွက်များ တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရပါသည်။ ထို့အပြင် လိုအပ်ချက်အရ အသစ်တည်ဆောက်ပေးရသော ရေသွင်းရေထုတ်တံခါးငါးခုကိုလည်း ဒီဇိုင်းပုံစံရေးဆွဲပြီး ဆောင်ရွက်ရပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်းတစ်လျှောက် အချို့နေရာများတွင် ရေတိုက်စားမှုဒဏ် ခံနိုင်ရန်နှင့် လှိုင်းပုတ်ဒဏ်ခံနိုင်ရန် တူးမြောင်းဘေးဘက် ဆင်ခြေလျှောများအား မူလကဂဝံကျောက်ဆစ်ကျောက်တုံးများဖြင့် စီထားသည့်နေရာများသည် ယခုပျက်စီးနေပြီဖြစ်သဖြင့် ကျောက်ကြီးများဖြင့် အသစ်ပြန်လည်စီရပါသည်။ ၄၂၀၀၀ ပေ အရှည်ရှိပါသည်။ ရေအားအဆောက်အအုံများ၏ အဝင် အထွက်နေရာများနှင့် အခြားလိုအပ်သည့်နေရာများတွင်လည်း ကျောက်ကြီးစီဆောင်ရွက်ရပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်းကို မူလပုံစံကျဖြစ်လာစေရန် သဲနုန်းများ တူးဖော်လိုက်သည့်အခါ ယခင်တည်ဆောက်ထားသည့်ကျေးရွာချင်းဆက်သစ်သားတံတားသုံးစင်းဖြစ်သည့် တမာတကေကျေးရွာတံတား၊ ဖိုးဦးစိန်ကျေးရွာတံတားနှင့် လေးအိမ်စုကျေးရွာတံတားတို့နေရာတွင် သံကူကွန်ကရစ်အုတ်မြစ်ဖြင့် သံမဏိသံပေါင်တိုင်၊ ရက်မများအသုံးပြုပြီး တံတားအသစ်သုံးစင်းကို အခိုင်အမာတည်ဆောက်လျက်ရှိပါသည်။ တံတားတစ်စင်းစီ၏ အရှည်မှာ ၁၄၇ ပေ ဖြစ်ပြီး အကျယ်မှာ ၁၂ ပေဖြစ်ပါသည်။ ပဲခူး-စစ်တောင်းတူးမြောင်း၏ တာပေါင်အကျယ်ကို ၂၄ ပေတိုးချဲ့ဖောက်လုပ်လိုက်သည့်အခါ မလွတ်ကင်းသည့်ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဓာတ်မီးတိုင်(မျောတိုင်)များအစား အရှည်ကိုးမီတာရှိ သံကူကွန်ကရစ်တိုင်များဖြင့် လဲလှယ်ဆောင်ရွက်ရပါသည်။ သနပ်ပင်မြို့နယ် သနပ်ပင်မြို့ စက်ကုန်းအပိုင်းရပ်ကွက်အပါအဝင် ကျေးရွာခြောက်ရွာတို့တွင် ၁၅၈ တိုင်၊ ဝေါမြို့နယ်၊ ဝေါမြို့နှင့်မြစ်ကျိုးကျေးရွာတို့တွင် ၄၈ တိုင် စုစုပေါင်း ၂၀၆ တိုင်တို့ဖြစ်ကြသည်။

ပဲခူး-စစ်တောင်းတူးမြောင်းကို အဆင့်မြှင့်တင်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို လက်တွေ့မြင်တွေ့နေကြရသော ဒေသခံပြည်သူများက နိုင်ငံတော်အား အထူးကျေးဇူးတင်နေကြပါသည်။ သနပ်ပင်မြို့နယ် မင်းရွာကျေးရွာမှ အသက် ၇၀ နီးပါးရှိ တောင်သူကြီး ဦးမြင့်သိန်းက **“အိပ်မက်တောင်မမက်ခဲ့ဖူးသည့် တိမ်ကောဟောင်းနွမ်းနေသည့် ပဲခူး-စစ်တောင်းတူးမြောင်းကြီးကို ယခုလိုအဆင့်မြှင့်တင်ပြုပြင်တူးဖော်ဆောင်ရွက်နေသည်ကို တွေ့ရ၍ အားရဝမ်းသာမိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဆည်မြောင်းဦးစီးဌာနတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း”** လှိုက်လှဲစွာပြောကြားပါသည်။

**“ပဲခူး-စစ်တောင်း တူးမြောင်းကို အဆင့်မြှင့်တင် ပြုပြင်တူးဖော်ခြင်း လုပ်ငန်းအား ချက်ချင်းဆောင်ရွက်ပါက ဒေသအကျိုး၊ ပြည်သူ့အကျိုးလျင်မြန်စွာ ခံစားနိုင်မည်ဖြစ်”**

ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ဧပြီလကုန်အထိ လုပ်ငန်းတစ်ခုလုံး၏ ၇၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါသည်။ လုပ်ငန်းများအားလုံး မေလကုန်တွင် ပြီးစီးရန် လျာထားသတ်မှတ်ခဲ့ပြီးနေ့၊ ည ဆောင်ရွက်လျက်ရှိပါသည်။ တူးမြောင်းမြေကြီးတူးဖော်ခြင်းလုပ်ငန်း၊ တာပုံစံကျဖို့ခြင်းလုပ်ငန်း၊ ဆက်စပ်ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်း၊ ရေလျှံထိန်းတာတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ရေအားအဆောက်အအုံများ အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများမှာ ၁၅ ရက်ခန့်စော၍ ပြီးစီးမည်ဖြစ်ပါသည်။ ကျန်အချောသတ်လုပ်ငန်းများကို မေလကုန်တွင် ရာနှုန်းပြည့် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပဲခူး-စစ်တောင်းတူးမြောင်းမကြီးသည် အသစ်တစ်ဖန်ပြန်လည်နိုးထလာပြီဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

ပြည်တွင်းသတင်း

# ဩစတြီးယားနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှုအကူအညီဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေကြောင်းတိုးတက်ရေး ဆောင်ရွက်နိုင်မည်ဟုယုံကြည်

**နေပြည်တော် မေ ၇**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဩစတြီးယားနိုင်ငံပို့ဆောင်ရေး၊ တီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာနတို့အကြား နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandan of Understanding ) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ ၇ ရက်နံနက် ၁၁ နာရီတွင် နေပြည်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ မြစ်ကြောင်းများ၏ ပြုပြင်ထိန်းသိမ်းရေးနှင့် လမ်းကြောင်းကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နယ်သာလန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အခြားကမ္ဘာ့နိုင်ငံများ၊ ကမ္ဘာ့ဘဏ်နှင့် JICA ကဲ့သို့ သော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဩစတြီးယားနိုင်ငံနှင့် လည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဒင်ညူမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရရှိခဲ့သော သင်ခန်းစာများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံရှိ ရေနှင့်ဆက်စပ်သော ဌာနဆိုင်ရာများကို ဖိတ်ကြား၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဩစတြီးယားနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှု အကူအညီဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း တိုးတက်ရေး (အထူးသဖြင့်ဧရာဝတီမြစ်အတွင်း) အတွက် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့တွင် မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ကောင်းတစ်ခုဖြစ်စေမည့် မြန်မာနိုင်ငံနှင့် ဩစတြီးယားသမ္မတနိုင်ငံတို့ အကြား နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ရေအားလျှပ်စစ်အခြေခံအဆောက်အအုံများ၊ အချက်အလက်များ၊ အတတ်ပညာများနှင့် ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍများကို နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဩစတြီးယားသမ္မတနိုင်ငံ ပို့ဆောင်ရေး၊ တီထွင်မှုနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး H.E .Ms. Doris BURES က နည်းပညာဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်များ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဩစတြီးယားသမ္မတနိုင်ငံ၊ ပို့ဆောင်ရေး၊ တီထွင်မှုနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးတို့ **(အပေါ်ပုံ)**သည် နားလည်မှု စာချွန်လွှာ (MoU) ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဩစတြီးယားသမ္မတနိုင်ငံ၊ ပို့ဆောင်ရေး၊ တီထွင်မှုနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးတို့သည် နားလည်မှုစာချွန်လွှာ (MoU) ကိုလည်းကောင်း သီးခြားစီလက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဦးအေးမြင့်နှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်ဩစတြီးယားနိုင်ငံ ပို့ဆောင်ရေး၊ တီထွင်မှုနှင့်နည်းပညာဝန်ကြီး H.E.Ms.Doris BURES နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးမှုစီမံကိန်းများနှင့်စပ်လျဉ်းသည့်

## Ministerial Round Table အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၇**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးတို့ပူးပေါင်း၍ မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးမှုစီမံကိန်းများနှင့် စပ်လျဉ်းသည့် Ministerial Round Table အစည်းအဝေးကို မေ ၇ ရက် နံနက် ၈ နာရီခွဲက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။

**(အောက်ပုံ)**

အစည်းအဝေးသို့ Austrian Minister of Transport, Innovation and Technology Ms. Doris BURES ဦးဆောင်သည့် Vice President of Austrian Federal Economic Chamber ဖြစ်သူ Dr.Christoph Matznetter အပါ အဝင် ဩစတြီးယားနိုင်ငံမှ ထိပ်သီး စီးပွားရေးပုဂ္ဂိုလ် ၄၀ ပါဝင်သည့်အဖွဲ့နှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း ဦးဆောင်သည့် ဘာသာရပ်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ အပါအဝင် ကိုယ်စားလှယ် ၃၀ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် Austrian Minister of Transport, Innovation and Technology Ms.Doris BURES၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် Head of Advantage Austria, the official trade promotion agency of the Austrian Federal Economic Chamber ဖြစ်သူ Dr.Weller Koren တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ၄င်းတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ အခွင့်အရေးများ၊ လုပ်ငန်းစီမံကိန်းများ၊ ဖွံ့ဖြိုးမှုစီမံကိန်းများနှင့်ပတ်သက်သည်များကို Power Point များဖြင့် ရှင်းလင်းဆွေးနွေးကြကာ တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းချက်များကို ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

# နေပြည်တော်အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသတင်းပို့ကြရန်

**နေပြည်တော် မေ ၇**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၄ခုနှစ် မေ ၂၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် (I-19)သို့ **၂၀၁၄ ခုနှစ် မေ ၂၆ ရက်ထက်မစော ၂၇ ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိ အမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန် ပန်ကြားအပ်ပါသည်။ **(သတင်းစဉ်)**

# စလင်းမြို့တွင် ရေနုတ်မြောင်းများတူးဖော်

**စလင်း မေ ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ယခင်နှစ်ကမိုးများ၍ လူနေရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ယခုနှစ်တွင် ကြိုတင်၍ မိုးတွင်းကာလတွင် ရေစီးရေလာကောင်းမွန်ရေး၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိရာ ပေါင်းနားရပ်ကွက် အဓိကရေနုတ်မြောင်းတူးဖော်ခြင်းကို စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးနေမန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူနိုင်တို့က ကြီးကြပ်ပြီး စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်ပြီး အလားတူ မြင်တင်ရပ်၊ ပေါင်းပင်ဇင်းရပ်၊ ဆင်ဖြူကျွန်းမြို့တို့တွင်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ပြည်တွင်းသတင်း

❁ ကျောဖုံးမှ

ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစီအစဉ်အရ ရှိုင်းနင်း မြန်မာကုမ္ပဏီ လီမိတက်မှ အကြီးတန်း စီမံကိန်းမန်နေဂျာ ဦးသန်းထွန်းက မိုးမိတ်မြို့နယ်အတွက် လူနာတင်ယာဉ်တစ်စီးကို ပေးအပ်လှူဒါန်းရာ မိုးမိတ်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က လက်ခံကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လှူဒါန်းပေးအပ်သည့် လူနာတင်ယာဉ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တန့်ယန်းမြို့သို့ ရောက်ရှိကြပြီး တန့်ယန်းမြို့နယ် ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ တန့်ယန်းမြို့၏ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေအနေသိရှိနိုင်ရန်၊ ဆောင်ရွက်နိုင်သည့်ကိစ္စများရှိပါကလည်း ပံ့ပိုးဆောင်ရွက်ပေးနိုင်စေရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က တစ်ခေါက်နှင့် ၂၀၁၂ ခုနှစ်က တစ်ခေါက် ရောက်ခဲ့ပါကြောင်း။

ယခု ရောက်လာကြခြင်းမှာလည်း နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို သိရှိစေရန် လာရောက် ရှင်းလင်းပြောကြားခြင်းလည်းဖြစ်ပါကြောင်း၊ ယခင်ကဗဟိုဦးစီးစနစ်ဖြင့် စီးပွားရေးကိုလုပ်ကိုင်ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ဈေးကွက်စီးပွားရေးစနစ်ကိုဦးတည်ကာ ပြုပြင်ပြောင်းလဲမှုများ လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယခင်က အုပ်ချုပ်ရေးစနစ်ပိုင်းတွင် ဗဟိုဦးစီးစနစ်မှ ယခုအခါတွင် မိမိတို့သက်ဆိုင်ရာ နယ်မြေဒေသအလိုက် အုပ်ချုပ်ရေးဆိုင်ရာအခွင့်အာဏာများကို ခွဲဝေပေးထားပြီဖြစ်ကြောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ/ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် ပူးပေါင်းကာ မိမိဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း။

တန့်ယန်းမြို့၏ လျှပ်စစ်မီးလင်းရေးနှင့် GSM ဖုန်းဆက်သွယ်ရေး အဆင်ပြေစေရန် ဆောင်ရွက်ပေးနေသည်မှာ မကြာမီ ပြီးစီးလိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ အလားတူ မြို့နယ်ဆေးရုံအတွက် လိုအပ်သည့် ခွဲခန်းသုံး ပစ္စည်းများ၊ လက်ထောက်ဆရာဝန်များအတွက်အိမ်ရာကိစ္စများ၊ မန်ပမ်တိုက်နယ်ဆေးရုံ ဝန်ထမ်းခန့်အပ်ရေးကိစ္စများ၊ ဖိုင်ခမ်းဆည်တမံကျိုးပေါက်မှု ပြုပြင်ရေးကိစ္စစသည်များကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယခုတစ်ခေါက်တွင်လည်း မြို့နယ် လိုအပ်ချက်များကို ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်၍ မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အခက်အခဲများနှင့် လိုအပ်ချက်များကို တင်ပြကြရန်ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တန့်ယန်းမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က မြို့နယ်အတွင်း ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေရရှိရေးနှင့် လမ်းတံတားများကောင်းမွန်စေရေး၊ မြို့၏ တည်နေရာအနေအထား၊ လူဦးရေနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် လိုအပ်သည့် ဆက်သွယ်ရေးစနစ်များကို ပိုမိုကောင်းမွန်လာစေရေး၊ လျှပ်စစ်မီးအပြည့်အဝရရှိရေး၊ အားကစားကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် အားကစားကွင်းများအဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် အားကစားပစ္စည်းများ ပံ့ပိုးပေးနိုင်ရေး၊ စိုက်ပျိုးရေးကဏ္ဍလိုအပ်ချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာများကို တင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနများအလိုက် လတ်တလော ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်အပိုင်းနှင့် ပြည်နယ်အစိုးရက ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ယမန်နှစ်များက တင်ပြချက်များကို တတ်နိုင်သလောက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ယခုအခါ တန့်ယန်းဒေသပိုမိုဖွံ့ဖြိုးတိုးတက်သည်ကို တွေ့မြင်ရကြောင်း၊ ယခုတင်ပြခဲ့ကြသည့် လိုအပ်ချက်များကိုလည်း မိမိတို့အနေဖြင့် အဖြစ်နိုင်ဆုံးနှင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထူးအားဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် မိမိဒေသရှိလူငယ်လူရွယ်များ ဗဟုသုတများ တိုးတက်ဖွံ့ဖြိုးပြီး မျက်စိပွင့်၊ နားပွင့်ဖြစ်စေရန်အတွက် ကြိုးစားဆောင်ရွက်စေလိုကြောင်း။

တန့်ယန်းဒေသတွင် သမိုင်းအစဉ်အလာများရှိခဲ့သည်ဖြစ်ရာ နိုင်ငံခြား ခရီးသွားဧည့်သည်များ စိတ်ဝင်စားသည့်ဒေသဖြစ်၍ ခရီးသွားလုပ်ငန်းကို စိတ်ဝင်စားစွာ လုပ်ကိုင်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ယခုအခါ လမ်းပန်းဆက်သွယ်ရေးလည်း ပိုမိုကောင်းမွန်လာပြီး တဖြည်းဖြည်းယခုထက် ပိုမိုကောင်းမွန်လာပါက ခရီးသွားလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါက ဒေသဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများစီးပွားရေးနှင့် လူမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်းနှင့် ယခုတွေ့ဆုံပွဲတွင် တင်ပြလာသည့် ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် မိမိတို့အနေဖြင့် အကောင်းဆုံးနှင့် အမြန်ဆုံးဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မိုင်းရယ်မြို့သို့ ရောက်ရှိပြီး မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမ၌ မိုင်းရယ်မြို့ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက မေ ၆ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ရှိသည့် ကျေးလက်နှင့်မြို့နေအခြေခံလူထုလူတန်းစားကို အသေးစားချေးငွေထုတ်ချေးပေးနိုင်စေရန်၊လိုအပ်သည့် လယ်ယာသုံးစက်ပစ္စည်းအမျိုးမျိုးနှင့် မြို့တွင်းအသက်မွေးဝမ်းကျောင်း အတွက် လိုအပ်သည့်ယာဉ်နှင့် စက်ပစ္စည်းများကို အငှားချရောင်းပေးသည့်စနစ်ဖြင့် စီစဉ်ထောက်ပံ့နိုင်စေရန် သမဝါယမဝန်ကြီးဌာန၏ အသေးစားငွေစုငွေချေးခြင်းနှင့် လယ်ယာသုံးနှင့် စက်ပစ္စည်းနှင့် ယာဉ်အငှားချရောင်းပေးသည့် အစီအစဉ်ကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ ကုန်လွန်ခဲ့သည့်နှစ်က တင်ပြတောင်းဆိုခဲ့သည့်အတိုင်း မိုင်းရယ်မြို့နယ်ခန်းမ အမိုးနှင့်မျက်နှာကြက်ပြုပြင်ပေးရန်ကိစ္စဆောင်ရွက်ပေးခဲ့သည်ကို မှတ်မိမည်ဟုထင်မြင်ပါကြောင်း၊ ထို့အတွက် ယခုတစ်ခေါက် ရောက်ရှိလာသည့်အခါတွင် တင့်တင့်တယ်တယ် မြင်တွေ့ရသည့်အတွက် ဝမ်းမြောက် ပါကြောင်း။

လွယ်ငင်းကျေးလက်ကျန်းမာရေးဌာနခွဲကို တိုးမြှင့်ပေးရန်ကိစ္စများ၊ မီးသတ်ကားနှင့် အဆောက်အအုံ ဆောင်ရွက်ပေးရန်ကိစ္စများ၊ လမ်း၊ တံတားကိစ္စများစသည့် ကိစ္စများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း၊ ယခုလည်း မိမိဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မိုင်းရယ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့မှ မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေး၊ဆက်သွယ်ရေး အော်တိုတယ်လီဖုန်းလိုင်းများတပ်ဆင်ခွင့်ရရှိရေး၊ အားကစားကွင်း၊ ပွဲကြည့်စင်အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ကျန်းမာရေးကဏ္ဍတွင် အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ပညာရေးကဏ္ဍတွင် စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရေး၊ မိုင်းရယ်မြို့မဈေးအသစ် တည်ဆောက်ပေးနိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဒုတိယဝန်ကြီးများက ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားပြီး မိမိနယ်မြေဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကဏ္ဍအသီးသီးတွင် ဦးစီးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူများကိုယ်တိုင်ပါဝင်ပြီး လူအင်အား၊ ငွေအင်အား စိုက်ထုတ်၍ မိမိတို့ အစိုးရနှင့် နှစ်ဦးနှစ်ဖက် ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် လျင်လျင်မြန်မြန် တိုးတက်အောင်မြင်မည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများက တက်ကြွစွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် CB ဘဏ်ကုမ္ပဏီလီမိတက်၊ ကမ္ဘောဇဘဏ်ကုမ္ပဏီလီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၊ နယူးစတားလိုက်တ်ကုမ္ပဏီလီမိတက်၊ ကက်ပီတယ်လ်ဒိုင်းမွန်းစတားဂရု(ပ်) ကုမ္ပဏီလီမိတက်နှင့် အိုင်ဂျီအီးကုမ္ပဏီလီမိတက်တို့က မိုင်းရယ်မြို့ ဘုန်းတော်ကြီးကျောင်းပရိယတ္တိစာသင်တိုက် ဆောက်လုပ်ရန်ငွေကျပ်သိန်း ၁၀၀နှင့် အမှတ်(၂)ရပ်ကွက် စာသင်ကျောင်း ဆောက်လုပ်ရန် ငွေကျပ်သိန်း ၈၀တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အမျိုးသား၊ အမျိုးသမီး လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာဝန် ဒေါက်တာစိုးလွင်က လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် CB ဘဏ်ကုမ္ပဏီလီမိတက်၊ ကမ္ဘောဇဘဏ်ကုမ္ပဏီလီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်၊ နယူးစတားလိုက်တ်ကုမ္ပဏီလီမိတက်၊ ကက်ပီတယ်လ်ဒိုင်းမွန်းစတား ဂရု(ပ်) ကုမ္ပဏီလီမိတက်နှင့် အိုင်ဂျီအီးကုမ္ပဏီလီမိတက်တို့က မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

ဟံသာဝတီအသင်းနှင့် မောရဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

✳ ကျောဖုံးမှ

ခဲ့သော်လည်း ဟံသာဝတီနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ၇၃ မိနစ်တွင် မောရဝတီနောက်ခံလူ အောင်ဌေးဦး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ဟံသာဝတီ ဒုတိယအနိုင်ဂိုးရရှိခဲ့သည်။

စလင်းကွင်း၌မြဝတီမှ သူရိန်စိုးနိုင်နှင့်သက်စိုးနိုင်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ပြီး GFAအတွက်ဂိုးကို မောင်လွင်က တစ်ဂိုးသွင်းယူခဲ့သည်။ ယနေ့ပွဲပဒုမ္မာကွင်းတွင် ရခိုင်အသင်းနှင့် Southern အသင်း၊ စလင်းကွင်းတွင် ဒဂုံအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

## သတ္တမအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစပ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပမည်

**ရန်ကုန် မေ ၇**

၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)က သတ္တမအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သော အသိပညာပေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစပ်ဆိုပြိုင်ပွဲ(အလွတ်တန်း)အတွက် ဇွန် ၇ ရက် အရောက် ပြိုင်ပွဲဝင်စာမူများပေးပို့ရမည်ဖြစ်သည်။ ကျပန်းစကားပြောပြိုင်ပွဲ ၁၄ နှစ်မှ ၁၈ နှစ်အထိ၊ သက်လတ်တန်း မြန်မာ/အင်္ဂလိပ်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကျောက်ဆည်မဏ္ဍပ်၌ ကျင်းပသွားမည်ဖြစ်ရာ ဇွန် ၂၀ ရက် နံနက် ၉ နာရီ မှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီ အထိ မြောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ ဇွန် ၂၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကဗျာရွတ်ဆိုပြိုင်ပွဲ ၉ နှစ်မှ ၁၃ နှစ်အထိ သက်ငယ်တန်း မြန်မာ/အင်္ဂလိပ်ကို ကျောက်ဆည်မဏ္ဍပ်၌ပင် ကျင်းပသွားမည်ဖြစ်ရာ ဇွန် ၂၂ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မြောက်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ ဇွန် ၂၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

နောက်ဆုံးအဆင့် ကျပန်းစကားပြောပြိုင်ပွဲ မြန်မာ/အင်္ဂလိပ်၊ ကဗျာရွတ်ဆိုပြိုင်ပွဲ မြန်မာ/အင်္ဂလိပ်နှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ ကမာရွတ်မြို့နယ်၌ ကျင်းပသွားမည်ဖြစ်သည်။ အသေးစိတ်ကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ကျွန်းတောလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၅၀၂၈၉၂၊၅၀၂၈၉၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**(သတင်းစဉ်)**

❒ ရှေ့ဖုံးမှ

ထုတ်ကုန်ကြမ်းများသည်လည်း လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း တိုးမြှင့်တင်ပို့နိုင်ရန် မျှော်မှန်းထားသည်။

မြန်မာနိုင်ငံတွင် ကျွမ်းကျင်လုပ်သားနည်းပါးမှုနှင့် အခြေခံအဆောက်အအုံများ အသင့်ရှိမနေခြင်းတို့သည်လည်း ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတား သဖွယ်ဖြစ်နေသည့်အချက်များတွင် ပါဝင်သည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် အမေရိကန်နိုင်ငံတွင်ကျင်းပသည့် PGM အစည်းအဝေးသို့တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် မေ ၇**

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်က အမေရိကန် နိုင်ငံ နယူးယောက်မြို့၌ကျင်းပသည့် Partnership Group for Peace, Development and Democracy in Myanmar(PGM) အစည်း အဝေးသို့ တက်ရောက်ခဲ့မှုအခြေ အနေများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗဟို သန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်ရီက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်သန်းခေါင် စာရင်းကောက်ယူမှုလုပ်ငန်းဆောင် ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားရာတွင် မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်အဆင့် သန်းခေါင် စာရင်းကို ၁၉၈၃ ခုနှစ်က နောက်ဆုံး ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီဟု ယေဘုယျ ပြောဆိုနေကြသော်လည်း ၁၉၈၃ ခုနှစ် ကောက်ယူခဲ့စဉ်က လုံခြုံရေး ဆိုင်ရာ ကန့်သတ်ချက်များအရ ပဋိပက္ခနယ်မြေများတွင် ကောက်ယူမှု မပြုနိုင်ခဲ့ခြင်းကြောင့် ထိုနယ်မြေ များတွင် နိုင်ငံ့သမိုင်းတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ သန်းခေါင်စာရင်း ကောက်ယူခွင့်မရရှိခဲ့ဘူးဟု ဆိုရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအဖွဲ့သစ်သည် ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံ့ တာဝန်ကိုယူခဲ့ပြီးနောက် နှစ်လ အကြာ မေ ၂ ရက်မှာ သန်းခေါင် စာရင်းကောက်ယူမည်ဟု ဆုံးဖြတ်ခဲ့ ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်သူ့လွှတ်တော်တွင် ပြည်လုံး ကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူပေးစေလိုသော ပြည်သူ များ၏ တောင်းဆိုချက်အပေါ် ပြည်သူ့ကိုယ်စားလှယ်တော်များက အဆိုပြုတင်ပြလာမှုများ ရှိခဲ့ခြင်း ကြောင့် ထိုသန်းခေါင်စာရင်းအစီ အမံသည် ပြည်သူ၏ဆန္ဒနှင့် အစိုးရ ၏အကောင်အထည်ဖော်မှု ပေါင်းစပ် ဖြစ်ပေါ်လာရသော အစီအမံတစ်ရပ် ဟုလည်း ပြောရမည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူမှု ကို ကမ္ဘာ့ကုလသမဂ္ဂ၏ ပူးပေါင်း ပါဝင်ကူညီမှုဖြင့် အဆင့်(၄)ဆင့်ပါ အစီအမံကို နာယကကြီး ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ကရေးဆွဲပြီး အဆင့်ဆင့် အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ အဆင့်(၄)ဆင့်မှာ ကြိုတင်ပြင်ဆင် ခြင်းအဆင့်၊ မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူခြင်းအဆင့် စာရင်းဇယား များပြုစုခြင်းအဆင့်နှင့် စာရင်းထုတ် ပြန်ခြင်းအဆင့်တို့ ဖြစ်ပါကြောင်း။

၂၀၁၄ ခုနှစ် မတ် ၂၉ ရက်တွင် ကွင်းဆင်းအသိပညာပေးလုပ်ငန်းစဉ် များပြီးဆုံးပြီးနောက် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ နိုင်ငံတစ်ဝန်းတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်နိုင်ငံ လုံးမှာ စာရင်းကောက်ကွက်ပေါင်း ၈၁၀၀၀ ခန့်ရှိပြီး စာရင်းကောက် ပေါင်း ၉၀၀၀၀ ခန့်နှင့် စာရင်း စစ်ပေါင်း ၂၅၀၀၀ ခန့်နှင့် ဆောင် ရွက်ခဲ့ပါကြောင်း၊ ဤအဆင့်သည် စီမံချက်အဆင့် (၂) ထဲက အပိုင်း တစ်ပိုင်းဖြစ်ပြီး ယခုအခါ ကောက်ယူ ပြီး မေးခွန်းစာရွက်များကို ပြန်လည် စုစည်းသယ်ယူနေသည့် လုပ်ငန်းကို ဆောင်ရွက်နေပါကြောင်း၊ တစ်တိုင်း ပြည်လုံးက ကောက်ကွက်နေရာပေါင်း ၈၀၀၀၀ ကျော်မှ မြို့နယ်/ခရိုင်/တိုင်း ဒေသကြီးနှင့် ထိုမှတစ်ဆင့် ဝန်ကြီး ဌာနကို ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းလမ်းမှ အဆင့်ဆင့် သယ်ယူနေရခြင်း ဖြစ်ပါကြောင်း၊ စီမံချက်အရ မေလ ဒုတိယပတ် အတွင်း ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ ယင်းမှာ သန်းခေါင်စာရင်းစီမံချက်၏ ဒုတိယလုပ်ငန်းစဉ် ပြီးဆုံးခြင်းပင် ဖြစ်ပါကြောင်း။

မေးခွန်းပုံစံများ ပျောက်ဆုံးခြင်း၊ အထားမှားခြင်းများ မဖြစ်စေရန် ကောက်ကွက်အားလုံးကို အသေးစိတ် စစ်ဆေးရန်လိုအပ်ပါကြောင်း၊ မြို့နယ် အလိုက် ကောက်ကွက်များစစ်ဆေး ခြင်း၊ ကောက်ကွက်အလိုက် မေးခွန်း ပုံစံများရေတွက်ခြင်း၊ အိမ်ထောင်စု နံပါတ်နှင့် ကောက်ကွက်စာရင်းချုပ် များအားစစ်ဆေးခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လုပ်ငန်းထိန်းပုံစံများ၊ မြေပုံများပါရှိခြင်း ရှိ/မရှိ ကိုလည်း စစ်ဆေးရမည်ဖြစ်ပါကြောင်း ထို လုပ်ငန်းစဉ်ကို မြို့နယ်/မြို့နယ်ခွဲမှ လဝကဝန်ထမ်းများနှင့်အတူ ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်း လုပ်ငန်းစဉ်တစ်ခုလုံး ဇွန်လကုန်တွင် ပြီးဆုံးမည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်း၏ တတိယ အဆင့်လုပ်ငန်းဖြစ်သော စာရင်း ဇယားပြုစုခြင်းကို ယနေ့စတင် စမ်းသပ်ဆောင်ရွက်နေပြီ ဖြစ်ပါ ကြောင်း၊ ထိုအဆင့်ကိုတော့ UNFPA အကူအညီဖြင့် DRS Company က ခေတ်မီနည်းပညာ အထောက် အကူပြုစက်ကိရိယာများဖြင့် ဆောင် ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းမှာ အကြမ်းဖျင်း ကိုးလခန့်ကြာမြင့်နိုင် ပါကြောင်း၊ ယင်းနောက် စီမံချက် စတုတ္ထအဆင့်အဖြစ် အခြေခံလူဦးရေ စာရင်းဇယား ပြုစုထုတ်ပြန်ခြင်းကို ၂၀၁၅ ခုနှစ် မေလခန့်တွင် အပြီး သတ်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း ထားပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံတစ်ဝန်းမှ ကောက်ယူပြီးစီးခဲ့ သောမေးခွန်းပုံစံများကို ပြန်လည် လက်ခံနေပြီး စာရင်းဇယားပြုစုခြင်း လုပ်ငန်းအတွက် အဆင့်ဆင့် ဆောင် ရွက်ရမည်ဖြစ်ပါကြောင်း၊ စကင်နာ မဖတ်ခင်တွင် ပြင်ဆင်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို ဆောင်ရွက်ရမည်ဖြစ် သကဲ့သို့ စကင်နာဖတ်ပြီးချိန်တွင် လည်း အမှားပြင်ဆင်ခြင်း၊ လုပ်ငန်း စဉ်ကိုတစ်ပြိုင်တည်း ဆောင်ရွက်ရ မည်ဖြစ်ပါကြောင်း၊ ထုတ်ပြန် ကြေညာရမည့် လုပ်ငန်းစဉ်အားလုံး သည် ပြန်လည်စုစည်းရရှိသော အချက်အလက်များကို စက်ဖြင့် ပြန်လည်ဖတ်နိုင်သောအခြေအနေ ပေါ် မူတည်ဆောင်ရွက်ရမည်ဖြစ်ပြီး ယခုအချိန်အထိ လက်ဝယ်ကို မေးခွန်းစာရွက်များ အစုံအလင် မရောက်ရှိသေးခြင်းကြောင့် အချိန် ကာလသတ်မှတ်ချက်များ အနည်း ငယ်ကွာဟမှုများ ရှိနိုင်ပါကြောင်း၊ ဤနေရာတွင် ဆောင်ရွက်သမျှအပေါ် သုံးသပ်နိုင်ရန်အတွက် ယခင် သန်းခေါင်စာရင်းကာလ၏ ကိန်း ဂဏန်းများနှင့် နှိုင်းယှဉ်တင်ပြသွား လိုပါကြောင်း၊ နိုင်ငံတွင် သန်းခေါင် စာရင်း နောက်ဆုံးကောက်ယူခဲ့သော ၁၉၈၃ ခုနှစ်တွင် လူဦးရေမှာ ၃၅ ဒသမ ၃ သန်းခန့်ရှိ၍ ယနေ့ခန့်မှန်း လူဦးရေ၏ ထက်ဝက်ခန့်သာရှိပါ ကြောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင် စာရင်းတွင် လုံခြုံရေးအခြေအနေများ ကြောင့် မကောက်ယူနိုင်ခဲ့သော ကျေးရွာအုပ်စုပေါင်း ၉၄၂ အုပ်စု၊ လူဦးရေ ၁ ဒသမ ၁၇ သန်းကျော် မကောက်ယူနိုင်ခဲ့ခြင်းကြောင့် စုစု ပေါင်းလူဦးရေ၏ ၃ ဒသမ ၃၅ ရာခိုင်နှုန်းကို မကောက်ယူနိုင်ခဲ့ ပါကြောင်း၊ မကောက်ယူနိုင်ခဲ့သော နယ်မြေများအနေဖြင့် ကချင်ပြည်နယ် တွင် ကျေးရွာအုပ်စု ၂၁၀၊ ရှမ်း ပြည်နယ်တွင် ကျေးရွာအုပ်စု ၄၉၀၊ ကရင်ပြည်နယ်ကျေးရွာအုပ်စု ၁၈၆၊ ကယားပြည်နယ်ကျေးရွာအုပ်စု ၁၀၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးရွာ အုပ်စု ၄၁၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျေးရွာအုပ်စု ၅၅ အုပ်စုရှိပါကြောင်း။

ယနေ့အကြမ်းဖျင်းရရှိထားသော စာရင်းဇယားများအရ ကချင် ပြည်နယ်တွင် စာရင်းပေါက်နေသော ရွာများထဲမှ ကျေးရွာပေါင်း ၉၇ ရွာ သာ စာရင်းကောက်ရန် ကျန်တော့ ကြောင်းနှင့် ကျန်နေရာများတွင် ကွက်ပြည့်နင်း အပြည့်အဝကောက်ခံ နိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ခရိုင်ငါးခုရှိသည့်အနက် ခရိုင်သုံးခု အတွင်း၌သာ လူမျိုးအမည်မှန် ဖြေဆိုမှုမပြု၍ ကောက်ယူရန် ချန် လှပ်ထားခဲ့သည်မှအပ ကျန်ခရိုင်များ ကို အပြည့်အဝကောက်ယူနိုင်ခဲ့ပါ ကြောင်း၊ လက်ကျန်နေရာများကို ထပ်မံကောက်ယူနိုင်ရေးအတွက် လည်း သက်ဆိုင်ရာအဖွဲ့အစည်း များနှင့် စဉ်ဆက်မပြတ်ညှိနှိုင်းနေပါ ကြောင်း၊ ဆွေးနွေးမှုရလဒ်များအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်သကဲ့သို့ လုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း အစီရင်ခံစာများ တွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ် ပါကြောင်း။

ယခုတစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူရာတွင် ယခင်နှင့် သိသိ သာသာ ကွာခြားသည့်အချက်မှာ ယခင်အစဉ်အဆက် အကြောင်း အမျိုးမျိုးကြောင့် စာရင်းမကောက် ခဲ့ရသော အထူးဒေသ(၂) “ဝ”ဒေသ၊ အထူးဒေသ (၄) မိုင်းလားဒေသ၊ ကိုးကန့်ဒေသ စသည်တို့အပြင် ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ကရင်နီ၊ ကယားအစရှိသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ နေရာများတွင် တိုင်းရင်းသား ညီအစ်ကိုများ၏အပြည့်အဝ ပူးပေါင်း ကူညီဆောင်ရွက်မှုကြောင့်၊ ကွက် ပြည့်နင်း ကောက်ယူနိုင်ခဲ့ပါကြောင်း၊ ယင်းဖြစ်ရပ်မှာ ညီရင်းအစ်ကိုများ အကြား ထူးခြားစွာ ပူးပေါင်း ဆောင်ရွက်နိုင်သော ဖြစ်စဉ်တစ်ခု ဖြစ်ပြီး နိုင်ငံတော်အတွက် လွန်စွာမှ ဝမ်းသာကြည်နူးဖွယ်ရာကောင်းသော ညီညွတ်ရေး ပုံရိပ်တစ်ခုဟု ပြောရ မည်ဖြစ်ပါကြောင်း၊ ယင်းမှာ အစိုးရ အဖွဲ့သစ်ကာလအတွင်း အမျိုးသား ရင်ကြားစေ့ရေးလုပ်ငန်းစဉ်ကြောင့် ထွက်ပေါ်လာသော ရလဒ်ဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်း မြေပြင် ကွင်းဆင်းကောက်ယူချိန်တွင် မိမိတို့ နှင့် ပူးပေါင်းဆောင်ရွက်နေသော ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေ အဖွဲ့ (UNFPA) က စိတ်ကြိုက်ရွေး ချယ်ထားသော အမေရိကန်၊ ပြင်သစ်၊ UK၊ ဆွစ်ဒင်၊ ဆွီဇာလန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ နယ်သာလန်၊ အယ်လ်ဗေးနီးယား၊ တူနီးရှား၊ ကနေ ဒါ၊ ချီလီ၊ အီတလီ၊ တီမော၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ နိုင်ဂျီး ရီးယား၊ ကင်မရွန်း၊ ဘူဂီနာဖာဆို၊ ကွန်ဂိုစသော နိုင်ငံများမှ အတွေ့ အကြုံရှိ လူဦးရေပညာရှင် ၂၃ ဦး နှင့်ပြည်တွင်းပညာရှင် ၂၃ ဦး ပေါင်းစပ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခု ၊ ခရိုင် ၄၀ ၊ မြို့နယ် ၁၂၀ ကို သွားပြီး စာရင်းကောက်ကွက် ၉၆၀ က အိမ်ထောင်စု ၁၈၀၀ နှင့် လူဦးရေ ၂၁၉၄ ဦးကို တွေ့ဆုံ မေးမြန်းခဲ့ကြပါကြောင်း၊ မေးမြန်း ချက်၊ ဖြေကြားချက်၊ တုံ့ပြန်ပြောကြား ချက်များကို စနစ်တကျ ဗွီဒီယို မှတ်တမ်းတင်ခဲ့ကြပါကြောင်း၊ ပြင်သစ် လူမျိုး Dr.Nancy Stiglar ခေါင်းဆောင်သော ကွင်းဆင်း လေ့လာရေးအဖွဲ့များနှင့် အလှူရှင် နိုင်ငံများဖြစ်သော ဩစတြေးလျ၊ ဆွီဒင်၊ အင်္ဂလန် (DEEID)တို့နှင့် ဧပြီ ၁၁ ရက်က ရန်ကုန်မြို့တွင် ပြန်လည်တွေ့ဆုံ သုံးသပ်ခြင်းများ လုပ်သည့်အခါ သန်းခေါင်စာရင်း ကောက်ယူမှုအပေါ် တွေ့ရှိချက်များ ထဲမှ အချက်အချို့ကို ထုတ်နုတ်ပြ ရလျှင်

- သန်းခေါင်စာရင်း အသိပညာပေး စည်းရုံးလှုံ့ဆော်မှု လွန်စွာ ကောင်းမွန်ကြောင်း၊
- မေးခွန်းပုံစံအပါအဝင် ပစ္စည်း များ နယ်စွန်နယ်ဖျား ရပ်ကွက်/ ကျေးရွာအထိ လုံလောက်စွာ ဖြန့်ဖြူးနိုင်ကြောင်း၊
- ပြည်သူလူထု ပူးပေါင်းဆောင် ရွက်မှု အလွန်ကောင်းကြောင်း၊
- စာရင်းစစ်၊ စာရင်းကောက်များ အား အဆင့်ဆင့်စနစ်တကျ သင်တန်းပေးထားခဲ့သည်ကို တွေ့ရကြောင်း၊
- စာရင်းကောက်များ ဒေသခံ ဘာသာစကား ကျွမ်းကျင်ပြီး လူထုအား လေးစားစွာ ဆက်ဆံ ကြကြောင်း၊
-ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာ ဟုဆိုသော ပြဿနာမှလွဲ၍ ရောက်ရှိခဲ့သော နိုင်ငံတစ်ဝန်း တွင် လူမျိုး၊ ဘာသာ မေးခွန်း အား လွတ်လပ်စွာ ဖြေကြားကြ ကြောင်း၊ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူမျိုးစုတွင် မူလရှိပြီး လူမျိုးအမည်မှန် ဖြေသူ များအား သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ကြောင်း၊ ရို ဟင်ဂျာဟု ဖြေသူအား လူမျိုး အမှန်ကိုသာ ဖြေကြားပါရန် ရှင်းပြကြကြောင်း၊
-အိမ်ရှင်မှ ရိုဟင်ဂျာဟု အတင်း အကျပ်ရေးသားရန် တိုက်တွန်း ပြီး ဆန့်ကျင်မှုများပြုလုပ်နေပါ က စာရင်းကောက်ယူမှု မပြု တော့ကြောင်း၊
-ယခု သန်းခေါင်စာရင်းကောက် ယူခဲ့ခြင်းသည် စမ်းသပ်စာရင်း ကောက်ယူခြင်း ဆောင်ရွက်စဉ် ကထက် ပိုမိုပြည့်စုံကောင်းမွန် ကြောင်းဖြင့် ပါရှိပါကြောင်း။

အလှူရှင်နိုင်ငံများမှ ကိုယ်စား လှယ်များက ပါဝင်ဆွေးနွေးမှတ် ချက်ပြုခဲ့သည့် အချက်အချို့ကို ထုတ်နုတ်ပြရလျှင် ရခိုင်ဒေသတွင် နိုင်ငံရေးအရ ဆုံးဖြတ်ခဲ့သည့် ကိစ္စအပေါ် အနည်းငယ်စိုးရိမ် သည်မှလွဲ၍ ကျန်နယ်မြေဒေသ အားလုံးတွင် နိုင်ငံတကာစံနှုန်း နှင့်အညီ သန်းခေါင်စာရင်း ကောက်ယူနိုင်သဖြင့် ဂုဏ်ယူပါ ကြောင်း၊ ရခိုင်ဒေသမှရရှိလာသည့် အချက်အလက်များကို ဆန်းစစ် လေ့လာပြီးမှ ရှေ့ဆက်ဆောင်ရွက် မည့်လုပ်ငန်းစဉ်ကို ဆုံးဖြတ်ရန်နှင့် မေးခွန်းလွှာများ ပြန်လည်ပို့ ဆောင်မှု အထူးဂရုပြုရန် အကြံပြုလိုကြောင်း၊ ဆက်လက် ပူးပေါင်းကူညီသွားမည် ဖြစ် ကြောင်း စသည်ဖြင့် ပြောဆိုခဲ့ပါ ကြောင်း။

သဘာပတိဖြစ်သူ ဆွစ်ဇာ လန်နိုင်ငံပညာရှင် Mr.Wemer Haug က နိုင်ငံများတွင် သန်းခေါင်စာရင်းလုပ်ငန်းကို ၁၀ နှစ်တစ်ကြိမ် ဆောင်ရွက်နေကြ ကြောင်း၊ မြန်မာနိုင်ငံတွင် နှစ် ၃၀ မကောက်နိုင်ခဲ့၍ မကောက်ဖူးသည့် နိုင်ငံဟုပင် ဆိုရမည်ဖြစ်ကြောင်း၊ မြန်မာ နိုင်ငံ၏ ယခုသန်းခေါင်စာရင်း လုပ်ငန်းသည် အမှားနည်းပြီး နိုင်ငံ တကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ခဲ့၍ ဂုဏ်ယူပါ ကြောင်းဖြင့် ပြောကြားခဲ့ပါ ကြောင်း။

အလားတူပင် မိမိတို့နှင့်အတူ သန်းခေါင်စာရင်း ကာလ တစ်လျှောက်လုံးတွင် အတူတကွ ပူးတွဲလုပ်ကိုင်နေသော နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့ (International Technical Advisory Board-ITAB) နှင့် ဧပြီ ၂၄ ရက် တွင် ညှိနှိုင်းဆွေးနွေးချက်အရ မြေပြင်ကွင်းဆင်း စာရင်းကောက် ယူခြင်းလုပ်ငန်းအပေါ် သုံးသပ်ချက် ကိုလည်း ဆက်ပြီးတင်ပြလိုပါ ကြောင်း၊ TAB အဖွဲ့ဆိုသည်မှာ သန်းခေါင်စာရင်း စီမံချက်အဆင့် တိုင်းကို နိုင်ငံတကာ စံချိန်စံညွှန်းများ နှင့် တိုင်းတာစစ်ဆေးခြင်း၊ အကြံပြု ခြင်းများ ဆောင်ရွက်နိုင်ရန် ကုလ သမဂ္ဂအစီအစဉ်နှင့် ဖွဲ့စည်းပေးထား သော ၁၄ နိုင်ငံမှ နိုင်ငံတကာလူဦးရေ ပညာရှင်များပါသော အဖွဲ့အစည်း တစ်ခု ဖြစ်ပါကြောင်း။

ITAB အဖွဲ့ဝင်များက မြန်မာ နိုင်ငံတွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းနှင့် ပတ်သက်၍ ချီးကျူးဂုဏ်ပြုပါကြောင်း၊ ရခိုင်ဒေသ တွင် နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင် ပါက စာရင်းပြန်ကောက်သည့် လုပ်ငန်းစဉ်သည် အကောင်းဆုံးဖြစ် မည်ဟု အကြံပြုပါကြောင်း။

ITAB အဖွဲ့၏ တွဲဖက်သဘာ ပတိဖြစ်သူ ဆွစ်ဇာလန်နိုင်ငံပညာရှင် Mr. Wemer Haug က သန်းခေါင် စာရင်းကောက်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် လူ့အခွင့်အရေးကို လိုက်နာရမည်ဆိုသော်လည်း နိုင်ငံ ၏ပကတိအနေအထားပေါ် မူတည် စဉ်းစားရပါသည်ဟု ပြောခဲ့ပါ ကြောင်း၊ စင်ကာပူနိုင်ငံမှ ပညာရှင် Mr.Paulchaung ကလည်း သန်းခေါင်စာရင်း အောင်မြင်မှုအပေါ် ဂုဏ်ယူပါကြောင်း၊ ရခိုင်ဒေသတွင် လူမျိုးအမည် ပြဿနာသည် နိုင်ငံ ရေးပြဿနာ (Political Problem) ဖြစ်သည့်အတွက် နည်းပညာပိုင်း Technical နည်းဖြင့်ဖြေရှင်း၍ မရ ဟု ပြောကြားခဲ့ပါကြောင်း၊ ပညာရှင် အချို့ကမူ စာရင်းကောက်ရန်ကျန် သည့် Under count ကိစ္စသည် သန်းခေါင်စာရင်းလုပ်ငန်းတွင် အစဉ် အမြဲဖြစ်နေသည့် ပြဿနာဖြစ် ကြောင်း၊ မြန်မာနိုင်ငံ၏ Under count မှာမူ Systematic Under count ဟု ခေါ်ဆိုနိုင်ပါကြောင်းဖြင့် ပြောကြားခဲ့ပါကြောင်း။

မိမိတို့ သန်းခေါင်စာရင်း လုပ်ငန်းစဉ်သည် ကနဦးအစပိုင်းတွင် အခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်ကြုံတွေ့ ခဲ့ရသော်လည်း နောက်ဆုံးတွင် ပြည်သူများ၏ ပူးပေါင်းဆောင် ရွက်ပေးမှုကြောင့် နိုင်ငံဧရိယာ အားလုံးနီးပါးကို ကောက်ယူနိုင်ခဲ့ ပါကြောင်း၊ လက်ရှိအနေဖြင့် မေးခွန်း ပုံစံလက်ခံခြင်းလုပ်ငန်းကို ဆောင် ရွက်နေပါကြောင်း၊ ရှေ့ပြေးလူဦးရေ စာရင်းကို ယခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ကြေညာသည့် နေရာတွင် တိုင်းဒေသကြီး/ ပြည်နယ် ၊ ခရိုင်၊ မြို့နယ်အဆင့်ထိ ထုတ်ပြန်ကြေညာ မည်ဖြစ်ပါကြောင်း၊ ဖြစ်နိုင်လျှင် မိမိတို့သန်းခေါင်စာရင်း၏ လွှမ်းခြုံ နိုင်မှုနှင့် ဖြေကြားမှုရာခိုင်နှုန်းကို လည်း ထိုအချိန်တွင် ထုတ်ပြန်မည် ဖြစ်ပါကြောင်း။

သန်းခေါင်စာရင်း ဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူတည် ဆောင်ရွက်ပေးမည့် ကိစ္စရပ်သာ ဖြစ်ပြီး အခြားကိစ္စများနှင့်ရောထွေး မစဉ်းစားသင့်ဘဲ စံချိန်စံညွှန်းဆိုသည့် ရှုထောင့်တစ်မျိုးတည်းက မူတည် စဉ်းစားပြီး ဆောင်ရွက်စေခြင်းထက် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုနှင့် အရာအားလုံး ယိုယွင်းပျက်စီးနိုင်မှု ၊ သွေးထွက်သံယို ဖြစ်မှုစသည့် အကျိုးဆက်များကိုပါ ဆက်စပ်ပြီး မျှမျှတတ စဉ်းစားပေးရ မည့်လုပ်ငန်းစဉ်ဟုလည်း ပြောကြား လိုပါကြောင်း။

နိုင်ငံတော်အစိုးရသစ် ကာလ အတွင်း သုံးနှစ်နီးပါး အချိန်ယူပြင် ဆင် ဆောင်ရွက်ခဲ့ရသော ပြည်လုံး ကျွတ်အဆင့် သန်းခေါင်စာရင်း လုပ်ငန်းကြီးသည် နိုင်ငံတော်အကျိုး၊ ပြည်သူများ၏အကျိုးကို လက်ရှိနှင့် အနာဂတ်ကာလများတွင် တစ်ခန်း တစ်ကဏ္ဍအနေဖြင့် အကျိုးပြု ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ရိုး သားစွာ ယုံကြည်လက်ခံထားပါ ကြောင်း၊ ထို့ကြောင့် ယင်းအမျိုးသား ရေးလုပ်ငန်းစဉ်ကြီးတွင် ဘက်ပေါင်း စုံကဏ္ဍပေါင်းစုံမှ နိုင်ငံတစ်ဝန်းတွင် စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးကြသော ပြည်သူလူ ထုတိုင်းရင်းသားညီအစ်ကိုအပေါင်း တို့ကိုလည်းကောင်း၊ ကာလ တစ်လျှောက်လုံး အတူလက်တွဲ ဆောင်ရွက်ခဲ့သော ကုလသမဂ္ဂလူဦး ရေ ရန်ပုံငွေအဖွဲ့ (UNFPA) ကို လည်းကောင်း၊ နိုင်ငံတော်အစိုးရ အဖွဲ့၏ကိုယ်စား လေးစားစွာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး က အမေရိကန်နိုင်ငံ၌ကျင်းပခဲ့သည့် PGM အစည်းအဝေးသို့ တက်ရောက် ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား ခဲ့သည်။ **(အဆိုပါရှင်းလင်းပြောကြား ချက်ကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တက်ရောက်လာကြ သည့် သတင်းမီဒီယာများက သိရှိလို သည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူ များက ပြန်လည်ရှင်းလင်းဖြေကြား ခဲ့ကြသည်။

ယနေ့ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသ ကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသ ကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီး များနှင့် သံရုံးကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ အစည်းများမှ တာဝန်ခံနှင့် ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများမှ သတင်းထောက် များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တက်ရောက်လာသော သတင်းမီဒီယာများမေးမြန်းမှုကို ဖြေကြားစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

# မိမိနိုင်ငံ၏ကိစ္စရပ်များအား တစ်ဆင့်စကားဖြင့် မပြည့်မစုံကြားသိနေရမှုများ နားလည်မှုလွဲမှားနေမှုများအား လူကိုယ်တိုင်တွေ့ဆုံ၍ ပြည့်စုံစွာရှင်းလင်းခွင့်ရရှိသဖြင့် အကျိုးအမြတ်ရှိ

**နေပြည်တော် မေ ၇**

မေ ၇ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရှင်းလင်းပြောကြားခဲ့သော ၂၀၁၄ခုနှစ် ဧပြီ ၂၅ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသည့် Partnership Group for Peace, Development and Democracy in Myanmar (PGM) အစည်းအဝေးသို့ တက်ရောက်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားချက်များမှာ ယမန်နှစ်က အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်ဖြင့် မိတ်ဆွေနိုင်ငံများအဖွဲ့ ဆိုသည့် အမည်မှ မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဆိုင်ရာ မိတ်ဖက်အဖွဲ့ အစည်းအဝေး (Partnership Group for Peace, Development and Democracy in Myanmar-PGM) ဟု အမည်ပြောင်းလဲခဲ့ပါကြောင်း၊ လက်ရှိအစည်းအဝေးမှာ မစ္စတာ ဘန်ကီမွန်း၊ မစ္စတာ ဗီဂျေနမ်ဗီးယားနှင့် USG/DPA ဖြစ်သူ Mr.Jeffrey Feltman တို့အပါအဝင် ဩစတြေးလျ၊ တရုတ်၊ EU ၊ ပြင်သစ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ နော်ဝေ၊ ကိုရီးယား (ROK)၊ ရုရှား၊ စင်ကာပူ၊ ထိုင်း၊ ဗြိတိန်၊ အမေရိကန်၊ ဗီယက်နမ်စသော ၁၅ နိုင်ငံမှ ဌာနေကိုယ်စားလှယ်(PR) များ တက်ရောက်ကြပါကြောင်း။

အစည်းအဝေးအစတွင် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး ထို့နောက်တွင် မိမိက မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်အချို့ကို အကျဉ်းချုပ် တင်ပြခဲ့ပါကြောင်း၊ တင်ပြချက်များတွင် အစိုးရအဖွဲ့သစ်ကာလအတွင်း ကဏ္ဍအသီးသီးမှာ တိုးတက်ပြုပြင် ပြောင်းလဲဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းရေးတည်ဆောက်ကြိုးပမ်းမှုများ၊ သန်းခေါင်စာရင်းကောက်ယူမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားခဲ့သော ဖြစ်စဉ်များအပေါ် စနစ်တကျ ဖြေရှင်းဆောင်ရွက်နေမှုများစသည်တို့ ပါဝင်ခဲ့ပါကြောင်း။

ထို့နောက် တက်ရောက်လာသူမိတ်ဖက်နိုင်ငံ တစ်နိုင်ငံချင်းစီမှ အကြံပြုခြင်း၊ မှတ်ချက်ပြုပြောဆိုခြင်းများပြုလုပ်ခဲ့ကြပြီး နိုင်ငံအများစု၏ ပြောကြားချက်များမှာ မြန်မာနိုင်ငံတွင် သမိုင်းဝင်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ အစိုးရ၏ တိုင်းရင်းသား အဖွဲ့အစည်းများအကြား ကြိုးပမ်းညှိနှိုင်း ဆောင်ရွက်နေမှုများ၊ စုဝေးခွင့်နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ကြိုဆိုကြောင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူ၍ ဒေသဆိုင်ရာ စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းနေမှုကို ကြိုဆိုဂုဏ်ယူကြောင်း၊ နိုင်ငံတွင်းပြုပြင်ပြောင်းလဲမှု၊ လူ့အခွင့်အရေးတိုးမြှင့်မှုဆိုင်ရာ ဆောင်ရွက်မှု၊ အကျဉ်းသားများလွှတ်ပေးနေမှု၊ နယ်စပ်ဒေသများတွင် တိုးတက်ဆောင်ရွက်နေမှုများကို ကြိုဆိုကြောင်း၊ နိုင်ငံလုံးအဆင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ငြိမ်းချမ်းရေးကြိုးပမ်းမှုအား ကြိုဆိုကြောင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ မည်သို့ကူညီပေးစေလိုသည်ကို သိရှိလိုကြောင်း စသည်တို့ပါဝင်ပါကြောင်း။

နိုင်ငံအချို့၏ ဆွေးနွေးချက်များမှာ ၂၀၁၅ ရွေးကောက်ပွဲအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည်အရေးကြီးကြောင်းနှင့် ၂၀၁၅ ရွေးကောက်ပွဲတရားမျှတမှုရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင်း လူမျိုးစုပြဿနာများအား အလျင်အမြန်ဖြေရှင်း ဆောင်ရွက်ကြိုးစားပေးပါရန် လိုအပ်ပါကြောင်း၊ ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးဝန်ထမ်းများအား လုံခြုံရေးအပြည့်အဝပေးရန် လိုအပ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်း အောင်မြင်သော်လည်း ပဋိပက္ခဖြစ်မည်ကို စိုးရိမ်ပူပန်မှု အနည်းငယ်ရှိပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်မှု အစီအစဉ်အား သိရှိလိုပါကြောင်း စသည်တို့ ပါဝင်ပါကြောင်း၊ နိုင်ငံအချို့က နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့မှုကို ဝင်ရောက်စွက်ဖက်မှု မပြုရန်လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ လူမျိုးစုပြဿနာမှာ ရှုပ်ထွေးပြီး သမိုင်းနောက်ခံ ဖြစ်ရပ်များနှင့် ဆက်စပ်နေ၍ ချက်ချင်းဖြေရှင်း၍ မရနိုင်ကြောင်း၊ ဆွေးနွေးမှု၊ ညှိနှိုင်းမှုများဖြင့်သာ အချိန်ယူဆောင်ရွက်ရန်လိုကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ၎င်းအချက်အလက်ကို သိရှိနားလည်သည်းခံရန်လိုကြောင်း၊ မြန်မာနိုင်ငံအတွက် နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်နေခြင်းကို ပြန်လည်သုံးသပ် စဉ်းစားသင့်ကြောင်း၊ ဘာသာပေါင်းစုံ ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်ရန်အကြံပြုကြောင်း၊ ဘာသာပေါင်းစုံခေါင်းဆောင်များအနေဖြင့် နိုင်ငံတွင်း ပြန်လည်ရင်ကြားစေ့ရေးနှင့် ပတ်သက်သည့် သတင်းစကားမျိုးအား သဘောထားကွဲလွဲနေသည့် အဖွဲ့အစည်းများအကြား ပျံ့နှံ့ရောက်ရှိသွားအောင် ဆောင်ရွက်စေလိုကြောင်း၊ မြန်မာနိုင်ငံရှိ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့်ခွဲခြားမှုမရှိသော ပံ့ပိုးမှုများ ပြုလုပ်ရန်လိုကြောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးအနေဖြင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီပေးရေးကိုသာ ဦးတည်ဆောင်ရွက်သင့်ကြောင်း စသည်တို့ကို ပြောကြားခဲ့ပါကြောင်း။

အစည်းအဝေး ပြီးဆုံးသည့်နေ့မှာပင် ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက် ရက်စွဲဖြင့် ကုလသမဂ္ဂမှသတင်းထုတ်ပြန်ချက် (Press Release) တစ်ရပ်ကိုထုတ်ပြန်ခဲ့ပြီး အပြည့်အစုံကို သတင်းစာများတွင် သတင်းအဖြစ်ထည့်သွင်းဖော်ပြပြီးလည်း ဖြစ်ပါကြောင်း။

ဤအစည်းအဝေးသည် ယခင် မိတ်ဆွေနိုင်ငံများအဆင့်မှ မိတ်ဖက်နိုင်ငံများအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ မြန်မာကိုယ်စားလှယ် အဖွဲ့က တက်ရောက်ရှင်းလင်းပြောဆိုနိုင်ခြင်းသည် မိမိနိုင်ငံ၏ကိစ္စရပ်များအား တစ်ဆင့်စကားဖြင့် မပြည့်မစုံကြားသိနေရမှုများ၊ နားလည်မှုလွဲမှားနေမှုများအား လူကိုယ်တိုင်တွေ့ဆုံ၍ ဖြစ်ရပ်မှန်အကြောင်းအရာများကို ပြည့်စုံစွာ ရှင်းလင်းခွင့်ရရှိသဖြင့် အကျိုးအမြတ်ရှိသော အစည်းအဝေးတစ်ခုဖြစ်သည်ဟု သုံးသပ်ရမိပါကြောင်းဖြင့် ပြောကြားသည်။

**(သတင်းစဉ်)**

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

### ❊ ကျော့ဖုံးမှ

ညနေ ၄ နာရီ မိနစ် ၂၀ တွင် လုံးဝမီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် လေယာဉ်ပေါ်တင်ဆောင်လာသည့် ကမ္ဘောဇဘဏ်လွှဲပို့ငွေသန်းတစ်ထောင့်တစ်ရာခုနစ်ဆယ့်ငါးသန်းငါးသိန်းကို ကမ္ဘောဇဘဏ်မန်နေဂျာဒေါ်မြမြနှောင်းက ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူးရုံးလုံခြုံရေးအဖွဲ့နှင့်အတူ ကမ္ဘောဇဘဏ်သို့ မော်တော်ယာဉ်ဖြင့် ပြန်လည်သယ်ဆောင်သွားကြောင်းနှင့် လေယာဉ်ကိုပြုပြင်ရန်အတွက် လေယာဉ်အင်ဂျင်နီယာအဖွဲ့အား အကြောင်းကြားထားကြောင်း သိရသည်။ အဆိုပါလေယာဉ်ကို စစ်တပ်နှင့် ရဲ၊ မီးသတ်တို့မှ လုံခြုံစွာစောင့်ကြပ်ထားကြောင်း မန္တလေးမှ လိုက်ပါ လာသည့် ခရီးသည်များအားလည်း တာဝန်ရှိသူများက တည်းခိုခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**


## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်းသတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ ပုလဲ ၇ လမ်း၊ အဆောင် ၁၃၊ အခန်း ၁ နေ ဦးကျော်သူသိန်း ၁၂/ဗဟန(နိုင်) ဝ၈၁၄၉၈ က အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်အဖြစ်သုံးစွဲရန် ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၄၀၄၄/၂၀၁၄ ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

BEST FLOOR

**BEST FLOOR တံဆိပ်အမည်အမှတ်အသားစာချုပ်မှတ်ပုံတင်အမှတ် ၄၀၄၄/၂၀၁၄**

အထက်ပါ BEST FLOOR ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ Laminate Floor၊ ဝါး၊ သစ်ပါကေး၊ Viny Floor၊ Wall paper အပါအဝင် အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ ကြွေပြားနှင့်ရေချိုးခန်းသုံး ပစ္စည်းအမျိုးမျိုး၊ ပါကေးကြမ်းခင်းပြားအမျိုးမျိုးတို့ကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် အရောင်းဆိုင်များဖွင့်လှစ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ပါ BEST FLOOR ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံစံ(Logo)အမှတ်အသားကိုအသုံးပြုပြီး အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ Laminate Floor ၊ ဝါး၊ သစ်ပါကေး၊ Viny Floor၊ Wall paper အပါအဝင် အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ ကြွေပြားနှင့်ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုး၊ ပါကေးကြမ်းခင်းပြားအမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွင် တံဆိပ်အမှတ်အသား အနေဖြင့်လည်းကောင်း၊ ထည့်သွင်းထုပ်ပိုးသည့်စက္ကူအိတ်၊ စက္ကူဘူးခွံ၊ စက္ကူပတ်၊ ပလတ်စတစ်အိတ်၊ သားရေအိတ်နှင့် ထုပ်ပိုးမှုပုံစံအမျိုးမျိုးတို့တွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်တုံး၊ တံဆိပ်တုံး၊ ဒီဇိုင်းလက်ကမ်းကြော်ငြာ၊ တီဗွီ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်၊ တီရှပ်၊ ရုပ်ရှင်ဆလိုက်ကြော်ငြာနှင့် ငွေရပြေစာဖြတ်ပိုင်းတို့တွင်လည်းကောင်း အရွယ်အစားအမျိုးမျိုးဖြင့် အသားတံဆိပ်ရိုက်နှိပ်၊ ကပ်နှိပ်ထည့်သွင်းဖော်ပြ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ မြို့ရွာဒေသ မြို့နယ်အနှံ့အပြား၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်၍BEST FLOOR ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံစံ(Logo)အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ပုံတူကူး၍ ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှား တုပပြုလုပ်၍ဖြစ်စေ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

အထက်ပါသတိပေးတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ တည်ဆဲတရားဥပဒေနှင့်အညီ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။ **ဦးကျော်သူသိန်း ၁၂/ဗဟန(နိုင်)ဝ၈၁၄၉၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှလှလွင် (စဉ်-၅၇၇၃)**
**ဒေါ်လွင်မာ (စဉ်-၈၉၀၉)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၅၅၊ဒုတိယထပ်၊အခန်း၇၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

**ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉) ဒေါ်ယုယုနိုင် (စဉ်-၄၁၄၄၀)**
**ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄) ဒေါ်သဇင်အေး (စဉ်-၄၁၄၅၉)**
**ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂) ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)**
**ဒေါ်လဲ့လဲ့ဝင်း (စဉ်-၃၉၈၈၀) ဒေါ်ရည်မွန်ထက် (စဉ်-၄၃၀၆၂)**
**အထက်တန်းရှေ့နေများ**



## နေလမင်း
## အိမ်ခြံမြေနှင့်အထွေထွေအကျိုးဆောင်လုပ်ငန်း

အနယ်နယ်အရပ်ရပ်မှ လူကြီးမင်းများနှင့် မိတ်ဆွေများအား အထူးဖိတ်ခေါ်အပ်ပါသည်။ ပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးအိမ်ခြံမြေများကို ရောင်းခြင်း၊ ဝယ်ခြင်းကိစ္စအဝဝကို စိတ်တိုင်းကျဆောင်ရွက်ပေးပြီး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အောက်ပါဝန်ဆောင်မှုများကို အကောင်းဆုံးဆောင်ရွက်ပေးနေပြီ.....

- တိကျမှန်ကန်သောမြေကွက်များကိုသာ အရောင်းအဝယ်ပြုလုပ်ပေးခြင်း
- အရောင်းအဝယ်ပြုလုပ်သောမြေကွက်များကို လူကြီးမင်းတို့စိတ်တိုင်းကျ ဌာနဆိုင်ရာရုံးများတွင် စစ်ဆေးပေးခြင်း
- ဥပဒေအကျိုးဆောင်ရှေ့နေများဖြင့် ခိုင်ခိုင်မာမာစာချုပ် ချုပ်ဆိုပေးခြင်း၊ GP,SP လွှဲပေးခြင်း
- လူကြီးမင်းများ ပြင်ဦးလွင်သို့လာရောက်လျှင် ကားဝင်း၌ လာရောက်ကြိုဆိုပြီး လူကြီးမင်းတို့ စိတ်တိုင်းကျမြေကွက်များကို သက်သောင့်သက်သာ လိုက်လံကြည့်ရှုနိုင်ရန် အပြည့်အဝဝန်ဆောင်မှုပေးခြင်း
- စိတ်တိုင်းကျဝယ်ယူပြီးသောမြေကွက်များကို အုတ်တံတိုင်းခတ်၊ အလှဆင်ခြင်းအပြင် အိမ်ဆောက်ခြင်း၊ ပြန်လည်ရောင်းချပေးခြင်းများကိုပါ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။

*** ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရားကြီးအနီး၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်နှင့် ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးတွင်ရှိသော မြေကွက်များ၊ မြို့ရှောင်လမ်းအနီးရှိ ကျီးကိုင်မြေကွက်များ၊ ရပ်ကွက်ကြီး(၂၀)၊ နှောင်ခမ်းကြီးရှိ မြေကွက်များ၊ ရ·က·က(၁၃)၊ ဆင်ခေါင်းလေး၊ နှောင်လုံး၊ ရေသရောက်ကုန်း၊ အနီးစခန်း၊ အောင်ချမ်းသာကွန်ပျူတာ တက္ကသိုလ်အနီးရှိ မြေကွက်များနှင့် အခြား ပြင်ဦးလွင်မြို့ရှိ အကောင်းဆုံးနှင့် ဈေးနှုန်းအသက်သာဆုံးမြေကွက်များစွာကို အမြန်ဆုံး ရောင်းရန်ရှိသောကြောင့် လူကြီးမင်းတို့ စိတ်တိုင်းကျ မြေကွက်များကို ပိုင်ဆိုင်နိုင်ရန် အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**(စုံစမ်းချိန်-နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ)**
**စုံစမ်းရန် - နေလမင်း အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း**
**အမှတ် ၂၈၊ မန္တလေး-လားရှိုးလမ်း၊ (၁၇×၁၈)ကြား၊**
**ရွှေလီဦးအထည်ဆိုင်ရှေ့၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၇၁၃၆၁၀၄၊ ၀၉-၄၀၂၅၅၁၂၀၃၊ ၀၉-၄၉၂၇၆၉၉၉**



## ကျေးဇူးဆပ်

ကျွန်တော် မောင်ရဲခိုင်ဝင်း ၆/ထဝန(နိုင်)ဝ၆၅၂၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် A-458375 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၁၇၀၄၄၂**



## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၄)ရပ်ကွက်၊ မြေကွက်အမှတ် ၁၁၀၆၊ ဗန္ဓုလလမ်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ၁၂၁ ရပ်ကွက်၊ မြေကွက်အမှတ် ၂၉၊ အင်းဝလမ်းရှိ မြေကွက်တို့အား လက်ဝယ်ပိုင်၍ ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်တော် ကိုအောင်ဖြိုးမြင့် ၈/ပခက(နိုင်) ၀၀၂၆၄၈ က ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သောကြောင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများပြသ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ဖြိုးမြင့်**
**တ/၉၁၊ ၉၂၊ မင်းရဲကျော်စွာလမ်း၊**
**(၃၈)ရပ်ကွက်၊ မြောက်ဒဂုံ**

# အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းကကြီးမှူး၍ မေ ၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ (International day of the Midwife) အထိမ်းအမှတ်အခမ်းအနားကို ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ၏ ပံ့ပိုးမှုဖြင့် မေ ၃ ရက် နံနက် ၉ နာရီက ရန်ကုန်သူနာပြုတက္ကသိုလ်၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားသည်။

**ဖတ်ကြား**

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်၊ UNFPA ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson နှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ဒေါက်တာနန်းထွမ်းလှတို့က အမှာစကားပြောကြားကြပြီး စာတမ်းရှင် သားဖွားဆရာမ ငါးဦးတို့က စာတမ်းများ ဖတ်ကြားကြသည်။

ယင်းနောက် Nestle Co.,Ltd. မှ ဒေါက်တာမြရတနာသိုက်က မွေးကင်းစကလေးငယ်၊ မိခင်နို့ ဖြည့်စွက်အာဟာရအကြောင်းကို ဆွေးနွေးပြီး စာတမ်းရှင် သားဖွားဆရာမများအား တာဝန်ရှိသူများက Delivery Kit များနှင့် ဂုဏ်ပြုဆုများချီးမြှင့်သည်။

နှစ်စဉ် မေ ၅ ရက်တွင် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သူနာပြုနှင့် သားဖွားအသင်းများက ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သရက်သီးပြပွဲ ပြိုင်ပွဲ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံရှိ သရက်သီးမျိုးများမှ အရည်အသွေးကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များ ပေါ်ထွက်လာစေရေး၊ သရက်သီးမျိုးကောင်း မျိုးသန့်များ စုစည်းနိုင်ရေး၊ သရက်သီးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် နည်းပညာများရရှိနိုင်ရေး၊ သရက်သီးစိုက်ပျိုးထုတ်လုပ်သူ တောင်သူအချင်းချင်း ဆွေးနွေးညှိနှိုင်းရေးနှင့် ပြည်တွင်း ပြည်ပဈေးကွက်ရှာဖွေနိုင်ရေး ရည်ရွယ်ချက်တို့ဖြင့် မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက ကြီးမှူး၍ သရက်သီးပြပွဲ၊ ပြိုင်ပွဲ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲတို့ကို မေ ၁၀ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ ရွှေပုစွန်၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ သရက်သီးပြပွဲ၊ ပြိုင်ပွဲ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲတွင် နိုင်ငံခြားမှပညာရှင်များနှင့် မြန်မာနိုင်ငံမှ ပညာရှင်များဦးဆောင်၍ သရက်နှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

## စာဖတ်ရှိန်မြှင့်တင်ရေး ဒုတိယအကြိမ်ဟောပြော

**ကသာ မေ ၇**

ကသာမြို့နယ် ကပ္ပလိပ်ကျေးရွာအုပ်စု မိဿလင်ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မေ ၄ ရက် နံနက် ၁၁ နာရီခွဲက စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ဒုတိယအကြိမ် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ကသာမြို့နယ် ကပ္ပလိပ်ကျေးရွာအုပ်စု မိဿလင်ကျေးရွာတွင် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲကို ဒုတိယအကြိမ် ကျင်းပပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ရှိပြီး စာကြည့်တိုက်ကိုဖျက်၍ လှူဒါန်းရရှိသော သွပ်၊ ဘိလပ်မြေ၊ အုတ်တို့ကို မတည်၍ စာကြည့်တိုက်အသစ်ဆောက်လုပ်မည်ဖြစ်ကြောင်း မိဿလင်ကျေးရွာ ရာအိမ်မှူး ဦးဖိုးမဲက ပြောကြားခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် စာကြည့်တိုက်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချိမောင်၊ မြို့နယ်သတင်းထောက်အဖွဲ့ဥက္ကဋ္ဌ ဦးစမ်းဦး (ကမ်းနဖူးကစမ်းဦး)နှင့် အဖွဲ့ဝင်များ၊ ခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီဝင် တပ်ကြပ်ကြီး အောင်ဝင်းတို့က စာအုပ်စာစောင်များနှင့်စာကြည့်တိုက်အသစ်ဆောက်လုပ်ရန် ဘိလပ်မြေအိတ် ၅၀၊ သွပ်အချပ် ၄၀၊ အုတ် ၃၀၀၀ တို့ကို မတည်လှူဒါန်းရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးကိုနှင့် ရာအိမ်မှူး ဦးဖိုးမဲတို့က လက်ခံယူခဲ့သည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချိမောင်၊ မြို့နယ်သတင်းထောက်အဖွဲ့ဥက္ကဋ္ဌ ဦးစမ်းဦး(ကမ်းနဖူးက စမ်းဦး)နှင့် တပ်ကြပ်ကြီး အောင်ဝင်းတို့က စာဖတ်ရှိန်မြှင့်တင်ရေးကိစ္စရပ်များကို ဟောပြောခဲ့သည်။ အခမ်းအနားသို့ မိဿလင်ကျေးရွာ၊ ကပ္ပလိပ်ကျေးရွာ၊ စေတီကုန်းကျေးရွာများမှ မိဘပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် မေ ၇**

၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပမည်ဖြစ်သည်။ ဇွန် ၇ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကာတွန်းပြိုင်ပွဲနှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ပန်းချီပြိုင်ပွဲတို့ကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌လည်းကောင်း၊ ဇွန် ၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဗဟန်းမြို့နယ် သံလွင်လမ်းရှိ ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ပိုစတာပြိုင်ပွဲကို လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံစံများကို မေ ၉ ရက်မှစတင်ကာ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းဘေးရှိ တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း(ရုံးခန်းဟောင်း)၌ အခမဲ့ထုတ်ယူနိုင်ပြီး ဖြည့်စွက်ပုံစံများကို ဇွန် ၅ ရက်နောက်ဆုံးထား၍ မိမိထုတ်ယူခဲ့သည့် တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသို့ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

### နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း တောင်သာမြို့၌ဖွင့်

**တောင်သာ မေ ၇**

မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်လုလင်ကျေးရွာတွင် ဒုတိယအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၂၀ ရက်က ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးတေဇနိယက ဖွင့်လှစ်ပို့ချသည်။ သူငယ်တန်းမှ စတုတ္ထတန်းအထိ သင်တန်းသားဦးရေ ၆၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၁၀ ရက်အထိ ဖြစ်သည်။

ယဉ်ကျေးလိမ္မာ သင်တန်းသားများအား ကမ်းလင့်လက် လူငယ်ပရဟိတအဖွဲ့က နှစ်စဉ် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပြီး ကျေးရွာရှိ အလှူရှင်များကလည်း အချိုရည်နှင့်မုန့်များ လှူဒါန်းကြကြောင်း သိရသည်။ **သန္တာမြင့်**

### နမ့်လန်ဒေသတွင် နံရံကပ်စာစောင်စာပေရေချမ်းစင်ထားရှိ

**နမ့်လန် မေ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်လန်ဒေသအတွင်းမှ ဒေသခံပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် မိမိအလိုရှိရာ စာပေများကို အလွယ်တကူသိရှိနိုင်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နမ့်လန်ဒေသရုံးခွဲမှ ဒုဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်နှင့် ဝန်ထမ်းများက မေ ၅ ရက်တွင် မြောက်ပိုင်းရပ်ကွက် ကြယ်တစ်လုံးလက်ဖက်ရည်ဆိုင်၌ နံရံကပ်စာစောင်စာပေရေချမ်းစင် အတွဲ(၂) အမှတ်(၄) ဘာသာရပ် ၁၂ မျိုး ကလေးသူငယ်စဉ်တစ်မျိုး စုစုပေါင်း စာစဉ် ၁၃ မျိုး စာစဉ် စာအုပ် ၆၃ အုပ်ကို ဒေသခံပြည်သူများ အချိန်တိုအတွင်း စာပေလေ့လာ ဖတ်ရှုစေလိုသော ရည်ရွယ်ချက်များဖြင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မြင့်သွယ် (iprd)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄ ခုနှစ် စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားအဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသော ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တော်လတဲ့ကျေးရွာမှ ဦးဝင်းမြင့်အတွက် ဂုဏ်ယူမိပါကြောင်း။

**ဦးအောင်စိုး(ဒါရိုက်တာ)၊ ဦးကျော်စိုးလှိုင်(ဒါရိုက်တာ)နှင့် ဝန်ထမ်းများ(ငွေပုံကြီးကုမ္ပဏီလီမိတက်)**

## ဂုဏ်ယူဝမ်းမြောက်မိခြင်း

၂၀၁၄ ခုနှစ် စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားအဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသော ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တော်လတဲ့ကျေးရွာမှ ဦးလေး ဦးဝင်းမြင့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**တူမ- Cap ဦးညီညီ (Perdana)- ဒေါ်အေးသဇင်အောင် (MD- Royal A Co., Ltd.)**

**တူ၊ တူမများနှင့် ဝန်ထမ်းများ**

## မြန်မာ့ရပ်ရှင်မြှင့်တင်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ စက်မှု(သိုလှောင်ရုံ)ရှိ ခေတ်ပေါ်နည်းပညာနှင့် မကိုက်ညီသောစက်ပစ္စည်း (၂၈၇၁၆) မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၅-၂၀၁၄ ရက်မှ ၁၆-၅-၂၀၁၄ ရက်တွင် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ စက်မှု(သိုလှောင်ရုံ)၊ အမှတ်(၄-ခ)၊ ကန်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်သို့ လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါမတင်သွင်းမီစက်ပစ္စည်းများအား ၇-၅-၂၀၁၄ ရက်မှ ၁၁-၅-၂၀၁၄ ရက်အတွင်း ရုံးချိန်အတွင်း အထက်ပါလိပ်စာသို့ လာရောက်ကြည့်ရှုနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါများကို ၁၆-၅-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီမှ မွန်းလွဲ ၂း၀၀ နာရီအတွင်း တင်ဒါရောင်းချသည့်အဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့**

**ဖုန်း-၅၃၆၀၃၀၊ ၀၉-၂၅၀၀၆၄၃၀၆**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄ ခုနှစ် စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားအဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသော ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တော်လတဲ့ကျေးရွာမှ အစ်ကိုကြီး ဦးဝင်းမြင့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် နောင်နှစ်များတွင်လည်း နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**မောင်နှမများ**

**ဦးစိုးသန်း(Silver Pie)- ဒေါ်သန်းသန်းအေး(စာရင်းစစ်၊ ငြိမ်း)**
**ဦးစိုးဝင်း(Chief Engineer)- ဒေါ်ရီရီ(ဦးစီးမှူး၊ စမ်းချောင်း)**
**ဦးကျော်စိုးလှိုင်(Director- Silver Pie)- ဒေါ်အေးအေးယု**
**ဦးအောင်ကျော်ဦး- ဒေါ်ကြည်ကြည်(ပြည့်လျှံစားသောက်ဆိုင်၊ တောင်ငူ)**
**ဗိုလ်မှူးမျိုးခိုင်-မခင်မာထွန်း(Myanmar Kipling Toure)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပုသိမ်ကြီးမြို့၌ နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပုသိမ်ကြီး မေ ၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်သည် စိုက်ပျိုးရေးကို အခြေခံသော မြို့နယ်ဖြစ်သည်။ ယခုနှစ် နွေစပါးစိုက်ဧက လျာထားဧကမှာ ၂၃၄၀၀ ဧကဖြစ်ပြီး ဆည်ရေသောက်ဧက ၁၉၈၄၀ ဧကနှင့် စိုက်ပျိုးပြီးဧကမှာ ၂၀၆၄၁ ဧကဖြစ်သည်။ ယခုနှစ်တွင် ပုသိမ်ကြီးမြို့၌ သကြံန်မိုးနှင့် အတူ ကဆုန်လဆန်းတွင် မိုးများ ထစ်ချုန်းရွာသွန်းခဲ့သည်။ မိုးများ ထစ်ချုန်းရွာသွန်းမှုကြောင့် လေထုထဲတွင် နိုက်ထရိုဂျင်ဓာတ်များ ဖြစ်ထွန်းခဲ့၍ စပါးပင်များတွင် လိုအပ်နေသော အစိမ်းရောင်ကလိုရိုဖီးဓာတ်များ ပါဝင်ခဲ့၍ နွေစပါးခင်းများ စိမ်းမြပြီး အပင်ပွားနှုန်းများပါ ကောင်းမွန်လျက်ရှိကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောသည်။ **(အပေါ်ပုံ)**

ပုသိမ်ကြီးမြို့နယ်တွင် စိုက်ပျိုးသော စပါးအမျိုးအစားများမှာ ပုလဲသွယ်၊ ရွှေသွယ်ရင်၊ မဂျမ်းတော၊ မနောသုခ၊ ဆင်းရွှေသွယ်၊ ရက်တစ်ရာစပါးများဖြစ်သည်။ လယ်ယာမြေများကို ခေတ်မီစက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးလာကြောင်း၊ အလုပ်သမားရှားပါးလာမှုကြောင့် မျိုးစေ့ တိုက်ရိုက်ကြဲပက် စိုက်ပျိုးခြင်းကို တောင်သူများ အများဆုံးဆောင်ရွက်လျက်ရှိကြောင်း တောင်သူဦးကြီးတစ်ဦးက ပြောသည်။

ယခုအခါ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ တောင်သူများသည် "ရေတစ်အိုး မိုးတစ်ပေါက်" ဆိုသောစကားနှင့်အညီ မိုးရွာသွန်းမှုကို စောင့်မျှော်ရကျိုးနပ်၍ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၅-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ပဲရည် | တစ်ကျပ်သား | ၆၆၅၅၀၀ |
| ရန်ကုန် | ၁၅ပဲရည် | တစ်ကျပ်သား | ၆၂၆၄၀၀ |
| မန္တလေး | ၁၆ပဲရည် | တစ်ကျပ်သား | ၆၆၅၅၅၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၉၄၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၁၁၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၉၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ကျပ် ၃၂၀၀-၄၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ကျပ် ၂၈၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ကျပ် ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ကျပ် ၆၀၀၀-၁၃၀၀၀ |
| ၅။ | ပုစွန်(ကျော့) | တစ်ပိဿာ | ကျပ် ၈၀၀၀-၁၃၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ကျပ် ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ကျပ် ၇၀၀၀-၂၀၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ကျပ် ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ကျပ် ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ကျပ် ၇၀၀၀-၁၀၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ကျပ် ၁၂၀၀၀-၁၅၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၉၆၂-၉၇၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၃၃၀-၁၃၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၇၇၅-၇၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၃၀.၅-၃၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၅.၄-၁၅.၇၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၅၇-၁၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၂၉၄-၃၀၀ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၆၅၀၀ |
| ပေါ်ကြွဲ(အသစ်) | တစ်အိတ် | ၂၀၅၀၀ |
| ပေါ်ဆန်း(အသစ်) | တစ်အိတ် | ၂၅၀၀၀-၂၉၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၂၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၆၀ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၂၆၀-၄၈၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၈၀၀-၁၃၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၁၅၀-၁၂၂၅ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၈၀-၆၁၀ |
| ငရုတ်ရှည်(ညောင်ရမ်းမိုး) | တစ်ပိဿာ | ၂၄၀၀-၂၅၀၀ |
| ငရုတ်ပွ(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၈၀၀-၅၂၀၀ |
| သကြား | တစ်ပိဿာ | ၈၈၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

# မတ်ပဲ၊ ပဲစင်းငုံ RCဈေးနှုန်းများ ပြန်လည်မြင့်တက်၊ စားအုန်းဆီဈေးနှုန်းကျ

**ရန်ကုန် မေ ၇**

ယခုရက်ပိုင်း ဖြစ်ပွားသော ပဲလောကအတွင်းမှ ကုမ္ပဏီလီမိတက်တစ်ခု၏ ပေးရန်၊ ရရန်ကိစ္စရပ်များအတွက် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ မေ ၄ ရက်နေ့စွဲဖြင့် ထုတ်ပြန်ချက်ကြောင့် မေ ၅ ရက် ကုန်စည်ဒိုင်ဖွင့်ရက်တွင် မတ်ပဲ၊ ပဲစင်းငုံနီ RC ဈေးနှုန်းများ အနည်းငယ်ကျဆင်းသော်လည်း မေ ၆ ရက်တွင် ဈေးနှုန်းများ သိသာစွာ ပြန်လည်မြင့်တက်ပြီး အရောင်းအဝယ် ပုံမှန်ဖြစ်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်၏ နေ့စဉ်ဈေးနှုန်းအချက်အလက် ထုတ်ပြန်ချက်များအရ သိရသည်။

ဧပြီ ၃၀ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၆၈၇၀၀၀ နှုန်း၊ မေ ၂ ရက်တွင် ငွေကျပ် ၇၁၅၀၀၀ နှုန်း၊ မေ ၃ ရက်တွင် ငွေကျပ် ၇၂၅၀၀၀ နှုန်းရှိခဲ့ပြီး မေ ၅ ရက်တွင် ငွေကျပ် ၇၁၈၀၀၀ နှုန်းသို့ ဈေးကျသော်လည်း မေ ၆ ရက်တွင် ငွေကျပ် ၇၄၄၀၀၀ သို့ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

ဧပြီ ၃၀ ရက်တွင် မတ်ပဲ SQ၊ RC တစ်တန် ငွေကျပ် ၇၇၆၀၀၀၊ မေ ၂ ရက်တွင် ငွေကျပ် ၈၁၅၀၀၀၊ မေ ၃ ရက်တွင် ငွေကျပ် ၈၄၀၀၀၀၊ မေ ၅ ရက်တွင် ငွေကျပ် ၈၁၈၀၀၀ နှုန်းရှိခဲ့ ကြောင်း မေ ၆ ရက်တွင် ငွေကျပ် ၈၅၉၀၀၀ နှုန်းသို့ မြင့်တက်လာသည်ဟု သိရသည်။

ဧပြီ ၂၉ ရက်တွင် မတ်ပဲ RC ကုန်သေတ္တာ ၁၀ လုံး၊ ဧပြီ ၃၀ ရက်တွင် RC ၁၀ လုံး၊ SQ၊ RC အလုံး ၂၀၊ မေ ၂ ရက်တွင် RC ၁၀ လုံး၊ မေ ၃ ရက်တွင် ၁၀ လုံး၊ မေ ၅ ရက်နှင့် ၆ ရက်တို့တွင် ငါးလုံးစီ အရောင်းအဝယ်ဖြစ်ကြောင်း၊ ပဲဈေးကွက်တွင် မတ်ပဲဈေးနှုန်း ပြန်လည်ဈေးတက်လာပြီး အရောင်းအဝယ်ပုံမှန်ဝန်းကျင်ဖြစ်နေဆဲရှိသည်ဟု ကုန်စည်ဒိုင်၏ နေ့စဉ်ကုန်ဈေးနှုန်းသတင်းပါ အချက်အလက်များအရ သိရသည်ဟု ပဲကုန်သည်တစ်ဦးက ဆိုသည်။

ပဲစင်းငုံနီ RC ဈေးနှုန်းမှာ ဧပြီ ၃၀ ရက်တွင် တစ်တန်လျှင် ငွေကျပ် ၆၄၄၀၀၀ နှုန်း၊ မေ ၂ ရက်တွင် ငွေကျပ် ၆၆၃၀၀၀ နှုန်း၊ မေ ၃ ရက်တွင် ငွေကျပ် ၆၅၆၀၀၀ နှုန်း၊ မေ ၅ ရက်တွင် ငွေကျပ် ၆၂၅၀၀၀ နှုန်း၊ မေ ၆ ရက်တွင် ငွေကျပ် ၆၄၀၀၀၀ နှုန်းရှိကြောင်း သိရသည်။ ဧပြီ ၂၈ ရက်တွင် စားအုန်းဆီ တစ်ပိဿာ လက်ငင်း၊ လက်ကားဈေး နှုန်း ၁၆၁၅ ကျပ်အထိ ဈေးမြင့်ခဲ့သော်လည်း ကမ္ဘာ့စားအုန်းဆီဈေးနှုန်းကျဆင်းမှုကြောင့် မေ ၆ ရက်တွင် ၁၅၆၅ ကျပ်နှုန်းသို့ ဈေးကျလာရာ သင်္ကြန်မတိုင်မီ ဧပြီလ ဒုတိယပတ် ဈေးနှုန်းများအတိုင်း ပြန်လည်ဖြစ်လာကြောင်း၊ ဧပြီ ၂၈ ရက်တွင် မလေးရှားစားအုန်းဆီ FOB ဈေးနှုန်း တစ်တန် ဒေါ်လာ ၉၁၀ ငွေလဲနှုန်း ၉၆၇ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေး ၁၆၄၆ ကျပ်နှုန်းရှိခဲ့ပြီး မေ ၆ ရက်တွင် FOB ၈၈၀ ဒေါ်လာ နှုန်း ငွေလဲနှုန်း ၉၆၃ ကျပ်ဖြင့် တစ်ပိဿာအရင်းဈေး ၁၅၈၈ ကျပ်နှုန်းသာရှိနေကြောင်း ဆီဈေးကွက်မှ သိရသည်။

**ခင်ဆိုင်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်/အထူးစီမံကိန်းအဖွဲ့များမှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သည့်အောက်ဖော်ပြပါပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | ဘားအံခရိုင် | ကော့ကရိတ်ခရိုင် | ဖာပွန်ခရိုင် | လမ်းအထူးအဖွဲ့(၉) | တံတားအထူးအဖွဲ့(၆) | တံတားအထူးအဖွဲ့(၁၃) | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် |
| ၁။ | ကတ္တရာ | တန် | ၅၀၀ | ၁၈၁.၂ | ၂၂၀ | ၁၁၀.၂၅ | - | - | ၁၀၁၁.၄၅ |
| ၂။ | သံချောင်း | တန် | ၈၀ | ၆၅.၀၆၅ | ၃၃၈ | ၂၁၆.၆၂၄ | - | - | ၆၉၉.၆၈၉ |
| ၃။ | ဘိလပ်မြေ | တန် | ၁၅၀ | ၄၁၄ | ၁၂၂၁ | ၁၁၉၃.၇၀၃ | ၁၈၄၅ | ၅၆၀.၄၁ | ၅၃၈၄.၁၁၃ |
| ၄။ | အုတ် | ချပ် | ၅၀၀၀၀၀ | ၅၄၉၅၃.၅ | - | ၂၂၀၀၄၈ | - | - | ၇၇၅၀၀၁.၅ |
| ၅။ | သဲ | ကျင်း | ၁၀၀ | ၃၇၁.၃၂၇၅ | ၆၆၆ | ၉၀၀.၆၃ | ၈၁၅ | ၂၅၉ | ၃၁၁၁.၉၅၇၅ |
| ၆။ | ကျောက်စရစ် | ကျင်း | ၁၀၀ | ၂၅၁.၅၂ | ၁၁၅၂ | ၇၄၈၆.၆၁ | ၁၆၂၀ | ၃၂၆ | ၁၀၉၃၆.၁၃ |
| ၇။ | ၆"-၉"ကျောက် | ကျင်း | ၁၈၀ | ၃၃၅.၆၄ | ၃၀၀ | ၁၄၉၇.၆ | - | - | ၂၃၁၃.၂၄ |
| ၈။ | ၃"အောက်ကျောက် | ကျင်း | - | ၃၄၁၁.၆ | - | - | - | - | ၃၄၁၁.၆ |
| ၉။ | ၂"- ၄"ကျောက် | ကျင်း | ၃၇၀၀ | - | ၁၀၂၇ | ၁၈၆၀ | - | - | ၆၅၈၇ |
| ၁၀။ | ၁"- ၂"ကျောက် | ကျင်း | ၃၂၀၀ | ၂၇၅၉ | ၃၅၅၈ | ၂၄၃၅ | - | - | ၁၁၉၅၂ |
| ၁၁။ | ၁/၂"-၃/၄"ကျောက် | ကျင်း | ၆၀၀ | - | ၂၈၃ | ၁၈၉.၁၂၉ | - | - | ၁၀၇၂.၁၂၉ |
| ၁၂။ | ၁/၂"-၁/၈"ကျောက် | ကျင်း | - | ၃၀၀ | - | - | - | - | ၃၀၀ |
| ၁၃။ | ၁/၄"-၃/၄"ကျောက် | ကျင်း | - | ၃၅၁.၉၂၅ | - | - | - | - | ၃၅၁.၉၂၅ |
| ၁၄။ | ၁/၄"-၃/၈"ကျောက် | ကျင်း | ၅၀၀ | - | - | - | - | - | ၅၀၀ |
| ၁၅။ | ၃/၄"-၁/၈"ကျောက် | ကျင်း | - | ၄၉ | - | - | - | - | ၄၉ |
| ၁၆။ | ၁/၈"-၃/၈"ကျောက် | ကျင်း | - | - | ၁၉၀ | - | - | - | ၁၉၀ |
| ၁၇။ | ၁/၂"-၁/၄"ကျောက် | ကျင်း | - | - | - | ၁၀၈ | - | - | ၁၀၈ |
| ၁၈။ | ဖြုန်းကျောက် | ကျင်း | - | ၄၆၂ | - | - | - | - | ၄၆၂ |
| ၁၉။ | ချောင်းကျောက် | ကျင်း | - | ၁၇၈၂ | - | - | - | - | ၁၇၈၂ |
| ၂၀။ | တောသစ်(ခွဲသား) | တန် | ၅၀ | ၄၃.၁၄ | ၂၅၇ | ၁၄၅.၇၁၈ | ၅၇၄ | ၁၆၃.၈၇၈ | ၁၂၃၃.၇၃၆ |
| ၂၁။ | တောသစ်(ပျဉ်) | တန် | - | ၃.၉၈ | - | - | - | - | ၃.၉၈ |
| ၂၂။ | ဂဝံမြေ | ကျင်း | - | ၁၈၅၃.၁၆ | ၂၂၀၀ | - | - | - | ၄၀၅၃.၁၆ |
| ၂၃။ | သံကူကွန်ကရစ်ပိုက် (၃'Ø-၃' အရှည် ၄"အထူ) | လုံး | - | - | - | ၃၇၅ | - | - | ၃၇၅ |

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၈-၅-၂၀၁၄ရက် မှ ၂၁-၅-၂၀၁၄ရက်
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်** - ၂၂-၅-၂၀၁၄ ရက် မွန်းလွဲ ၁၃:၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ ကရင်ပြည်နယ်

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့နှင့်သက်ဆိုင်ရာခရိုင်၊ အထူးစီမံကိန်းရုံးများတွင် ၈-၅-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**ကရင်ပြည်နယ်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# မိုးရွာသွန်း၊ လေပြင်းထန်စွာတိုက်၍ အဆောက်အအုံနှင့် သစ်ပင်များ ပြိုလဲကျ

**ရမည်းသင်း မေ ၇**

မေ ၅ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် လေပြင်းတိုက်ခတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင်းရှိ ရပ်ကွက်များတွင် သစ်ပင်များ ပြိုလဲခြင်း၊ ကိုင်းများကျိုးပဲ့ ပြတ်ကျခြင်း၊ အဆောက်အအုံများ သွပ်လန်ခြင်း၊ ကြက်ခြံများ ပြိုကျခြင်းများ ဖြစ်ခဲ့သည်ဟု သိရသည်။

ယင်းသို့ မိုးရွာစဉ်အတွင်း လျှပ်စီးများလက်ခြင်း၊ လေပြင်းများ ပြင်းထန်စွာ တိုက်ခတ်ခြင်းကြောင့် အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း အတွင်းရှိ အိပ်ဆောင်(၂) ပေ (၁၀၀×၂၂) ၏ လေးပုံသုံးပုံခန့် သွပ်များ လွင့်စဉ်ဆုံးရှုံးခဲ့ပြီး ဆယ်တင်သွပ်အချပ် ခုနစ်ချပ်သာ ရရှိခဲ့၍ ခန့်မှန်း သွပ် ၁၉၂ ချပ် ဆုံးရှုံးခဲ့ရသည်။ **(ဓါတ်ပုံ)**

အလားတူပင် ဗလတပ်ခွဲ အိပ်ဆောင် ပေ(၁၀၀×၂၂) ၏ အမိုး သုံးချိုး တစ်ချိုးခန့်မှာလည်း သွပ်ခန့်မှန်း ၉၆ ချပ် လွင့်စဉ်ဆုံးရှုံးခဲ့ပြီး သစ် သုံးလက်မ×နှစ်လက်မ×၁၅ ပေ အချောင်း ၄၀ ကျိုးပဲ့ပျက်စီးခဲ့သည်ဟု သိရသည်။

**သေဆုံးမှုမရှိ**

လွန်ခဲ့သောလက လေမိုးဒဏ်ကြောင့် ပျက်စီးခဲ့သော ကြက်ခြံတစ်ခြံမှာလည်း ပြန်လည်ပြုပြင်နေစဉ်အတွင်း ယခုရွာသွန်းသော လေမိုးကြောင့် ထပ်မံပြိုကျ ပျက်စီး၍ ကြက်အကောင် ၅၀၀ ခန့် ဆုံးရှုံးခဲ့ရသည်ဟု သိရသည်။

မိုးရွာသွန်းချိန်မှာ တစ်နာရီခွဲခန့်ဖြစ်ပြီး လေပြင်းများ ပြင်းထန်စွာ တိုက်ခတ်ခြင်းကြောင့် ယခုကဲ့သို့ဖြစ်သော်လည်း လူဒဏ်ရာရ သေဆုံးမှု မရှိကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးဟောပြော

**ပျဉ်းမနား မေ ၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးကားဝင်းမီးပွိုင့်အနီးရှိ အောင်တံခွန်ဘုန်းတော်ကြီးကျောင်းတွင် Youth Social Force နှင့် Pioneer Citizen Group တို့ ပူးပေါင်းဖွင့်လှစ်သော Citizen Leadership and Capacity Development Training နိုင်ငံသား ခေါင်းဆောင်မှုနှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်မှုသင်တန်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအထူးဟောပြောပွဲကို မေ ၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲတွင် သင်တန်းသား သင်တန်းသူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးချုပ် ရဲမှူးချုပ်ဝင်းခေါင်(စာရေးဆရာ-ထက်ခေါင်)က မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုဖြစ်စဉ်၊ လူကုန်ကူးခံရသူများကြုံတွေ့ရသော ဒုက္ခများနှင့် လူကုန်ကူးသူပွဲစားများ၏ ပရိယာယ်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး မှုခင်းကျဆင်းရေး၊ မှုခင်းဖြစ်ပွားရသောအကြောင်းရင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ထီးတန်းဆိပ်ကမ်းဝင်းအတွင်း ကွန်တိန်နာသေတ္တာပိပြီး လူနှစ်ဦးသေဆုံး

**ရန်ကုန် မေ ၇**

မေ ၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ကြည့်မြင်တိုင်မြို့နယ် ထီးတန်းရပ်ကွက် ကမ်းနားလမ်း ထီးတန်းဆိပ်ကမ်းတွင် ကွန်တိန်နာသေတ္တာများထားရာ ဝင်းအတွင်း၌ အမျိုးသားနှစ်ဦး ကွန်တိန်နာသေတ္တာပိ၍ သေဆုံးမှုဖြစ်ခဲ့သည်။

ကွန်တိန်နာသေတ္တာများ အတင်အချပြုလုပ်သည့် စက်ယန္တရားမောင်းသူ ထွန်းအောင်ရွှေမှာ RTG-03 ကွန်တိန်နာ အမျိုးအစားကားပေါ်မှ ကွန်တိန်နာ သေတ္တာအားလွတ်နေသည့် လိုင်းအမှတ်(၄)ကြမ်းပြင်ပေါ်သို့ စက်ဖြင့်ချရာမှာ ကွန်တိန်နာသေတ္တာများအကြား ကြမ်းပြင်တွင် အိပ်ပျော်နေသူနှစ်ဦးအပေါ်သို့ ဖိမိခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူနှစ်ဦးမှာ ကျောက်ပန်းတောင်းမြို့နယ်နေသူ မောင်ဇော် (၂၀)နှစ်နှင့် သက်ပိုင်စိုးနိုင်ဦး (၁၇) နှစ် တို့ဖြစ်သည်။

သတင်းအရ ကြည့်မြင်တိုင်မြို့မရဲစခန်းမှ တာဝန်မှူး ဒုတိယရဲအုပ်ထွန်းထွန်းလတ်နှင့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့ပြီး သေဆုံးသူနှစ်ဦးကို ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။

အခင်းဖြစ်ပွားရာနေရာမှာ ကန့်သတ်နယ်မြေဖြစ်ပြီး ကွန်တိန်နာသေတ္တာများ အတင်အချပြုသူ အနေဖြင့် အပေါ်စက်ယန္တရားအိမ်အတွင်းမှ အမှတ်အသားဖြင့် အတင်အချပြုရခြင်းဖြစ်၍ ကြမ်းပြင်တွင် မည်သည့်အရာရှိသည်ကို ကွန်တိန်နာသေတ္တာများကွယ်နေသည့်အတွက် မမြင်ရနိုင်ကြောင်း ဝေဖန်သုံးသပ်သံများ ထွက်ပေါ်လာခဲ့သည်။

ကွန်တင်နာအတင်အချ စက်ယန္တရားမောင်းသူ ထွန်းအောင်ရွှေ (၂၇) နှစ် အလုံမြို့နယ် အေရှားဝင်းနေသူအား ကြည့်မြင်တိုင် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၀၄၂)

**ကွန်တိန်နာသေတ္တာအောက်တွင် ကိုယ်တစ်ပိုင်းပိသေဆုံးနေသူနှစ်ဦးအား တွေ့ရစဉ်။**

## ချင်းပြည်နယ်၌ ထင်းရှူးဆီစက်ရုံစီမံကိန်းကို ၂၀၁၅ တွင် အကောင်အထည်ဖော်မည်

**မင်းတပ် မေ ၇**

ချင်းပြည်နယ်(တောင်ပိုင်း)မင်းတပ်ခရိုင်တွင် လွန်ခဲ့သောနှစ်နှစ်ခန့်က ခွင့်ပြုမိန့်ကျထားသည့် ထင်းရှူးဆီစက်ရုံစီမံကိန်းကို လာမည့် ၂၀၁၅ ခုနှစ်၌ ထင်းရှူးအောင်ကုမ္ပဏီနှင့် B2 Group Company တို့က တာဝန်ယူ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထင်းရှူးဆီစက်ရုံစီမံကိန်းအတွက် ဘတ်ဂျက်ငွေလျာထားမှုမှာလည်း နိုင်ငံခြားပညာရှင်များ၏ သုတေသနပြုချက်မှ ရရှိလာသည့်အချက်များပေါ်မူတည်၍ အတည်ပြုနိုင်မည်ဖြစ်ပြီး လက်ရှိတွင်ထင်းရှူးပင်စိုက်ခင်းများစိုက်ပျိုးရန် စီစဉ်နေကြောင်း၊ ထင်းရှူးဆီစက်ရုံကို မင်းတပ်ခရိုင်နှင့် ဟားခါးခရိုင်တို့တွင် တည်ထောင်ခွင့်ပြုထားခြင်းဖြစ်ပြီး ထင်းရှူးအောင်ကုမ္ပဏီနှင့် B2 Group Company တို့က ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အပြင် ချင်းပြည်နယ် သစ်တောဦးစီးဌာနကလည်း ထင်းရှူးပင်စိုက်ခင်းများကို သီမြစ်ဒေသ တီးတိန်မြို့နယ်နှင့် လိုင်ဗားအနီးတစ်ဝိုက်တွင် စိုက်ပျိုးထားကြောင်း၊ ချင်းပြည်နယ်အစိုးရကလည်း ထင်းရှူးဆီစက်ရုံလုပ်ပိုင်ခွင့်ပြုထားသည့် အဆိုပါကုမ္ပဏီများကိုလည်း ထင်းရှူးစိုက်ခင်းများ စိုက်ပျိုးကြရန် တိုက်တွန်းထားကြောင်း ချင်းဝေါလ်မီဒီယာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**နေစု(ချင်းရိုးမ)**


## မင်္ဂလာသက်တမ်း (၁၀)နှစ်ပြည့် မင်္ဂလာဆုတောင်းလွှာ

ထူးချွန်ထက်မြက်သော လူတော် လူကောင်းလေးများကို နှစ်စဉ်မြုံမျိုးထောင်ပေးနေသည့် OiAC ကိုယ်ပိုင်အထက်တန်းကျောင်းကြီးနှင့်
ဓနစံရာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့အား အောင်မြင်စွာ တည်ထောင်ထားပါသော
တည်ထောင်အုပ်ချုပ်သူ U Ye {B.E (Mech) YTU, M.Sc (Building Science) NUS} + Ma Ma Aye {B.Sc (Chem) I.H.D.C.S (NCC.UK)} တို့၏
၆-၅-၂၀၁၄ နေ့တွင် ကျရောက်သော (၁၀)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ချစ်သော သားငယ်များနှင့်အတူ ကိုယ်စိတ်ကျန်းမာ ချမ်းသာစွာဖြင့်
ရတုပေါင်းများစွာ သာယာကြည်နူး ပျော်ရွှင်ဖွယ် မိသားစုဘဝကိုပိုင်ဆိုင်၍ လောကီ လောကုတ္တရာအကျိုးများကို
ဆထက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

OiAC (Yangon) မိသားစု
OiAC - 2 (Naypyitaw) မိသားစု
DaNaSanYar Company Co.,td မိသားစု



GOLDEN STAR ခရီးသွားလုပ်ငန်း
ပုဂံ-ပုပ္ပါး
မန္တလေး-ပြင်ဦးလွင် ခရီးစဉ်
တောင်ကြီး-အင်းလေး-ဝင်းတော
ကျိုက်ထီးရိုး
ချောင်းသာ
ငွေဆောင်
Ph: 209200, 430480, 544383, 703448, 09-5046000



POST ဝင်ခွင့်သင်တန်း
Tel: 0973161140
DTECT (စနေ၊ တနင်္ဂနွေ)



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းအမှတ် ၉၀၊ မြေကွက်အမှတ် ၃၃၁၊ ပေ(၄၀×၆၀)ရှိ မြေကွက်ကို ဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိအဆိုပြုသူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်တပ်မြို့၊ အားကစားသိပ္ပံဝင်းနေ ဒေါ်ခင်ထွေး ၁၂/ရပသ(နိုင်)၀၁၄၈၂၁ထံမှ ဒေါ်ခင်မေကျော် ၁၁/စတန(နိုင်)၀၀၁၉၃၁က အပြီးအပိုင်ဝယ်ယူပြီး မြေငှားစာချုပ်ဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခင်မေကျော် ဖုန်း-၀၉-၅၀၀၂၈၉၄**



## ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ် ၅၀၃၊ စိန်ချယ်လမ်း၊ ဒေါ်ခင်ဝင်းမြင့် ၁၂/လမတ (နိုင်)၀၀၅၉၇၀ အမည်ဖြင့်တည်ရှိသော နှစ် ၆၀ ဂရန်မြေကွက်ကို အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် ၆-၅-၂၀၁၄ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးမှ ဘိလစ် ဒေါ်လဲ့လဲ့ခိုင်သည် အရောင်းအဝယ်မြေပုံကူးလျှောက်ရာ မြို့တော်ခန်းမ၌ ဂရန်မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိထားသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ပေးပို့ပေးပါရန် ခုနစ်ရက်အတွင်း ကျော်လွန်ပါက ဂရန်လက်ဝယ်ရှိသူများသည် ဤနှစ် ၆၀ ဂရန်မှာဖျက်သိမ်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဘိလစ် ဒေါ်လဲ့လဲ့ခိုင်**
**ဖုန်း-၀၉-၇၃၁၈၂၂၁၀၊ ၀၉-၅၀၂၉၅၆၆**

ကြော်ငြာ


## " ယုံကြည်အားထား IKBZ အာမခံစွမ်းအား "

IKBZ Insurance

## "အဝေးပြေးအမြန်လမ်းမကြီးများဆိုင်ရာ အထူးခရီးသွားအာမခံဝန်ဆောင်မှု သတင်းကောင်း"

နိုင်ငံတော်အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်မှုအရ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ခရီးသွားလာနိုင်ရန် အဝေးပြေးအမြန်လမ်းမကြီးများဆိုင်ရာ အထူးခရီးသွားအာမခံ များကို ၂၀၁၄ မေလ (၈) ရက်နေ့မှ စတင်ကာ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ( IKBZ Insurance) နှင့်ချိတ်ဆက်ထားသောအဝေးပြေးယာဉ်လိုင်းများ၊ အဝေးပြေးယာဉ်လက်မှတ်အရောင်းဌာနများတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း၊ အဝေးပြေးယာဉ်လိုင်းပိုင်ရှင်ကြီးများ နှင့် အဝေးပြေးအမြန်လမ်းမကြီးများတွင် ခရီးသွားလာနေကြသော မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်၊

**ပရီမီယံ**

အဝေးပြေးယာဉ်စီးခရီးသည်များအနေဖြင့် တစ်ဦးလျှင် (၁) ယူနစ်ကျစီ အာမခံကြေး (ပရီမီယံ) ကျပ် ၃၀၀ ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး အများဆုံး (၂) ယူနစ်အထိ ဝယ်ယူရရှိနိုင်ပါသည်၊

**အကျိုးခံစားခွင့်**

လျော်ကြေး အကျိုးခံစားခွင့်အနေဖြင့် အများဆုံး ကျပ်သိန်း ၃၀ ထိ (အာမခံကြေး၏ အဆတစ်ထောင်) ရရှိမည်ဖြစ်ပါသည်၊ ထိခိုက်ဒဏ်ရာ ရရှိပါက အချိုးကျနှုန်းထားများအတိုင်း ရရှိမည်ဖြစ်ပြီး အမြင့်ဆုံးကျပ် ၂၄ သိန်းအထိ ရရှိနိုင်မည်ဖြစ်ပါသည်၊

IKBZ Insurance မှ အထူးခရီးသွားအာမခံကို -

- အဝေးပြေးယာဉ်လိုင်းစီးခရီးသည်များ၊
- ကိုယ်ပိုင်ယာဉ်ဖြင့် ခရီးသွားသူများ၊
- တစ်ဦးချင်းခရီးသွားသူများ၊
- ကမ္ဘာလှည့်ခရီးသွားများ၊
- ခရီးသွား ဝန်ဆောင်မှုကုမ္ပဏီများဖြင့် ခရီးသွားသူများ၊
- ပြည်တွင်းစီးလုံးငှား နှင့် ဘုရားဖူးယာဉ်စီးခရီးသွားသူများ၊

လည်းဝယ်ယူရရှိနိုင်ပြီဖြစ်ပါသည်၊

**IKBZ Insurance အာမခံရုံးများနှင့်ချိတ်ဆက်လိုသောအဝေးပြေးယာဉ်လိုင်းများ၊ အဝေးပြေးယာဉ်လက်မှတ်အရောင်းဌာနများအနေဖြင့် အထူးခရီးသွားအာမခံ ရောင်းချနိုင်ရေးအတွက် အသေးစိတ်သိရှိလိုပါက အောက်ပါရုံးများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်၊**

| | |
|---|---|
| ရန်ကုန် | - အမှတ် - (၆၀၈)၊ ဗိုလ်ဆွန်ပက်ကွန်ဒို၊ ဗိုလ်ဆွန်ပက်လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ PH : 01-378842 |
| နေပြည်တော် | - ကမ္ဘောဇ ဘဏ်(၁)၊ ကျိုင်းတုံလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ PH: 067-417834 / 417835 |
| မန္တလေး | - အမှတ် (၄၆၂)၊ လမ်း ၈၀၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ ချမ်းအေးသာစံရပ်၊ မန္တလေးမြို့ PH : 02-30743 |
| တောင်ကြီး | - အမှတ်(၁၅၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်ရပ်၊ တောင်ကြီးမြို့ PH: 081-2125402 |
| မော်လမြိုင် | - အမှတ်(၇၅)၊ ကျောက်မီးသွေးရုံလမ်း၊ ဈေးချိုရပ်၊ မော်လမြိုင်မြို့ PH : 057-25657 |
| မုံရွာ | - အမှတ်(၂၀)၊ ဗိုလ်ချုပ်လမ်း၊ ရုံးကြီးရပ်၊ မုံရွာ၊ PH: 071-26189 |
| မကွေး | - အမှတ်(၄၆၄ - ၄၆၅)၊ ပြည်တော်သာလမ်း၊ ရန်မျိုးအောင်ရပ်ကွက်၊ မကွေး၊ PH : 063-24055 |
| လားရှိုး | - အမှတ်(A-3/A-4)၊ မန်စုသုံးထပ်၊ သိန်းနီလမ်း၊ ၈ ရပ်ကွက်၊ လားရှိုးမြို့ PH : 082-30113 |
| ပုသိမ် | - အမှတ်(၂၃၂)၊ မဟာဝန္ဒုလလမ်း၊ ၃ ရပ်ကွက်၊ ပုသိမ်မြို့ PH : 042-23905 |
| မြိတ် | - အမှတ်(၁၃)ဘီ၊ ပြည်တော်သာလမ်း၊ ဆိတ်ငယ်ရပ်ကွက်၊ မြိတ်မြို့ PH : 059-42337 |
| မြစ်ကြီးနား | - အမှတ်(၄၅)၊ ပြည်ထောင်စုလမ်းထောင့်၊ မြေပြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့PH : 074-20169 |
| ပဲခူး | - သနပ်ပင်လမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့ PH : 052-201079, 201080 |

Hot Line: 01-378842 Fax : 01-378973

Web : www.i-kbz.com, www.facebook.com/ikbzinc

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဌာနဆိုင်ရာ

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

၁။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဗိုလ်တေဇလမ်း အမှတ်(၇၇၁)တွင်နေထိုင်သည့် ဦးကျော်မြင့်၏ ကြိုးဖုန်းအမှတ် (၀၁-၆၆၀၁၇၇)သည် သုံးရက်လျှင် တစ်ကြိမ်ခန့် ဖုန်းလိုင်းပျက်လေ့ရှိကြောင်း၊ ၎င်းဖုန်းလိုင်းသည် ပွင့်လင်းရာသီတွင် သုံးရက်တစ်ကြိမ်ခန့်နှင့်မိုးရာသီတွင် အမြဲတမ်းလိုင်းပျက်လေ့ရှိပါသဖြင့် ကူညီဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ၎င်းတယ်လီဖုန်းအား DC-604 မှ တပ်ဆင်ပေးထားပြီး မရမ်းကုန်းအိတ်ချိန်း DC-604 မှ ပြည်လမ်းတစ်လျှောက် သွယ်တန်းထားသော မြေအောက်ကေဘယ်လ်များမှာ နှစ်ပေါင်းများစွာကြာမြင့်သည့်အပြင် လက်ရှိကေဘယ်လ်လမ်းမှာလည်း ကတ္တရာလမ်းအောက်သို့ ရောက်ရှိနေပါသဖြင့် ပြုပြင်ရန်ခက်ခဲလျက်ရှိပါသည်။ အဆိုပါ DC-604 တွင်တပ်ဆင်ထားသော တယ်လီဖုန်းလိုင်းများအား ပြုပြင်ရန်ခက်ခဲခြင်းကြောင့် စော်ဘွားကြီးကုန်း (MSAN) မှတစ်ဆင့် ပြောင်းလဲတပ်ဆင်ပေးနိုင်ရန်အတွက် Outside Plant Network များကို စော်ဘွားကြီးကုန်း Cabinet မှတစ်ဆင့် သွယ်တန်းထားပြီး ဖြစ်ပါသည်။ ပွင့်လင်းရာသီတွင် သုံးရက်တစ်ကြိမ်ခန့်နှင့်မိုးရာသီတွင် အမြဲတမ်းလိုင်းပျက်လေ့ရှိခြင်းသည် မြေအောက်ကေဘယ်လ်ချွတ်ယွင်းမှုကြောင့်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် အခြားကောင်းမွန်သည့် Pair ဖြင့် ပြောင်းလဲတပ်ဆင်ပေးခဲ့ရာ တယ်လီဖုန်းလိုင်းမှာ (၂-၄-၂၀၁၄)မှစ၍ ကောင်းမွန်လျက်ရှိကြောင်း တပ်ပြအပ်ပါသည်။

၂။ သက်ပြည့်ပင်စင်စားများအား တန်ဖိုးနည်း မိုဘိုင်းဖုန်းကတ်များ ဖြန့်ဖြူးရောင်းချပေးမည်ဆိုသော သတင်းအား တွေ့ရှိရသည့်အတွက် အလွန်ဝမ်းမြောက်မိပါကြောင်းနှင့် ပင်စင်ယူသူများမဟုတ်ဘဲ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက် ၁၀ နှစ်အထက်ရှိ ဝန်ထမ်းများအတွက်လည်း ထည့်သွင်းစဉ်းစားပေးစေလိုပါကြောင်း တင်ပြခြင်းနှင့်ပတ်သက်၍ သက်ပြည့်(သက်ရှိ)ပင်စင်စားများအား ၂၄-၁-၂၀၁၄ ရက်နေ့မှစတင်၍ SIM Card များအား လစဉ်ခွဲဝေဖြန့်ဖြူးပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ နိုင်ငံ့ဝန်ထမ်းထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက် အဆင့်ဆင့်ခွဲဝေချထားပေးရန် အစီအစဉ်ရှိကြောင်းနှင့် မကြာမီကာလတွင်လည်း ပြည်ပအော်ပရေတာနှစ်ဦးမှလည်း SIM Card များ ရောင်းချလာတော့မည်ဖြစ်သဖြင့် အလွယ်တကူဝယ်ယူလာနိုင်တော့မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၃။ ရှမ်းပြည်နယ် လားရှိုးမြို့ မြန်မာ့ဆက်သွယ်ရေးရုံးရှိ ပြည်နယ်မန်နေဂျာသည် လွန်ခဲ့သော တစ်လခန့်မှစ၍ ဂေါက်သီးရိုက်ပြိုင်ပွဲရှိသည်ဟု ဆိုကာ နေပြည်တော်ရောက်ရှိနေပါကြောင်း၊ ၎င်း၏တာဝန်များကိုလည်း မည်သူ့ကိုမျှ လွှဲပြောင်းမပေးခဲ့သောကြောင့် ဆောင်ရွက်ရမည့် အလုပ်ကိစ္စများ နှောင့်နှေးကြန့်ကြာ၍ အခက်အခဲများ ဖြစ်နေပါသဖြင့် တင်ပြခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါသည်။

## (၆၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကျင်းပ

**မော်လမြိုင် မေ ၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် မွန်ပြည်နယ်မီးသတ်တပ်ဖွဲ့ရုံးတွင် မေ ၅ရက် နံနက် ၈နာရီက (၆၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပကြောင်း သိရသည်။ အခမ်းအနားသို့ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်၊အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မွန်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးဇော်လင်းထွန်း၊ မွန်ပြည်နယ်မီးသတ်တပ်ဖွဲ့မှူး ဦးမြကြိုင်၊ ခရိုင်မီးသတ်တပ်ဖွဲ့မှူး၊ မြို့နယ်(၁၀)မြို့နယ်မှ မီးသတ်တပ်ဖွဲ့မှူးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်သည်တော်များတက်ရောက်သည်။ **(လ/၀၁၂)**

**တာချီလိတ် မေ ၇**

(၆၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ ခရိုင်မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတ၏ ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်ခြင်းခံရသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးဘေးကြိုတင်တားဆီးရေးလုပ်ငန်းရပ်များတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သူများ၊ အလှူရှင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များအား ပေးအပ်သည်။ **မောင်ယဉ်ကျေး**

## ကွင်းစပ်ချောင်းကူးတံတားဖွင့်၊ မိုးရာသီတွင်လယ်ဧက ၃၀၀ ကျော်သို့ အန္တရာယ်ကင်းစွာသွားလာနိုင်တော့မည်

**သထုံ မေ ၇**

သထုံမြို့နယ် ဘင်လှိုင်ရပ်ကွက် ထန်းတောစုရပ် ဘုန်းကြီးလမ်းနှင့် ရထားလမ်းဆုံ ကွင်းစပ်ချောင်းကူးသစ်သားတံတားသစ်ကို မတ် ၃ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ယခင်က ဝါးတံတားဖြစ်ပြီး မိုးအခါ အန္တရာယ်များသော အဆိုပါတံတားကို သထုံမြို့ ပုဗ္ဗာရုံကျောင်းတိုက် ဆရာတော်က ကြီးမှူးပြီး ငွေကျပ် ၂၇ သိန်းတန်ဖိုးရှိ အလျား ပေ ၇၀၊ အနံ ၆ ပေရှိသည့် လူကူးတံတားအဖြစ် အခိုင်အခံ့ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

"ထန်းတောစုရပ်နှင့် ဘင်လှိုင် ကွင်းပိုင်းတွေကို ဆက်သွယ်ပေးတာပါ။ မိုးအခါ လယ်မြေဧကပေါင်း ၃၀၀ ကျော်မှာ လုပ်ကိုင်ကြတဲ့ လယ်လုပ်သားတွေအန္တရာယ်ကင်းပြီး စိတ်ချမ်းမြေ့စွာနဲ့ သွားလာနိုင်ဖို့ ဆရာတော်ကြီးက မေတ္တာအပြည့်နဲ့စီစဉ်တာပါ"ဟု ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ဦးခွန်ကျော်သိန်းက ပြောကြားသည်။ အဆိုပါတံတားဖွင့်လှစ်ရာသို့ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဘင်လှိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ကြပြီး များမကြာမီကာလတွင် ရောက်တော့မည့် မိုးကာလ၌ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ရာ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## တောင်တန်းဒေသမှ မိဘမဲ့ကလေးများအတွက် အလှူငွေပေးအပ်

**ပျဉ်းမနား မေ ၇**

ရှမ်းပြည်နယ်တောင်တန်း ဒေသမှ မိဘမဲ့ကလေးများအတွက် အလှူငွေပေးအပ်ပွဲကို မေ ၅ ရက် နံနက် ၁၀နာရီက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက်ရှိ အောင်ရတနာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

"ဘုန်းကြီးတို့အနေနဲ့ကတော့ ယခုရောက်ရှိလာတဲ့ ကလေးငယ်တွေကို ပထမဦးဆုံးမြန်မာစကားပြောတတ်အောင် သင်ကြားပေးရမှာဖြစ်တယ်။ တောင်တန်းဒေသက ကလေးတွေဆိုတော့ ပအိုဝ်းလူမျိုးတွေဖြစ်သလို မြန်မာစကားမပြောတတ်ကြဘူး။မြန်မာစကားတတ်အောင် ပထမအဆင့်သင်ပေးမယ်။ မြန်မာစကားတတ်လာပြီဆိုရင် ကျောင်းပညာနဲ့ လောကုတ္တရာပညာတွေ သင်ပေးမှာပါ"ဟု အောင်ရတနာကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိတက ရှင်းပြသည်။

ယခုမိဘမဲ့ ကလေးများတွင် အသက် ၇ နှစ်မှ ၁၅ နှစ်အထိ စုစုပေါင်း ၃၅ ဦးဖြစ်ပြီး ကလေးများအတွက် ပညာရေးငွေပဒေသာပင်အဖြစ် SHWE PAN MANN Peace and Development ကုမ္ပဏီမှ အလှူငွေကျပ်ငါးသိန်း၊ Mega Max ကုမ္ပဏီက အလှူငွေကျပ်ငါးသိန်း၊ ရွှေမီးသီးကုမ္ပဏီမှ အလှူငွေကျပ်ငါးသိန်း စုစုပေါင်း အလှူငွေကျပ် ၁၅ သိန်းကို မေ ၅ ရက် နံနက် ၁၀ နာရီက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## သစ်သီးဝလံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းမှ သင်တန်းသားများလေ့လာ

**မန္တလေး မေ ၇**

မန္တလေးမြို့တွင် ဧပြီ ၂၉ ရက်မှ မေ၅ရက်အထိဖွင့်လှစ်သင်ကြားလျက်ရှိသော အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းအမှတ်စဉ်(၁၀၈)မှ သင်တန်းသား သင်တန်းသူ ၃၈ဦးတို့သည် ဧပြီ ၅ရက်က ပြင်ဦးလွင်မြို့ရှိ မေလွင်သီးစုံလုပ်ငန်း၊ စိုးစံသီးစုံလုပ်ငန်းနှင့် Winner and Winner ဝိုင်းလုပ်ငန်းများရှိရာသို့ လာရောက်လေ့လာခဲ့သည်။ အဆိုပါသင်တန်းသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၁၂ ကြိမ် ဖွင့်လှစ်ပို့ချလျက်ရှိပြီး သင်တန်းကြေးငွေကျပ် တစ်သောင်းပေးသွင်းပြီးပါက စိတ်ဝင်စားသူမည်သူမဆို ကန့်သတ်ချက်တို့မရှိဘဲ ၈၂ လမ်းနှင့် ၂၅ လမ်းထောင့် မန္တလေးမြို့တွင် တက်ရောက်နိုင်ကြောင်း သိရှိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**


### ရွှေဘုန်းပွင့်စေတီတော် ညောင်ရေသွန်းလောင်းပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ၁၃၇၆ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ၂၀၁၄ခုနှစ် မေ ၁၃ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ဩဝါဒါစရိယဆရာတော်များ ဦးဆောင်၍ ဆရာတော် သံဃာတော်အပါး ၅၀ ကျော်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့က ဗုဒ္ဓဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပွဲကို ဆောင်ရွက်တော်မူကြမည်ဖြစ်ပါသည်။

ကဆုန်လပြည့် (ဗုဒ္ဓနေ့) အင်္ဂါနေ့တွင် စေတီတော်ကြီးသို့ လာရောက်ကြသော ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စေတနာဝန်ထမ်းအဖွဲ့အစည်းများက ညောင်ရေအိုး၊ အောင်သပြေ၊ အမွှေးနံ့သာများကို နံနက် ၆နာရီမှ ည ၉နာရီအထိ စီစဉ်ပေးထားမည်ဖြစ်ပါသည်။ စတုဒိသာအလှူရှင်များနှင့် လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅၊ ၀၁-၂၉၄၀၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဓာတ်ခွဲခန်းသုံးပစ္စည်း (၁၈)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်မှာ** - ၉-၆-၂၀၁၄ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၏ ငွေစာရင်းဌာန၊ ဖုန်း-၀၆၇-၄၁၆၆၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

### အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးရုံးချုပ် ရုံးအမှတ် ၅၁၊ နေပြည်တော် ဆေးပစ္စည်းကိရိယာတင်ဒါအိတ်ဖွင့်ဈေးနှုန်းလွှာခေါ်ယူခြင်း (Opened Tender)

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံးချုပ်လက်အောက်ရှိ ဆေးရုံကြီးများတွင် အသုံးပြုရန်လိုအပ်သော ဆေးပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပိတ်မည့်ရက်** ၁၆-၅-၂၀၁၄ ရက် ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ ရုံးအမှတ် ၅၁၊ နေပြည်တော်နှင့် လူမှုဖူလုံရေးရုံးချုပ်၊ အလုံပင်မဆေးသိုလှောင်ရေးဌာန၊ ကမ်းနားလမ်းနှင့် အောင်ရတနာလမ်းထောင့်၊ သခင်မြပန်းခြံအနီး၊ ရန်ကုန်မြို့တွင် ၇-၅-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း တင်ဒါပုံစံများကို ဝယ်ယူနိုင်ပါသည်။

ဖုန်း-၀၆၇-၄၃၀၃၈၃၊၀၆၇-၄၃၀၂၈၁ ဖုန်းများသို့ ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

**ဆေးဌာန**
**လူမှုဖူလုံရေးရုံးချုပ်၊နေပြည်တော်**

### ယာဉ်မှတ်ပုံတင်မိတ္တူစာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၈၉၄၇ mitsubishi pajero V 75, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူအောင် ၉/မဟမ(နိုင်)၀၀၁၂၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၇၃၈၀၈ Honda Wave M/C ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးရဲမြင့်ထွန်း ၇/သဝတ(နိုင်)၀၇၅၇၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

### အမည်ပြောင်း

ဦးဝင်းဇော်မိုး၏သမီး မြောင်းမြမြို့ အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(ခ)မှ မသင်းထက်ထက်ဇော်အား မချမ်းမြေ့ခိုင်ဟုလည်းကောင်း၊ ပဉ္စမတန်းမှ မစိမ်းဝတ်ရည်နှင်းအား မရည်မွန်သူ ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁စ/၆၄၆၇၊ 1F/6467 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၇၉၃၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### လူပျောက်

အထက်ဖော်ပြပါ ဓာတ်ပုံရှင် ပွင့်ဖြူမြို့နယ်၊ မင်းရွာကျေးရွာမှ ဦးဇော်ထွန်းဦး ၈/ပဖန(နိုင်)၀၀၄၀၄၉သည် ၇-၄-၂၀၁၄ရက်နံနက်တွင် အိမ်မှလမ်းလျှောက်ထွက်သွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်နှင့် လိပ်စာသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ (ကိုဇော်-အဒေါ်နှင့်ညီ/ညီမများ စိတ်ပူနေသည်)။ အမြန်ဆက်သွယ်ပါ။ **ဒေါ်ခင်မြင့် ဖုန်း-၀၉-၂၅၆၂၀၅၄၂**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

## ဘိုကလေးမြို့၌ ဒေသခံများ ရေရရှိရေး ကန်တူးဖော်

**ဘိုကလေး မေ ၇**

ဘိုကလေးမြို့ မဟာသိဝံကန်တော်ကြီးသည် ဧက ၃၀ရှိပြီး နှစ်ပေါင်း ၆၀ ကျော်ကြာပြီဖြစ်၍ တစ်ကြိမ်တစ်ခါမျှ ခန်းခြောက်ခြင်းမရှိခဲ့ပါ။

ယခုနှစ်သည် ရာသီပူပြင်းလွန်း၍ ရေများခန်းခြောက်ခြင်းဖြစ်ပေါ်နေ၍ မြို့ခံပြည်သူများကလည်း သောက်သုံးရေအတွက်သာမက မီးဘေးအန္တရာယ်အတွက်ပါ လွန်စွာအားထားရသော ကန်လည်းဖြစ်သည်။

ကန်အနီးရှိ ရပ်ကွက်များဖြစ်သည့် (၂)ရပ်ကွက်၊ (၆)ရပ်ကွက်၊ (၇)ရပ်ကွက်နှင့် (၄)ရပ်ကွက်များမှ ပြည်သူများ သောက်ရေအတွက် ကန်တော်လေးကန်တို့မှရနေ၍သာ ရေအခက်အခဲမရှိခြင်းဖြစ်ကြောင်း ဒေသခံရပ်မိရပ်ဖ ဦးတင်ဝင်းက ပြောကြားခဲ့သည်။

ကန်ကောလာပြီး ရေသိုလှောင်မှုပမာဏလျော့နည်းလာ၍ ခန်းခြောက်ခြင်းဖြစ်ကြောင်း ဧပြီ ၂၉ရက်မှစတင်ပြီး ဘက်ဟိုးနှင့်တူးနေ၍ **(အပေါ်ပုံ)**လာမည့်နှစ် ရေသိုလှောင်မှုပမာဏများလာမည်ဖြစ်ပြီး ရေမခန်းနိုင်တော့ကြောင်း အမှတ်(၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးသိန်းထွန်းက ပြောကြားကြောင်း သိရသည်။ **ဘိုကလေး-ဌေးနိုင်**

## အမျိုးသား အမျိုးသမီး တန်းတူညီမျှ ဖြစ်စေရေးသင်တန်းဖွင့်

**ကျောက်ဆည် မေ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၄ ရက် နံနက် ၉ နာရီက အမျိုးသား အမျိုးသမီးတန်းတူညီမျှဖြစ်စေရေးနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားနှိမ့်ချဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အကြောင်းကိုသိရှိစေရန် ရည်ရွယ်ပြီး အသိပညာပေး ဆွေးနွေးပွဲကျင်းပရာ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များ တက်ရောက်ကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)နေပြည်တော်မှ ဦးစီးအရာရှိ ဒေါ်ခက်ခက်ရှိန်နှင့်ဒေါ်စုသွယ်ဝင်းတို့က အမျိုးသမီးများ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး အကြောင်းကိုသုံးရက်ကြာ ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်မောင်**

## ဧရာဝတီတိုင်းဒေသကြီး စာတတ်မြောက်ရေးလုပ်ငန်း အရှိန်အဟုန်ဖြင့် ခရီးရောက်နေ

**ညောင်တုန်း မေ ၇**

အကြောင်းအမျိုးမျိုးကြောင့် စာမတတ်သူများ စာသင်ကြားတတ်မြောက်ရေး၊ စာမတတ်သူ ချုပ်ငြိမ်းပပျောက်ရေးတို့အတွက် ဧရာဝတီတိုင်းဒေသကြီးတွင် ငပုတော၊ လေးမျက်နှာ၊ လပွတ္တာ၊ ကျောင်းကုန်းလေးမြို့နယ်တွင် စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်ရာ တက္ကသိုလ်များမှ ဆရာ ဆရာမများက ကြီးကြပ်၍ ကျောင်းသား ကျောင်းသူများက ဒေသခံဆရာ ဆရာမများနှင့်အတူ ဧပြီလဆန်းမှစတင်ပြီး မေ ၁၅ ရက်အထိ ပါဝင်လုပ်အားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ဧရာဝတီတိုင်းဒေသကြီး စာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မအူပင်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများသည် ကျောင်းကုန်းမြို့နယ်၌လည်းကောင်း၊ ပုသိမ်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများသည် ငပုတောမြို့နယ်၌လည်းကောင်း၊ ပုသိမ်တက္ကသိုလ်နှင့် အနောက်ပိုင်းတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများသည် လပွတ္တာမြို့နယ်၌လည်းကောင်း၊ ဟင်္သာတတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများသည် လေးမျက်နှာမြို့နယ်၌လည်းကောင်း၊ ကြီးကြပ်သူဆရာ ဆရာမများ၊ ဒေသခံဆရာ ဆရာမများနှင့်အတူ စာမတတ်သူပြည်သူများအား စာသင်ကြားပေးလျက်ရှိရာ တစ်လကျော်ကြာမြင့်သွားပြီဖြစ်သဖြင့် စာတတ်မြောက်သူများ တိုးပွားလာနေပြီဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် စာတတ်မြောက်ရေးလုပ်ငန်းများ စခန်းသိမ်းအောင်ပွဲများကို မေ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၈၂)**

## ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း တိရစ္ဆာန်မွေးမြူခြင်းကို ၁၄ မြို့နယ်တွင်သာခွင့်ပြုထား

**ရန်ကုန် မေ ၇**

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း တိရစ္ဆာန်မွေးမြူခြင်းကို မြို့နယ် ၁၄ မြို့နယ်တွင်သာ ခွင့်ပြုထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏သတင်းများအရ သိရသည်။ ရန်ကုန်မြို့တော်၏ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အချို့သော မြို့နယ်ရပ်ကွက်များတွင် တိရစ္ဆာန်များကို စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် မွေးမြူလုပ်ကိုင်ဆောင်ရွက်နေကြသဖြင့် အဆိုပါမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ဆူညံသံများနှင့် အနံ့ဆိုးများမှာ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသည့်အပြင် ကျန်းမာရေးကိုလည်း ထိခိုက်မှုဖြစ်စေသည်။ ထို့ကြောင့် တိရစ္ဆာန်မွေးမြူသည့်လုပ်ငန်းများကို ရန်ကုန်မြို့တော်၏ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် မြို့နယ် ၃၃ မြို့နယ်ရှိသည့်အနက် မြို့နယ် ၁၄ မြို့နယ်တွင်သာ ခွင့်ပြုပေးထားပြီး ကျန်မြို့နယ်များတွင် ခွင့်ပြုခြင်းမရှိကြောင်း သိရသည်။

ထိုသို့မွေးမြူခွင့်ပြုထားသည့် မြို့နယ်များတွင် တစ်နိုင်တစ်ပိုင်ဖြစ်စေ၊ စီးပွားဖြစ်ဖြစ်စေ တိရစ္ဆာန်များကို မွေးမြူမည်ဆိုလျှင် အဆိုပါမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ဆူညံသံများနှင့်အနံ့အသက်များသည် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်၊ မဖြစ် ကိစ္စများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်နေထိုင်သူများ၏ သဘောထားထောက်ခံချက်များရယူကာ မွေးမြူရေးလိုင်စင်တင်ပြလျှောက်ထားရမည်ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်ဖြစ်စေ၊ စီးပွားဖြစ်ဖြစ်စေ၊ မွေးမြူခွင့်ပြုထားသည့် မြို့နယ် ၁၄ မြို့နယ်မှာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ဒေါပုံ၊ သာကေတ၊ သင်္ဃန်းကျွန်း၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ အင်းစိန်၊ လှိုင်သာယာနှင့်ရွှေပြည်သာမြို့နယ်များ ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျန်ရှိနေသည့် တောင်ဥက္ကလာပ၊ ဗဟန်း၊ ဒဂုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ ဆိပ်ကမ်း၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်နှင့်မရမ်းကုန်း မြို့နယ်စသည့် မြို့နယ် ၁၉ မြို့နယ်တွင် မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်ဖြစ်စေ၊ စီးပွားဖြစ် ဖြစ်စေ မွေးမြူခွင့်မပြုကြောင်း သိရသည်။ **မင်းသစ္စာလှိုင်(ကဒုံကနီ)**

## ဟိုပန်မြို့၌ ကြက်ခြေနီနှင့်ကင်းထောက်လူငယ်သင်တန်းဖွင့်

**ဟိုပန် မေ ၇**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အရ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ကကြီးမှူး၍ ကြက်ခြေနီနှင့်ကင်းထောက်လူငယ်သင်တန်းကို မေ ၄ ရက် နံနက် ၈ နာရီက ဟိုပန်မြို့ အထက(စာေမဟာခန်းမ)၌ ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင်ဦးစိုင်းလှဖေ၊ တိုင်းဒေသကြီး၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများတက်ရောက်ကြပြီး ဟိုပန်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်(ဒုတိယညွှန်ကြားရေးမှူး)က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက် ကြက်ခြေနီတပ်ဖွဲ့၊ ကင်းထောက်အဖွဲ့ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းခြင်းနှင့်သင်တန်းသားများက သင်ကြားပို့ချချက်များကို မှတ်သားနာယူလက်တွေ့ကျင့်သုံးကြရန်မှာကြားသည်။ **(မြို့နယ် ပြန်/ဆက်)**


## ၁၉၆၄-၁၉၈၄ တက္ကသိုလ်ကောလိပ်သိပ္ပံကျောင်းပေါင်းစုံ အ-သုံးလုံး အဖွဲ့ဝင်ဟောင်းများ ဦးစီးသော (စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့)

## ရွှေရတု ‘အ’သုံးလုံးပွဲတင်သံ မဂ္ဂဇင်းထုတ်ဝေမည်

၁၉၆၄ ခုနှစ် မိတ္ထီလာခရိုင်၊ အရှေ့စံပြကျေးရွာ၊ စာတတ်မြောက်ရေးလုပ်ငန်းမှစတင်၍ ၁၉၈၄ခုနှစ်အထိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ-ကျောင်းပေါင်းစုံမှ ရပ်ဝေးစေတနာရှင် လုပ်အားပေး ခုနစ်သောင်းကျော်နှင့်ဒေသခံ(အခြေခံကျောင်းများမှ) ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ လုပ်အားပေး ငါးသိန်းကျော်ဖြင့် မြန်မာနိုင်ငံတစ်လွှား ဆောင်ရွက်ခဲ့သော ‘အ’ သုံးလုံးကျေးစေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုကြီးသည် ယခု ၂၀၁၄ခုနှစ်တွင် နှစ်(၅၀) ပြည့်မြောက်ပြီ ဖြစ်ပါသည်။

နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် **‘အ’သုံးလုံးပွဲတင်သံမဂ္ဂဇင်း**ကို နာယက ဆရာကြီးဦးသန်းဦးနှင့် နာယကအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ ၈-၉-၂၀၁၄ ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အမီ ထုတ်ဝေမည်ဖြစ်ပါသည်။ အ-သုံးလုံးအဖွဲ့ဝင်ဟောင်း (ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ အထောက်အကူပြု အဖွဲ့ဝင်ဟောင်းများ)နှင့် ၂၀၁၃-၂၀၁၄ခုနှစ်တို့တွင် ပြန်လည်ဆောင်ရွက်နေသော တက္ကသိုလ်ကောလိပ်အခြေခံစာတတ်မြောက်ရေး လုပ်အားပေးအဖွဲ့ဝင်များထံမှ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာညွန့်ဆောင်းပါးစာမူများ၊ ဓာတ်ပုံများ တောင်းခံအပ်ပါသည်။ စာမူပိတ်ရက်ကို ၈-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့)အထိ တိုးချဲ့ထားပါသည်။

### လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ကူညီနိုင်ပါသည်

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့သည် မြို့နယ်ကျေးလက်ဒေသများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအကျိုးပြုလုပ်ငန်းများကို စွမ်းနိုင်သမျှ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်တွင် ပြည်သူလူထုအား အခမဲ့ဆေးကုသပေးခြင်း၊ ကျန်းမာရေး၊ အသိဉာဏ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ ဟောပြောပွဲများကျင်းပပေးခြင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ကြားပို့ချပေးခြင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများလှူဒါန်းခြင်း၊ ဝေးလံသော အထက(ခွဲ)များနှင့် ကျေးရွာများအတွက် ဗလာစာအုပ်၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများနှင့် အဝတ်အထည်များလှူဒါန်းခြင်းစသည့် လူမှုအကျိုးပြုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှေ့လုပ်ငန်းစဉ်များအနေဖြင့်လည်း စာတတ်မြောက်ရေးဆောင်ရွက်နေသော ကျေးရွာစာဖတ်ဝိုင်းများသို့ သက်ကြီးစာပဒေသာစာအုပ်များရိုက်နှိပ်လှူဒါန်းရန်နှင့် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုများကိုပါ တိုးချဲ့ဆောင်ရွက်ရန် လျာထားပါသည်။

ဤလုပ်ငန်းစဉ်များ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံမှ အ-သုံးလုံးအဖွဲ့ဝင်ဟောင်းများနှင့် ပြင်ပမှ စေတနာရှင်များအနေဖြင့် ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ စာအုပ်-စာတမ်းများ၊ အဝတ်အထည်များ၊ ဆေးဝါးများနှင့် အခြားလူမှုအထောက်အကူပြုပစ္စည်းများ၊ ရန်ပုံငွေများ၊ အကြံဉာဏ်များဖြင့် ဝိုင်းဝန်းအားပေးကူညီထောက်ပံ့ပေးကြပါရန် လေးစားစွာနှိုးဆော်အပ်ပါသည်။

အထူးသဖြင့် ယခုမေလ တတိယပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်သို့ လူမှုအကျိုးပြုအဖွဲ့ သွားရောက်မည်ဖြစ်ရာ **၁၉၈၄ ခုက ပင်လည်ဘူးမြို့နယ်တွင် အ-သုံးလုံး လုပ်အားပေးခဲ့ကြသော ရန်ကုန်တက္ကသိုလ်(R.U)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(Eco)နှင့် ရန်ကုန်စက်မှုတက္ကသိုလ်(RIT)**တို့မှ လုပ်အားပေးအဖွဲ့ဝင်ဟောင်းများက လူအား၊ ငွေအား၊ ပစ္စည်းအား၊ အကြံဉာဏ်အားဖြင့် ဝိုင်းဝန်းအားဖြည့်ပေးကြပါရန် အထူးတိုက်တွန်းအပ်ပါသည်။

အသင်းဝင်လိုသူများသည် အောက်ပါပုဂ္ဂိုလ်များထံမှ ပုံစံများ တောင်းယူဖြည့်စွက်ဝင်ရောက်နိုင်ပါသည်။

### စာမူပေးပို့ရန်နှင့် ဆက်သွယ်ဆောင်ရွက်လှူဒါန်းရန်

ဦးမျိုးသန့်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၁၀၇၅၄၊ ဦးအောင်ကြည်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၇၃၀၄၆၁၈၇၊ ဒေါက်တာခင်မေစု(အမှုဆောင်) ဖုန်း-၀၉-၅၀၀၇၉၅၅၊ ဦးအောင်စိုး(အတွင်းရေးမှူး) ဖုန်း-၀၉-၄၂၀၀၆၃၆၈၁၊ ဦးရွှေသိမ်းမင်း(အမှုဆောင်) (ပန်းရွှေပြည်စာအုပ်တိုက်၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့်) ဖုန်း-၀၉-၅၁၈၁၇၁၅၊ ဦးတင်ဝင်းအောင်(အမှုဆောင်-တာဝန်ခံ အယ်ဒီတာ၊ Education Digiest၊ ၈၄၊ မြေညီထပ်၊ ၄၉လမ်းအောက်) ဖုန်း-၀၁-၂၉၅၇၅၈၊ ဒေါက်တာမင်းမော်သန့်(အကျိုးဆောင်) ကထိက၊ မြန်မာစာဌာန၊ တောင်ငူဆောင်၊ ရန်ကုန်တက္ကသိုလ် ဖုန်း-၀၉-၅၀၆၆၉၇၁၊ မအိမ့်အိမ့်သူ(အကျိုးဆောင်) ၁၇၂၊ မြေညီထပ်၊ ၃၄လမ်း၊ အထက်၊ ဖုန်း-၀၉-၅၀၉၄၁၈၁တို့ထံ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (အလှူပစ္စည်းများ လာရောက်ပေးပို့ရန် အခက်အခဲရှိပါက ဦးစိုးမြင့်၊ ပြန်ကြားရေးမှူး၊ ဖုန်း-၀၉-၅၀၆၃၈၈၉၊ အမှုဆောင် ဦးသက်ဦး ဖုန်း-၀၉-၃၀၂၈၀၈၀၅တို့ထံ ဆက်သွယ်နိုင်ပါသည်။)

### မန္တလေးနှင့်အထက်မြန်မာပြည်မှပုဂ္ဂိုလ်များအတွက်

ဦးမောင်မောင်(အငြိမ်းစား-ပြည်နယ်တရားသူကြီး) ဖုန်း-၀၉-၅၂၆၃၁၇၄၊ ၆၄လမ်း၊ ၈၂×၁၃ကြား၊ ပြည်လုံးချမ်းသာရပ်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးထံ ဆက်သွယ်နိုင်ပါသည်။



### အမည်ပြောင်း

ဦးသက်ခိုင်ဦး ၈/မကန(နိုင်)၀၀၀၅၅၂၏ သမီး မကွေးမြို့၊ အလက(ခွဲ) ရဲကျောင်း (မကွေး) Grade-I(B)မှ မမေမြတ်နိုးဦးအား မမေမိုးသခင်ဟု ပြောင်းလဲခေါ်ပါရန်။

**မမေမိုးသခင်**

### ပျောက်ဆုံးကြောင်း

ကျွန်ုပ် ဦးဩဘာသ သာသနာဝင်အမှတ် ၅/မရန(သ)၀၀၁၃၆၃၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၆၁၅၇၇၉၄**

### ဖခင်အမည်မှန်

လားရှိုးမြို့နယ်၊ အထက(၃)မှ နဝမတန်းအောင် မသက်သက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးအားဆီ ၁၃/လရန(နိုင်)၀၇၄၈၈၄ ဖြစ်ပါသည်။

**ဦးအားဆီ**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်နိုင်လင်းအောင် ၁၂/သကတ(နိုင်)၁၉၁၀၃၉၏ ပတ်စ်ပို့စာအုပ်နံပါတ်မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၃၇၂၃၈၃၂**

### အမည်ပြောင်း

ဦးသန့်ဇင်ထွန်းနှင့် ဒေါ်ခိုင်သဇင်သင်းတို့၏သားဖြစ်သူ မုံရွာမြို့၊ ကံကြီးကျေးရွာ၊ မူလတန်းကျောင်းမှ ပထမတန်းအောင်မြင်သည့် မောင်ထူးအံ့လွင်အား ယနေ့မှစ၍ မောင်ဆုထူးမောင်ဟု ပြောင်းလဲခေါ်ပါရန်။

**ဆုထူးမောင်**

### အမည်မှန်

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ တောပုန်းကျေးရွာအုပ်စု၊ ရွှေဂဲကုန်းရပ်နေ ဦးမင်းဇော်၏သား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(A)တွင် ပညာသင်ကြားနေသော မောင်တင့်ဝေမင်း၏ အမည်မှန်မှာ မောင်နိုင်းနိုင်း ဖြစ်ပါကြောင်း။

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ပွဲကောက်ရေတံခွန်နေ ဦးစိုင်းထွန်းမောင် ၁၃/ကမန(နိုင်)၀၃၂၀၆၀ တို့၏သမီး မနန်းမြထွန်း ၁၃/ကမန(နိုင်)၀၃၂၀၅၉ သည် မိဘခွင့်မလွှတ်နိုင်သည့် ကိစ္စအမျိုးမျိုးပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ ရာသက်ပန် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မနန်းမြထွန်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိဘ-ဦးစိုင်းထွန်းမောင်-ဒေါ်ရွှေနု**

**ပွဲကောက်ရေတံခွန်**

# ရတနာပုံတက္ကသိုလ်တွင် စာကြည့်တိုက်နှင့် သုတပညာပထမနှစ် မဟာဝိဇ္ဇာဘွဲ့သင်တန်းဖွင့်လှစ်မည်

**မန္တလေး မေ ၇**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ၂၀၁၄ ခုနှစ် ဇွန်လတွင် ရတနာပုံတက္ကသိုလ်၌ စာကြည့်တိုက်နှင့်သုတပညာပထမနှစ်မဟာဝိဇ္ဇာဘွဲ့သင်တန်းဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်တစ်ခုခုမှ စာကြည့်တိုက်နှင့်သုတပညာအထူးပြုဖြင့် ဂုဏ်ထူးတန်းဘွဲ့ကို အနိမ့်ဆုံးဒုတိယတန်း(ဒုတိယအဆင့်)ဖြင့် အောင်မြင်သူများ၊ မဟာအရည်အချင်းစစ်သင်တန်းအောင်မြင်သူများ၊ စာကြည့်တိုက်နှင့်သုတပညာဘာသာရပ်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် မဟာသင်တန်းတက်ရောက်ရန် အဆင့်မီသူများဖြစ်စေရမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ သက်ဆိုင်ရာအထောက်အထားများဖြင့် ရတနာပုံတက္ကသိုလ်ကျောင်းသားရေးရာဌာနသို့ ဧပြီ ၂၈ မှ မေ ၂၃ ရက်အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်သည်။ စာကြည့်တိုက်နှင့်သုတပညာဘာသာရပ်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာရရှိသူများသည် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်၍ ဖြေဆိုရမည့်သူများအမည်စာရင်းကို မေ ၂၆ ရက်တွင် စာကြည့်တိုက်နှင့် သုတပညာဌာန၌ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ ဝင်ခွင့်စာမေးပွဲကို မေ ၂၈ ရက် ရတနာပုံတက္ကသိုလ်စာကြည့်တိုက်နှင့်သုတပညာဌာန၌ ကျင်းပမည်ဖြစ်ပြီး အစိုးရဝန်ထမ်းဖြစ်ပါက အချိန်ပြည့်သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုစာ(မူရင်း+မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဆယ်တန်းအောင်လက်မှတ်မိတ္တူ၊ ပထမဘွဲ့လက်မှတ်၊ ဒီပလိုမာဘွဲ့လက်မှတ်နှင့်အမှတ်စာရင်းမိတ္တူ၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံခြောက်ပုံ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# မြန်မာ့ယဉ်ကျေးမှုနှင့် ဒေသထွက်လက်ဆောင်

မြန်မာ့ယဉ်ကျေးမှုတွင် ဒေသတစ်ခုမှ ဒေသတစ်ခုသို့ခရီးသွားကြသည့်အခါ မိမိဒေသမှထွက်ရှိသည့် ပစ္စည်းများကို တန်ဖိုးနည်းသည်ဖြစ်စေ၊ တန်ဖိုးများသည်ဖြစ်စေ အမှတ်တရအဖြစ်လည်းကောင်း၊ ခင်မင်ရင်းနှီးမှုကို ရှေးရှု၍လည်းကောင်း၊ ဂါရဝပြုရန်နှင့် လှူရန်သော်လည်းကောင်း လက်ဆောင်ပေးခဲ့သည့်ဓလေ့မှာ ရှေးအခါကပင် ကျင့်သုံးဆောင်ရွက်လာခဲ့ကြသည်။

ဥပမာ မန္တလေးရောက်ရင် ထိုးမုန့်နှင့်လမုန့်၊ နေပြည်တော် ပျဉ်းမနားရောက်ရင် မျှစ်ချဉ်၊ ပုသိမ်ရောက်လျှင် ဟာလဝါ၊ ဖျာပုံရောက်လျှင် ရွှေပုစွန်ခြောက်နှင့် ငါးခြောက်မျိုးစုံတို့ကို အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူပေးကမ်း လှူဒါန်းလေ့ရှိသည်။

အချိန်ကာလအခြေအနေတို့ကြောင့် ဒေသတိုင်းတွင် လက်ဆောင်ပေးရန်ပစ္စည်းများ ဈေးနှုန်းမြင့်မားလျက်ရှိနေကြသည်။ လက်ဆောင်ပစ္စည်းများတွင် မျက်နှာပန်းအလှဆုံးကတော့ ဖျာပုံရွှေပုစွန်ခြောက်ဖြစ်သည်။ ဖျာပုံရွှေပုစွန်ခြောက်များမှာ ပြည်တွင်းဈေးကွက်တွင်သာမကဘဲ ပြည်ပဈေးကွက်အထိ ရောင်းလိုအားထက် ဝယ်လိုအားကောင်းသဖြင့် အဆများစွာ ဈေးနှုန်းမြင့်မားလျက်ရှိသည်။

ဖျာပုံဈေးကွက်တွင် ပုစွန်ခြောက်ဈေးမှာ တစ်ပိဿာငွေကျပ် ၁၂၀၀၀ မှ ၄၅၀၀၀အထိ ဈေးမြင့်နေ၍ဆွေမျိုးနှင့်တရင်းတနှီးရှိသူမှအပ သာမန် ခင်မင်သူများကိုပုစွန်ခြောက်လက်ဆောင်ပေးရန် ခက်ခဲနေကြသည်။ ယခုအခါ ပုစွန်ခြောက်နေရာတွင် ပေါ့ပေါ့ပါးပါးဖြင့်ဈေးနှုန်းလည်းနည်း သယ်ယူမှု လွယ်ကူပြီး ရေနွေးကြမ်းနှင့်ပဲစားစား၊ ထမင်းနှင့်ပဲစားစား အဆင်ပြေအရသာရှိသည့် အသင့်စားငါးနှပ်ခြောက်ကင်ဘူးနှင့် အထုပ်များကို ဖျာပုံမြို့တွင် လုပ်ငန်းရှင် ၁၀ဦးခန့်တို့က တီထွင်ထုတ်လုပ်ပေးကြသည့်အတွက် လက်ဆောင်ပေးရန်နှင့် ရုံးသူရုံးသားအလုပ်သမားတို့ ထမင်းချိုင့်များ ယူဆောင်ရာတွင် လွယ်ကူအဆင်ပြေလျက်ရှိကြသည်။

အသင့်စားငါးနှပ်ခြောက်လုပ်ငန်း လုပ်ကိုင်သည့်လုပ်ငန်းရှင်တစ်ဦးက မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသည့်ငါးနှပ်များကို ခေါင်း၊ အမြီးနှင့်ဆူးတောင်များဖြတ်တောက်ခြင်း၊ အငန်ဓာတ်ပင်လယ်နံ့၊ ပင်လယ်ရေဓာတ်ကြွင်းများ မကျန်အောင်ရေဆေးခြင်း၊ ပျမ်းမျှလေးနာရီခန့် နေလှန်းခြင်း၊ နေလှန်းပြီးငါးခြောက်ကို ထု၍ဗိုက်ခွဲခြင်း၊ မွနေစေရန် ပြုပြင်တီထွင်ထားသော ကြိတ်စက်ဖြင့် အချောပြုပြင်ခြင်း၊ အချောပြုပြင်ပြီး ငါးခြောက်များကို ပြုပြင်တီထွင်ထားသော(ကင်ဖို)တွင် အပူလိုင်းဖြတ်သန်းစေ၍ကင်ခြင်း စသည်ဖြင့် အဆင့်ဆင့်လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းပြောပြသည်။

အသင့်စားငါးနှပ်ခြောက်ဘူးနှင့် အထုပ်များကို ဖျာပုံဈေးကွက်တွင် ၁၀၀ ဂရမ်တစ်ဘူးလျှင်ငွေကျပ် ၁၃၀၀၊ ၁၀၀ ဂရမ်တစ်ထုပ်လျှင်ငွေကျပ် ၁၁၀၀၊ ၅၀ ဂရမ်တစ်ထုပ်လျှင်ငွေကျပ် ၆၀၀ နှင့် လေးကျပ်ခွဲသား တစ်ထုပ်လျှင်ငွေကျပ် ၅၀၀ ရောင်းချလျက်ရှိပြီး ဈေးကွက်လိုအပ်ချက်အရ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မြဝတီ၊ မူဆယ်၊ လားရှိုး၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ပုသိမ်၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ မုံရွာ၊ ပျော်ဘွယ်၊ ပခုက္ကူမြို့များအပြင် အိမ်နီးချင်းနိုင်ငံများအထိ တင်ပို့နေရကြောင်း၊ ထုတ်လုပ်မှုထက် မှာယူမှုများနေသည့်အတွက် အလှည့်ကျတင်ပို့နေရကြောင်း လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။

ပုစွန်ခြောက်ဈေး အဆမတန် မြင့်မားနေချိန်တွင် အဖိုးနည်း၊ ဝန်ပါ၊ စားလို့ကောင်းပြီး သယ်ယူမှုလွယ်ကူသည့်"အသင့်စားငါးနှပ်ခြောက်ကင်" ဘူးနှင့်အထုပ်များကို လက်ဆောင်ပေးခြင်းဖြင့် ဖျာပုံမြို့၏ ဒေသထွက်ကုန်လုပ်ငန်းမြင့်မားအောင် ကြိုးစားကြပါစို့။

**အောင်ဝင်း(ဖျာပုံ)**

# ရွှေညောင်မြို့ဒက္ခိဏာရာမစာသင်တိုက် သုန္ဒရာရာမဇဟိုကျောင်းဆောင်သစ် ဖွင့်ပွဲနှင့်ရေစက်ချအလှူမင်္ဂလာကျင်းပ

**တောင်ကြီး မေ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ဒက္ခိဏာရာမ စာသင်တိုက်ကျောင်းတော်ကြီးကို ၁၉၆၁ ခုနှစ်တွင် ပထမဂိုဏ်းထောက် ဆရာတော်ကြီး ဘဒ္ဒန္တဒေဝိန္ဒကစတင်ဆောက်လုပ်ပြီး နှစ် ၅၀ အကြာ ၂၀၁၁ ခုနှစ်တွင် ကျောင်းကြီး ယိုယွင်းပျက်စီးလာသဖြင့် ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက် သက်တော်ရှည် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုန္ဒရာကကျောင်းကြီးကို အသစ်ပြန်လည်ပြုပြင်လိုသော ဆန္ဒဖြစ်ပေါ်လာသဖြင့် အလှူရှင်ဒါယိကာမကြီး ဒေါ်စောရီ (အာရှစူပါမိသားစု)မှ ဆွမ်းစားကျောင်းပြုပြင်လိုသောကြောင့် ငွေကျပ်သိန်း ၁၀၀ မတည်မည့်အကြောင်းလျှောက်ထားရာ ဆရာတော်ကကျောင်းကြီးပြင်ဆင်ရာတွင် လှူဒါန်းရန် မေတ္တာရပ်ခံသည့်အတွက် ကျောင်းဟောင်းကြီးကိုစတင်ဖျက်သိမ်းခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ပန္နက်တင်မင်္ဂလာစတင်ဆောင်ရွက်ခဲ့ရာ သာသနာ့အကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရွာသူရွာသားများ၊ ရပ်ကွက်နေပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဆရာတော်သံဃာတော်များမှ စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်ခဲ့ပြီး အင်ဂျင်နီယာ ဦးသန်းထိုက်- ဒေါ်ဇာနည်ထွန်းမိသားစုမှ လုပ်အား ဒါနအလှူပေးခဲ့ပြီး ရွှေညောင်မြို့ဈေးသူဈေးသားများနှင့် စုပေါင်း အလှူရှင်များ၏ စေတနာထက်သန်သော သဒ္ဓါတရားကြောင့် မေ ၃ရက် နံနက် ၈ နာရီက ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့်ရေစက်ချ အလှူမင်္ဂလာပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

## စုပေါင်းလုပ်အားဖြင့် ဆောင်ရွက် ကုန်ကျမှု မှာ ငွေကျပ်သိန်း ၃၀၀၀ ခန့် . . .

ပထမဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်သက်တော်ရှည်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုန္ဒရက ဆရာတော်ကြီး ဦးစီး၍ ဒါယကာဒါယိကာမ အပေါင်းတို့က စုပေါင်းဆောက်လုပ်လှူဒါန်းအပ်သော သုန္ဒရာ ရာမဇဟို ကျောင်းဆောင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဒက္ခိဏာရာမ ပရိယတ္တိ စာသင်တိုက်အတွင်းရှိ သုန္ဒရာ ရာမကျောင်းဆောင်ကြီးဆောက်လုပ်စဉ်ကုန်ကျမှုမှာ ငွေကျပ်သိန်း ၃၀၀၀ ခန့်ဖြစ်ပြီး အလှူမင်္ဂလာကိုငွေကျပ်သိန်း ၂၀၀ ကျော်ဖြင့် ကုန်ကျခံကျင်းပနိုင်ခဲ့ပြီး လူတန်းစားမရွေးထမင်း၊ ဟင်းစား သောက်ဖွယ်ရာများဖြင့် စည်ကားသိုက်မြိုက်စွာ ဧည့်ခံကျွေးမွေး လျက်ရှိကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**ဖခင် အမည်မှန်**

မိုးကုတ်မြို့၊ အထက(၂)၊ ပဉ္စမတန်း(ခ)မှ မမြတ်ပြည့်စုံဦး၏ဖခင် ဦးမောင်မောင်ဦး(အစား) ဦးဇော်မောင်ဦး ၉/မကန(နိုင်)၀၇၇၄၇၀ ဖြစ်ပါကြောင်း။

**ဦးဇော်မောင်ဦး**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ လူနေရပ်ကွက်အမှတ်၊ မြေကွက်အမှတ် ၃၉၅၊ ဧရိယာ ၀ဒသမ ၀၆၂၈ဧက၊ အကျယ်(၄၅'×၆၀')၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၃၉၅၊ ဧရာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်သန်းမြင့် CD-၀၂၅၆၃၈၊ ၁၂/မဂတ(နိုင်)၀၃၈၆၁၂ အမည်ပေါက်လျက်ရှိပြီး ၄င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အရ ဒေါ်အေးအေးလွင် ၁၂/ဥကမ(နိုင်)၀၁၇၈၅၇မှ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်** အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)

**ဦးသန့်ဇော်** တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ပါသည်**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လင်းလင်းမြင့် ၁၂/ရကန(နိုင်)၀၀၁၉၃၂ က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၁၀၈၁၊ မြေအကျယ်အဝန်းပေ(၄၅×၆၀)အနက်မှ မခွဲမစိတ်ရသေးသော မြေကွက်ဖြစ်သည့် ဒူးယား ၅လမ်းဘက်မှ မျက်နှာမူလျှင် (လက်ယာ)ဘက် ပေ(၂၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်မြေအမည်ပေါက် ဦးမြင့်ကြင် ၁၂/ပဘတ(နိုင်)၀၁၀၂၄၆ထံမှ အဆင့်ဆင့်သော အရောင်းအဝယ်စာချုပ်များဖြင့်ဝယ်ယူလက်ရောက်ရရှိပြီး လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုရှိသူ ဦးတင်မောင်နိုင် ၁၂/ဒလန(နိုင်)၀၃၉၉၆၉ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများ အထောက်အထားဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လင်းလင်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်မောင်ဆွေ B.A (Law), LL.B,D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၃)**

**အမှတ် ၁၆၃ (လေးလွှာ)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၅၅၉၄၆၀၊ ၀၉-၅၀၀၉၁၆၇**

**အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၄၀/က ဟုခေါ်သော မြေရှင် ဒေါ်သန်းသန်းအေး ၁၂/ခရန(နိုင်)၀၇၉၃၃၆၏ မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော နှစ်ခန်းတွဲ RC(၃½)ထပ် အဆောက်အအုံတွင် ကန်ထရိုက်တာဘက်မှရပိုင်ခွင့်ရှိသော အခန်းများအနက်မှ ဒါဘာအောက် (ခြေရင်းခန်း)လေးလွှာအား ကန်ထရိုက်တာ ဦးနိုင်ဦးလွင် ၁၂/သဃက(နိုင်)၁၇၂၆၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်သန္တာခိုင် ၁၂/သဃက(နိုင်)၀၈၃၂၃၄က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ အရစ်ကျအလီလီပေးချေထားပြီးဖြစ်ပြီး အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သန္တာထွန်း LL.B အထက်တန်းရှေ့နေ (စဉ်-၂၇၂၅၁)**

**အမှတ် ၁၂၀၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊**

**သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၁၁၄၄၂**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၉၈၁၅၂ DAYANG 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စန်းထွန်း ၅/ဗမန(နိုင်)၀၂၀၃၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ယ/၉၂၄၂၃ ဂျာလင်း JL 90 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးရဲကို ၅/စကန(နိုင်)၀၂၃၄၀၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4F/1937 Toyota wish ZNE 10, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်း ၁၃/ကတန(နိုင်)၀၀၄၁၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဟ/၉၉၅၇ Honlei 200 T/W ယာဉ်လက်ဝယ်ရှိသူ မိုးသောက်နှင်းကုမ္ပဏီမှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ည/၃၀၂၃၊ NIDI(6) Wheel Truck(NDTO2) Truck(4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဆောင် ၅/ဆလက(နိုင်)၀၃၄၇၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဟ/၉၉၅၀၊ Honlei 200 T/W ယာဉ်လက်ဝယ်ရှိသူ မိုးသောက်နှင်းကုမ္ပဏီက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

### တိုင်းဒေသကြီး တရားသူကြီးချုပ် ခရိုင်/မြို့နယ် တရားသူကြီးများနှင့် တွေ့ဆုံ

**မန္တလေး မေ ၇**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူး၊ ပြင်ဦးလွင်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် မေ ၃ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ရုံးခန်း၌ တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ၊ အမှုလက်ကျန်ကျဆင်းရေး၊ အချုပ်တရားခံကျဆင်းရေး တရားဥပဒေစိုးမိုးရေး၊ အများပြည်သူယုံကြည်ကိုးစားသော တရားစီရင်ရေးဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များနှင့် လုံခြုံရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြင်ဦးလွင်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ တရားသူကြီး ၁၀ ဦး တက်ရောက်ကြကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

### ဇီးကုန်းဘူတာ မွမ်းမံတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ဇီးကုန်း မေ ၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ရှိ ဇီးကုန်းဘူတာကို မြန်မာ့မီးရထားလုပ်ငန်းမှ ၂၀၁၄ ခုနှစ် ဧပြီ ၁၂ရက်မှစ၍ အဆင့်မြင့် မွမ်းမံတည်ဆောက်မှုလုပ်ငန်းများကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိကြောင်း သိရသည်။

ဇီးကုန်းဘူတာ မွမ်းမံပြင်ဆင်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးအောင်မြင်ရေးအတွက် မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(မြို့ပြ) ဦးတင်စိုး၏ စီမံလမ်းညွှန်မှု၊ မြန်မာ့မီးရထားအင်ဂျင်နီယာမှူး(မြို့ပြ)၊ တိုင်း(၆) ဦးတင်မြင့်တို့၏ ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် မွမ်းမံတည်ဆောက်လျက်ရှိရာ ခရီးသည်နားနေဆောင်အမိုးနှင့် အခင်းများ ပြင်ဆင်မွမ်းမံခြင်း၊ ဘူတာအတွင်း အခင်းတမံသလင်း အသစ်ခင်းကျင်းခြင်း၊ VIP နားနေဆောင်အသစ်တစ်လုံး တည်ဆောက်ခြင်း၊ ပလက်ဖောင်းများ အပြည့်ခင်းကျင်းခြင်း၊ အဝီစိတွင်းတစ်တွင်းနှင့် ဂါလန် ၄၀၀ ဆံ့ ရေစင်တစ်လုံး တည်ဆောက်ခြင်း၊ ဘူတာနှင့် ရန်ကုန်-ပြည်လမ်းအား ဆက်သွယ်သော မြေသားလမ်းကို ကွန်ကရစ်လမ်းခင်းခြင်းတို့ ပါဝင်ကြောင်း သိရသည်။

ရန်ကုန်-ပြည် ရထားလမ်းမှာ အင်္ဂလိပ်အစိုးရလက်ထက် ၁၈၇၇ ခုနှစ်က မြန်မာနိုင်ငံတွင် ပထမဆုံး ဖောက်လုပ်သော ရထားလမ်းဖြစ်ပြီး ထိုစဉ်က ဘူတာများမှာလည်း အင်္ဂလိပ်အစိုးရ ဆောက်လုပ်ထားခဲ့ခြင်းဖြစ်၍ နှစ်ပေါင်း ၁၃၇ နှစ်ကြာမြင့်ခဲ့သည်။ ယခုအခါ ပြည်ထောင်စု အစိုးရသစ်လက်ထက်တွင် ရထားလမ်းများ ကြံ့ခိုင်ရေး၊ ဘူတာများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်လာနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

### တောင်တွင်းကြီး၌ကန်ချောင်းတံတားပြန်လည်ပြုပြင်ရေးဆောင်ရွက်

**တောင်တွင်းကြီး မေ ၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဥက္ကလာပ၊ စည်ပင်သာယာ၊ ပျားစီပင်၊ မြင်းစု၊ သံပုရာကျင်း၊ စမုံရွာသစ်၊ ကိုးပင်ကျေးရွာတို့မှ ဒေသခံပြည်သူ ၅၀၀၀ ကျော်တို့ နေ့စဉ်သွားလာနေသည့် မကွေး- တောင်တွင်းကြီး ကားလမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ထားသည့် ကျေးလက်လမ်းပေါ်မှ ကန်ချောင်းတံတားမှာ ယမန်နှစ်အောက်တိုဘာ ၂၈ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် အဆိုပါတံတား၏ ဘေးနံရံ ဘဲတောင်များ၊ ကျောက်ခဲများမှာ အလျား ၂၅ ပေ၊ အကျယ်ပေ ၂၀၊ အမြင့်ပေ ၂၀ ခန့် ကျိုးပဲ့ပျက်စီးပြီး ရေစီးနောက် မြောပါသွားသဖြင့် ကျေးရွာခုနစ်ရွာတို့မှ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ အခက်အခဲများ ကြုံတွေ့ခံစားနေကြရကြောင်း သိရသည်။

အဆိုပါ တံတားကြီး မိုးဦးမကျခင် ပြီးစီးရေး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ်ဆည်မြောင်း ဦးစီးအရာရှိ ဦးသိန်းအောင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းနှင့် မြို့နယ်အထောက်အကူပြု ကော်မတီများ လိုက်ပါလျက် မေ ၃ ရက် နံနက် ၈ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး စက်ယန္တရားကြီးဖြင့် မိုးဦးမကျခင်လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်/ကျေးရွာ အထောက်အကူပြုကော်မတီများ၊ ဒေသခံ ကျေးလက်ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးမှသာ လုပ်ငန်းများ အချိန်မီ ပြီးစီးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

### လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး မွန်ပြည်နယ်အတွင်း ကုမ္ပဏီမှဆောင်ရွက်

**မော်လမြိုင် မေ ၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ငန်းတေးဓာတ်အားပေးစက်ရုံတွင် Myanmar Lighting (IPP) ကုမ္ပဏီက တည်ဆောက်လျက်ရှိသော 230 MW Combined Cycle Gas Turbine အနက် ပထမအဆင့်ဖြစ်သော (43.5 MW) GE.Gas Trubine မှာ တပ်ဆင်ပြီးစီး၍ မေ ၂ ရက်က စမ်းသပ်လည်ပတ်ရာ အောင်မြင်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌ ဦးစိန်ဝမ်က ပြောသည်။

အဆိုပါ (43.5MW) မှ ထွက်ရှိသော ဓာတ်အားများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မဟာဓာတ်အားလိုင်းများသို့ ပို့လွှတ်ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်နိုင်ရန်အတွက် တာဝါတိုင်များတည်ဆောက်ခြင်း၊ ကြိုးများသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမည့် မေ ၁၆ ရက်တွင် မဟာဓာတ်အားလိုင်းများသို့ ပို့လွှတ်မည်ဖြစ်ကြောင်း သိရသည်။

ငန်းတေးမီးစက်ဝင်းအတွင်း (IPP) ကုမ္ပဏီက တည်ဆောက်လျက်ရှိသော လျှပ်စစ်ဓာတ်အားစက်ရုံခြောက်လုံး တူရကီနိုင်ငံမှ စက်ပစ္စည်းများကို ကုန်းလမ်း၊ ရေလမ်းများမှ သယ်ယူခဲ့ပြီး လုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ပထမအဆင့်အတွက် (43.5MW) တစ်လုံးကို မေလအတွင်းပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး (21.5MW) တစ်လုံးနှင့် (33 MW) တစ်လုံးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း ပြီးစီးရန် တူရကီနိုင်ငံမှ ပညာရှင် ၄၈ ဦး၊ ကိုရီးယားနိုင်ငံမှ ပညာရှင်ကိုးဦးနှင့် GE (General Electric) ၁၂ ဦးတို့ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းတစ်ခုလုံး (230MW) ပြီးစီးရန် လျာထားချက်မှာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ပြီးစီးရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပထမအဆင့် (98MW) ပြီးစီးပါက မွန်ပြည်နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ချောင်းဆုံမြို့နယ်နှင့် ရေးမြို့နယ်များသို့ အခြားမြို့နယ်များနည်းတူ ၂၄ နာရီလုံး လျှပ်စစ်မီးရရှိမည်ဖြစ်ပြီး စီမံချက်လုပ်ငန်းပြီးစီးပါက ကရင်ပြည်နယ်အတွက် ဆက်လက်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။ (230MW) စီမံကိန်းအတွက် Gas ကို နိုင်ငံတော်မှ (IPP) ကုမ္ပဏီကို ရောင်းချပေးရပြီး ထွက်ရှိလာသော ဓာတ်အားများကို (IPP) ကုမ္ပဏီမှ မြန်မာ့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မဟာဓာတ်အားလိုင်းသို့ ချိတ်ဆက်ပေးပို့ရပြီး ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(လ/၀၁၂)


**ဖခင်အမည်မှန်**

ကြို့ပင်ကောက်မြို့နယ်၊ကျွန်းကုန်းကြီးအုပ်စု၊ ကျွန်းကုန်းကြီးကျေးရွာနေ မဇူလိုင်မို့မို့ ၇/ကပက(နိုင်)၀၉၄၆၈၅၏ဖခင် ဦးမြင့်စိန်(ခ)ဦးမြင့်ဇော်ဦး(ခ)ဦးဇော်မြင့်ဦး အမည်သုံးမျိုးအနက် အိမ်ထောင်စုစာရင်းအရ ဦးမြင့်စိန် ၇/ကပက(နိုင်)၀၈၃၂၆၁မှာ အမည်မှန်ဖြစ်ကြောင်း။ **ဦးမြင့်စိန်**

**၇/ကပက(နိုင်)၀၈၃၂၆၁**

**ကျွန်းကုန်းကြီးကျေးရွာ၊ ကြို့ပင်ကောက်မြို့နယ်**

**အများသိစေရန်**

ကျွန်တော် မောင်ထွန်းမျိုးဝင်း၏ ဇနီး မချိုချိုမြင့်သည် ၃-၅-၂၀၁၄ ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်း၏အရှုပ်အရှင်း ပြဿနာကိစ္စအ၀၀များကို (လုံး၀)တာဝန် မယူကြောင်း အသိပေးအပ်ပါသည်။

**မောင်ထွန်းမျိုးဝင်း**

**၉/ပမန(နိုင်)၁၃၀၂၀၀**

**ကန့်ကွက်နိုင်ပါကြောင်း**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(မြို့သစ်-က)၊ မြေကွက်အမှတ် ၅၉၈/က၊ မြေကွက်တည်နေရာအမှတ် ၁၇၈၊ က-၇လမ်း၊ မြို့သစ်(က+ခ) ရပ်ကွက်၊ အင်းစိန်(ဦးသန်းစိန်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းစိန် ဇနီးဖြစ်သူ ဒေါ်တင်ရီ ကွယ်လွန်သဖြင့် (၁) ဦးသိန်းမြင့် ၁၂/အစန(နိုင်)၀၃၄၄၃၂၊ (၂)ဦးအေးလွင် ၁၂/အစန(နိုင်)၀၂၀၅၅၉၊ (၃)ဦးတင်ရှိန် ၁၂/အစန(နိုင်)၀၃၅၉၈၆၊ (၄)ဦးသန်းတင် ၁၂/အစန(နိုင်) ၀၃၇၄၅၆၊ (၅)ဦးဇော်ဝင်းသန့် ၁၂/အစန(နိုင်)၀၃၅၉၄၂၊ (၆)ဒေါ်ခင်ဌေး ၁၂/အစန(နိုင်)၀၃၉၂၂၇ တို့က သားသမီးများ တော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၂၊ မြေကွက်အမှတ် ၅၀၀/က၊ မြေကွက်တည်နေရာအမှတ် ၅၀၀/က၊ မကွေးလမ်း၊ လှိုင်သာယာ(ဦးသန်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးသန်းထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးသန်းဦး ၇/ပခန(နိုင်)၁၇၅၆၂၆က ပါမစ်စာရွက်များမပြည့်စုံဘဲ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရောင်းမည်**

1B NISSAN CITYBUS CNG

၁၁ လုံး၊ ဘော်ဒီအသစ်၊ အင်ဂျင်ကိုင်ပြီး၊ ညှိနှိုင်းဈေး၊

**ဖုန်း-၀၉-၄၂၅၀၁၂၄၄၅၊**

**၀၉-၂၅၀၂၈၄၈၁၆**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် BB/3220 MAZDA DEMIO, HATCH BACK ယာဉ်လက်ဝယ်ရှိသူ အလင်းစွမ်းအား ကုမ္ပဏီလီမိတက်မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**မအေးသိမ့်သိမ့်စိုးခိုင်နှင့်အများသိစေရန် ကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ညံတော၊ ၁၅လမ်းနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမာမက်ဖာရွတ်ခန်း(ခ)ဦးစိုးခိုင် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမာမက်ဖာရွတ်ခန်း(ခ)ဦးစိုးခိုင်၏သမီး မအေးသိမ့်သိမ့်စိုးခိုင် ၉/ပဥလ(နိုင်)၀၂၂၂၀၇သည် ဖခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိစိတ်တိုင်းကျ စီစဉ်ဆောင်ရွက်သွားပါသောကြောင့် ၁-၅-၂၀၁၄ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေက သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မအေးသိမ့်သိမ့်စိုးခိုင်၏ ပြုမူဆောင်ရွက်ချက်များ၊ လုပ်ဆောင်ချက်များသည် ကျွန်ုပ်၏မိတ်ဆွေ ဦးမာမက်ဖာရွတ်ခန်း(ခ)ဦးစိုးခိုင်နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ဖခင်ပိုင်ဆိုင်သောပစ္စည်းများနှင့်လည်း လုံး၀ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း မအေးသိမ့်သိမ့်စိုးခိုင်နှင့်ပတ်သက်သော ကိစ္စရပ်များကို ကျွန်ုပ်၏မိတ်ဆွေမှလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များကို ကျွန်ုပ်၏မိတ်ဆွေအားလည်း စုံစမ်းမေးမြန်းခြင်းမပြုလုပ်ကြပါရန် မအေးသိမ့်သိမ့်စိုးခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမာမက်ဖာရွတ်ခန်း(ခ)ဦးစိုးခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းယုမွန်** LL.B

**အထက်တန်းရှေ့နေ**

**စဉ်-၄၀၆၀၁**

**အမှတ် ၄၉/စ၊ (၃)ရပ်ကွက်၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၆၅၀၊ ၀၉-၃၃၄၅၆၈၆၁**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၁နှင့် ၅)**

**ကျောက်မဲမြို့နယ် တရားမရုံး၌**

**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၅**

**ဒေါ်သဇ္ဇာချိုအောင်** **နှင့်** **ဦးကျော်ဇင်မင်း(ခ)မင်းမင်း**

**တရားလို** **တရားပြိုင်**

မြစ်ကြီးနားမြို့၊ ဈေးကြီးလမ်း၊ လမ်းသွယ်(၂)၊ ယုဇနကွက်သစ်ရပ်နေ ဦးလှဒင်-ဒေါ်ခင်တောမှတစ်ဆင့် ဦးကျော်ဇင်မင်း(ခ)မင်းမင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားအဖြစ်မှ တရားဝင်ကွာရှင်း ပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၁၀ရက် (၁၃၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(သီဟကျော်)**

**ဒုတိယမြို့နယ်တရားသူကြီး၊ ကျောက်မဲမြို့နယ်တရားရုံး**

# ပျော်ဘွယ်မြို့နယ်တွင် ဆည်မြောင်းကန်ချောင်းများ ပြုပြင်ပြီး

**ပျော်ဘွယ် မေ ၇**

နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများ စိုက်ပျိုးရေရှိရေး၊ သောက်သုံးရေဖူလုံရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နှစ်စဉ်ဆည်မြောင်းကန်ချောင်းများကို ပြုပြင်ဆည်ဖို့ပေးနေသည်။ မန္တလေးတိုင်းဒေသကြီးအစိုးရ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းကန်ချောင်းများကို ပြုပြင်ဆောင်ရွက်နေသည်။ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်တွင်လည်း ဆည်မြောင်းဝန်ကြီးဌာနက ကန်ငယ် ၁၂ ကန်ကို ယခုနှစ်မိုးမကျမီ အချိန်မီ ပြုပြင်ဆည်ဖို့ ပြီးစီးနေပြီဖြစ်သည်။

ပျော်ဘွယ်မြို့နယ် ဆည်မြောင်းဝန်ကြီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်ရန် ကန်ငယ် ၁၂ ကန်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ပြုပြင်ဆည်ဖို့ရာ ယခုအခါ လုံးဝပြုပြင်ပြီးစီးနေပြီဖြစ်သည်။ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကန်ငယ်များဖြစ်သော ဘုံကန်၊ ဥယျာဉ်ခြံကန်၊ ကျောင်းကန်၊ ကြာကန်၊ သရက်တန်းကန်၊ ဘုံကန်(သီးပင်)၊ ကြောင်ပန်းပင်ဆည်၊ သောက်သုံးရေကန်(မိဘုရားကုန်း)၊ ကန်သာကန်၊ သနပ်ခါးတောကန်၊ စက်တော်ရာကန်နှင့် သဲပုတ်ကန်များကို အချိန်မီပြုပြင်ဆည်ဖို့ခဲ့ရာ ယခုအခါ လုံးဝဆည်ဖို့ ပြီးစီးနေပြီဖြစ်၍ ကျေးလက်နေ ပြည်သူများအတွက် သောက်သုံးရေနှင့် တိရစ္ဆာန်များအတွက်ပါ ဖူလုံစွာ ရရှိနေပြီဖြစ်သည်။ ထိုကန်ငယ်ဆည်များကို ဆည်မြောင်းဦးစီးဌာနက ကန်ပေါင်ပြန်လည်အားဖြည့်ခြင်း၊ရေထုတ်ပြွန်နှင့် ရေပိုလွှဲများကိုတည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

ပျော်ဘွယ်မြို့နယ် ဆည်မြောင်းဦးစီးဌာနက ဆက်လက်၍ကျေးရွာဆည် ကန် ၁၃ ကန်ကို ပြုပြင်တည်ဆောက်ပေးနေသည်။ ပျော်ဘွယ်မြို့နယ် ဆည်မြောင်းဦးစီးဌာနက သပြေရိုးရွာရှိ လက်ပံပင်ကန်၊ ကြက်တည်ကျေးရွာရှိ ထနောင်းကုန်းကန်၊ ဝက်လက်ကျေးရွာရှိ နတ်စင်ကုန်းကန်၊ ညောင်ရွှေရွာရှိ မမကန်၊ ငွေးဇီးရွာရှိ ငွေးဇီးကန်၊ ခလန်းကျေးရွာရှိ ခလန်းကုန်းကန်၊ ပေကုန်းကျေးရွာရှိ ပေကုန်းကန်၊ သူဌေးကုန်းရွာရှိ သူဌေးကုန်းကန်၊ ကျောင်းကုန်းရွာရှိ ကျောင်းကုန်းကန်၊ မိဘုရားကုန်းရွာရှိ မိဘုရားကုန်းတောင်တန်းကန်၊ ဆည်ရွာရှိ ဆည်ရွာမင်းကန်၊ ကျီနီရွာရှိ ကျီနီရေလွှဲဆည်နှင့် ပင်မြိုင်ကျေးရွာရှိ ချောင်းကောက်ဆည်များကို ကန်ပေါင်ပြုပြင်ခြင်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ရေထိန်းတံခါးတည်ဆောက်ခြင်းနှင့် ရေသွယ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ပြုပြင်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် မန္တလေးတိုင်းဒေသကြီး ရန်ပုံငွေဖြင့် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ရှိ ဖက်တောကျေးရွာတွင် ဗောဓိပင်ရေထိန်းဆည်ကိုလည်း တည်ဆောက်နေသည်။ဗောဓိပင်ရေထိန်းဆည်ကို မန္တလေးတိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် သန်း ၄၀၀ အကုန်အကျခံ၍ တည်ဆောက်ပေးထားသည်။ ပျော်ဘွယ်မြို့နယ် ဆည်မြောင်းဦးစီးဌာနက ဖက်တောကျေးရွာတွင် ဗောဓိပင်ချောင်းနှင့် ပင်းငံပင်ချောင်းဆုံကို ပိတ်၍ ဗောဓိပင်ရေထိန်းဆည်ကို စတင်တည်ဆောက်နေပြီ ဖြစ်သည်။ ဗောဓိပင်ရေထိန်းဆည် တည်ဆောက်ပြီးပါက ဖက်တော၊ ကျောက်တိုင်၊ ဇီးကုန်း၊ ရှားပင်လှ၊ သီးပင်ကွင်းနှင့် ဇေတဝန်ကွင်းတို့မှ လယ် ၅၄၁ ဧက နှင့် ယာ ၄၀၃ ဧကတို့မှာ စိုက်ပျိုးရေရရှိတော့မည်ဖြစ်သည်။ ဗောဓိပင်ရေထိန်းဆည်ရေဖြင့် စပါး၊ မိုးကြိုးဝါ၊ ကြက်သွန်၊ နေကြာ၊ ကုလားပဲ၊ ငရုတ်များ စိုက်ပျိုးရေဖြင့် စိုက်ပျိုးနိုင်ကြမည်ဖြစ်သည်။ ဆည်မြောင်းဦးစီးဌာနက ကျေးလက်များရှိ ဆည်ငယ်ကန်ငယ်များပြုပြင်ပေးသဖြင့် စိုက်ပျိုးရေနှင့်သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**တင်လှိုင်**

# ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

**ရန်ကုန် မေ ၇**

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ မူလပဓာနနာယက(ပီနန်) ကမ္ဘာ့သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ပညာဝံသဦးဆောင်၍ ဖွား၊ ပွင့်၊ စံ ရုပ်ပွားတော်သုံးဆူ၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်း ပွဲတော်ကြီးကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ၊ သဘင်၊ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၊ စာနယ်ဇင်းအဖွဲ့များ၊ ပြည်သူများနှင့် ညီညီညွတ်ညွတ်ပေါင်းစည်း၍ မဟာသန္တိသုခကျောင်း (ရန်ကုန်)၌ မေ ၁၃ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ယခင်နှစ်များနှင့်မတူ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကဆုန်လပြည့်) ဖွား၊ ပွင့်၊ စံ ဆုံတွေ့ဗုဒ္ဓနေ့အမြတ်ဆုံး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည့်နေ့ မွန်းလွဲ ၂ နာရီတွင် သီတဂူဆရာတော်ကြီး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ် အဂ္ဂမဟာပဏ္ဍိတ (D.Litt) Ph.D ဒေါက်တာ အရှင်ဉာဏိဿရက တရားရေအေးအမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်သည်။ ယင်းပွဲတော်ကြီးသို့ မည်သူမဆို လာရောက်လေ့လာဆင်နွှဲပါဝင်နိုင်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**ရမည်းသင်း မေ ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကွဲတပ်ကျေးရွာဓမ္မာရုံ၌ မေ ၃ ရက် ညနေ ၄ နာရီက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ ကျေးရွာပေါင်း ၁၁၅၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်ရေး အထောက်အကူပြုလုပ်ငန်းဆွေးနွေးပွဲ ကျင်းပကြောင်း သိရသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှု ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ(ရုံးချုပ်)မှ တာဝန်ရှိသူများ၊ ရမည်းသင်းခရိုင်/မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနဝန်ထမ်းများ၊ ရမည်းသင်းမြို့နယ် ကွဲတပ်ကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရခြင်း ရည်ရွယ်ချက်များ မှာကြားရှင်းလင်းပြီး ဌာနမှ တာဝန်ရှိသူက ရည်ရွယ်ချက်များ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေး နည်းလမ်းများ၊ ရန်ပုံငွေစီမံခန့်ခွဲမှု နည်းလမ်းများကို အသေးစိတ်ရှင်းလင်း၍ ကျေးရွာမြစိမ်းရောင်စီမံကိန်း ကြီးကြပ်မှုကော်မတီများ ရွေးချယ်ခြင်း ပြုလုပ်ခဲ့သည်။

အဆိုပါ စီမံကိန်းမှ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ပံ့ပိုးသွားမည်ဖြစ်ပြီး ကျေးရွာကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများက အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြရန် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်ကြောင်း ဆင်းရဲမှုလျှော့ချရေးအတွက် များစွာအ ထောက်အကူပြုမည်ဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲကို အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် တစ်ပြိုင်တည်း ကျေးရွာအရောက် ဖွင့်လှစ်စီမံခန့်ခွဲပေးလျက်ရှိကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**


**ကန့်ကွက်နိုင်ပါကြောင်း**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃A၊ မြေကွက်အမှတ် ၄ နှင့် ၄A၊ မြေကွက်တည်နေရာအမှတ် ၃၂၃/၃၂၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက် ဒေါ်သန်းသန်းစိန် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်သန်းသန်းစိန် ၁၂/တမန(နိုင်)၀၄၃၇၂၅ မှ ၂၀၀၆ ခုနှစ်တွင် SP ရရှိသူ ဦးလှကြိုင်မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံထုတ်ယူခဲ့ပြီး ၄င်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ ၂၃ လမ်း၊ အမှတ် ၁၃၀နေ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ငွေနှင့်ဒေါ်စန်းစန်းဦးတို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်အမည်ပါ ကျွန်ုပ်မိတ်ဆွေ၏ သားမောင်ကျော်စိုးဟန် ၁၂/လသန(နိုင်) ၀၂၃၁၇၉ သည် မိဘနှစ်ပါးအိမ်မှ မကြာခဏဆင်းသွားခြင်း၊ မိဘနှစ်ပါးအား ကိုယ်ရောစိတ်ပါ ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေအပ်ပါသည်။ နောက်နောင် မောင်ကျော်စိုးဟန်နှင့် ပတ်သက်သော မည်သည့်ကိစ္စရပ်မဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးတင်ငွေနှင့် ဒေါ်စန်းစန်းဦးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလိမ္မော် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄)**

**အမှတ် ၄၆/ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၁-၃၇၃၄၉၉**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၄/ကံဘဲ့၊ မြေကွက်အမှတ် ၁၆/ခ³၊ Kတံနီကိုဒီရာပုလဲ (မြေစာရင်းတွင်မှတ်ပုံတင်အမှတ်မပါ) အမည်ပေါက် Bလ/န·၃(ခ)၊ ဧရိယာ ၀.၁၁၁မဂ၁၄ဧကအနက်မှ မခွဲမစိတ်ရသေးသော အစိတ်အပိုင်း ပေ(၂၄×၅၃)ခန့် မြေကွက်တည်နေရာအမှတ် ၃/င၊ အောင်ချမ်းသာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်အား ရန်ကင်းမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၂/၂၀၁၃(တရားလို ဒေါ်ကြည်မြေးနှင့် တရားပြိုင် ဦးမင်းထွဋ်)အမှုတွင် တရားလိုက တရားပြိုင်အပေါ် မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှုစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၇-၁၀-၂၀၁၃)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့်ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် ၁၆/၂၀၁၃ အမိန့်တို့အရ ရန်ကင်းမြို့နယ် တရားရုံး(ဘီလစ်)ဦးသန်းထွန်းမှ တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၃/မာန်ပြေ၊ မြေကွက်အမှတ် ၂၇၉၊ မြေကွက်တည်နေရာအမှတ် ၂၇၉၊ မြင်တော်သာလမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးဘိုးဆောင်း)အမည်ပေါက် နှစ်၆၀ရန်မြေအား အမည်ပေါက် ဦးဘိုးဆောင်း(ဖခင်)နှင့်ဒေါ်စန်းမြင့်(မိခင်)ကွယ်လွန်တို့မှ သားသမီးများဖြစ်သော (၁)ဦးဝင်းကျော် ၁၂/ သကတ(နိုင်)၀၄၅၇၈၆၊ (၂)ဒေါ်သင်းသင်းဆွေ ၁၂/သကတ(နိုင်)၀၀၀၃၃၁၊(၃)ဦးအောင်သူ ၁၂/သကတ(နိုင်)၀၀၂၄၀၈၊ (၄) ဦးစိုင်းဝဏ္ဏ ၁၂/သကတ(နိုင်)၁၅၁၆၈၃ တို့မွေးဖွားခဲ့ပြီး (၁)ဦးဝင်းကျော်၊ (၂)ဦးစိုင်းဝဏ္ဏတို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၈၅၅/၂၀၁၄ဖြင့် ဦးရှုရုပ် ၁၂/ဒပန(ပြု) ၀၀၀၀၄၆ အားပေးအပ်၍ ၄င်းနှင့်အတူ ကျန်သားသမီးများဖြစ်သော (၁)ဒေါ်သင်းသင်းဆွေ၊ (၂)ဦးအောင်သူတို့မှပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၃၆၅၊ မြေကွက်တည်နေရာအမှတ် ၃၆၅၊ သုမန ၂လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးဘမွန်း) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးဘမွန်း(ဖခင်)နှင့် ဒေါ်မြ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးခင်မောင်လွင် ၁၂/သကတ(နိုင်)၀၃၉၅၃၁၊ (၂)ဦးမြင့်ကြည် ၁၂/သကတ(နိုင်)၁၀၁၃၇၁၊ (၃)ဦးမြင့်သန်း ၇/တငန(နိုင်)၀၀၄၉၀၅၊ (၄)ဦးကြီးမြင့် ၁၂/သကတ(နိုင်)၀၃၉၇၀၁၊ (၅)ဦးဇော်မြင့် ၁၂/သကတ(နိုင်)၁၀၇၃၃၉၊ (၆)ဒေါ်အေးအေးသန့် ၁၂/သကတ(နိုင်)၁၀၆၂၉၉ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ဒီ၂၊ မြေကွက်အမှတ် V ၁၄၄၊ မြေကွက်တည်နေရာအမှတ် ၁၄၊ ဗိုလ်သူရလမ်း၊ ကြည့်မြင်တိုင်မြို့နယ် (ဦးဘထွန်းနှင့် ဒေါ်စိန်ရင်) အမည်ပေါက် နှစ် ၃၀မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ် ၄၄၅၆ (၂၈-၁၁-၂၀၁၃)ဖြင့်ပိုင်သူ ဦးမောင်မောင်မြင့် ၁၂/ကမတ(နိုင်)၀၁၈၃၅၈၈က ဂရန်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ကျမ်းကျိန်လွှာကိုတင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၄၊ မြေကွက်အမှတ် ၈၈၆၊ မြေကွက်တည်နေရာအမှတ် ၈၈၆၊ (၃၄) ရပ်ကွက်၊ ဒဂုံမြောက်(ဦးကျော်ရန် KPG-၁၁၀၉၄၉) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ရန် ကွယ်လွန်သဖြင့် ဒေါ်အေးစန်း ၁၂/သဃက(နိုင်) ၀၉၃၉၁၂၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၃၁၈၊ မြေကွက်တည်နေရာအမှတ် ၃၁၈၊ သစ္စာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်စိမ်းကြည်၊ ဦးရွှေထွန်း) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်(ဒေါ်စိမ်းကြည်၊ ဦးရွှေထွန်း) ကွယ်လွန်သဖြင့် ဒေါ်မေကြည်ထွန်း ၁၂/ဥကတ(နိုင်) ၀၂၈၅၁၀က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊မြေကွက်အမှတ် ၁၁၇၉/က၊ မြေကွက်တည်နေရာအမှတ် ၁၁၇၉/က၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးသိန်းဆွေ)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းဆွေနှင့်ဇနီးဒေါ်ကြည် ကွယ်လွန်သဖြင့် ဒေါ်ခင်ဝင်း ၁၂/ဥကတ(နိုင်)၁၀၉၅၆၇နှင့် ဒေါ်တင်တင်ဝင်း ၁၂/ဥကတ(နိုင်)၀၂၀၅၁၀ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၃၁၇/က၊ မြေကွက်တည်နေရာအမှတ် ၃၁၇/က၊ သစ္စာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်ခင်ကြည်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်ကြည် (အပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ကိတ္တိမမွေးစားစာချုပ်အမှတ် ၁၅၁၅(၈-၄-၉၇) ဖြင့် ဒေါ်မေကြည်ထွန်း ၁၂/ဥကတ(နိုင်) ၀၂၈၅၁၀က မွေးစားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဖယ်ခုံမြို့၌ လမ်းအသုံးပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးအပ်

**ဖယ်ခုံ မေ ၇**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် ကယော(ဗဲ့တိုက်)ကျေးရွာအုပ်စုရှိ ကျေးရွာများအတွက် နယ်မြေခံတပ်မမှ လမ်းအသုံးပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို မေ ၄ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မမှ တပ်မမှူးဗိုလ်မှူးကြီး ဇော်မြင့်နိုင်က လမ်းအသုံးပြုပစ္စည်းများ ထောက်ပံ့လှူဒါန်း ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး လမ်းဖောက်လုပ်ရာတွင် အသုံးပြုသော ပေါက်ချွန်း၊ ပေါက်ပြား၊ ဂေါ်ပြား၊ သံတူရွင်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားခဲ့သည်။ အဆိုပါကျေးရွာများသည် ဖယ်ခုံမြို့နယ်အတွင်း တည်ရှိပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက် မြို့နှင့် မိုင် ၁၀၀ကျော်ဝေးလံ၍ တောတောင်များထူထပ်ကာ တောင်ပေါ်ဒေသတွင် နေထိုင်လျက်ရှိသော ဗဲ့တိုက် (ခ) ကယောကျေးရွာအုပ်စုအတွင်းရှိ ဒိုးလီ၊ ဇာခေါ၊ ပရေးပလို၊ ဘီသူအောက်၊ ဘီသူအထက်ကျေးရွာများဖြစ်ပြီး စားဝတ်နေရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် တောင်ထိပ်၊ တောင်စောင်း၊ တောင်ခါးပန်းတွင် မြေသားလမ်းဖြစ်သော ဆိုင်ကယ်တစ်စီးစာ လမ်းများကို ကိုယ့်အားကိုယ်ကိုးဖြင့် ဖောက်လုပ်အသုံးပြုလျက်ရှိပြီး နှစ်စဉ်လနှင့်ချီ၍ ပြန်လည်ပြုပြင် ဆောင်ရွက်ရသဖြင့် လမ်းဖောက်လုပ်ရာတွင် အသုံးပြုသော ပစ္စည်းများ ထောက်ပံ့လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

# ပြည်ခရိုင်တွင် စည်းကမ်းပျက် ပုဂ္ဂလိကယာဉ်များ အရေးယူ

**ပြည် မေ ၇**

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင် မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့ ပူးပေါင်း၍ ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို မေ ၅ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ပြည်-ရန်ကုန်ကားလမ်း ရွှေတောင်မြို့နယ် နွားမယံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ပြည်ခရိုင်တွင် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ပညာပေး အကောင်အထည်ဖော် ဆောင်ရွက်မှုကို မေ ၂ ရက် နံနက် ၈ နာရီမှ နံနက် ၁၁ နာရီအထိ ဆောင်ရွက်ခဲ့ရာ စည်းကမ်းပျက်ယာဉ် ၂၈ စီး၊ မေ ၃ ရက်တွင် စည်းကမ်းပျက်ယာဉ် အစီး ၂၀၊ မေ ၅ ရက်တွင် စည်းကမ်းပျက်ယာဉ် ၁၆ စီး စုစုပေါင်း ၆၄ စီးနှင့် ပထမအကြိမ် ကွင်းဆင်းစစ်ဆေး ပညာပေး ၁၈ ဦး၊ ဒုတိယအကြိမ် ပညာပေး ၁၈ ဦးအား မှတ်တမ်းတွင် လက်မှတ်ရေးထိုး ပညာပေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း ခရိုင်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနသို့ ယာဉ်လုပ်ငန်းလိုင်စင် ပြုလုပ်သော ကားစီးရေ ၃၅ စီးခန့် ယာဉ်လုပ်ငန်းလိုင်စင် လုပ်ဆောင်နေကြောင်း ပြည်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်သန်း၏ ပြောပြချက်အရ သိရသည်။

**(၁၀၅)**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၀ နှစ်တာကာလ နှစ်စဉ်မီးလောင်မှု ၁၀၆ ကြိမ်ခန့် ဖြစ်ပွားခဲ့

**ကလေး မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း နှစ်စဉ် မီးလောင်မှုအကြိမ်ပေါင်း ပျမ်းမျှအကြိမ် ၁၀၆ ကြိမ်ခန့်ဖြစ်ပွားခဲ့ပြီး တန်ဖိုးအားဖြင့် နှစ်စဉ်ပျမ်းမျှငွေကျပ် သန်းပေါင်း ၁၉၆ ဒသမ ၈၂၀ ခန့် ဆုံးရှုံးခဲ့ကြောင်းကို မေ ၅ ရက်က ကျင်းပသော ကလေးမြို့ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသိန်းဝင်းက ပြောကြားသည်။ ၂၀၁၄ ခုနှစ်အတွင်း မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုများ လျော့နည်းကျဆင်းသွားစေရန်အတွက် မီးလောင်မှုဖြစ်ပွားရခြင်းများကို ပြန်လည်ဆန်းစစ်ပြီး ကြိုတင်ကာကွယ်မှုများ စနစ်တကျဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ပွင့်လင်းရာသီတွင် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လိုကြောင်းကို မီးသတ်တပ်ဖွဲ့များထံ မှာကြားသွားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် နယ်မြေမီးသတ် စခန်း ၃၇ ခု၊ မြို့နယ်မီးသတ်စခန်း ၃၇ ခု၊ ခရိုင်မီးသတ်စခန်းငါးခုဖြင့် နိုင်ငံတော်တစ်ဝန်းလုံးကို လွှမ်းခြုံနိုင်အောင် စနစ်တကျ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခေတ်မီမီးငြိမ်းသတ်ယာဉ် ၂၅ စီး၊ ရေဂါလန်၅၀၀၀ ဆံ့ မီးသတ်အထောက်အကူပြုယာဉ်တစ်စီး ဝယ်ယူဖြည့်တင်းနိုင်ခဲ့ကြောင်း သိရသည်။ **သျှင်နေမင်း**

## သတင်းတိုများ

### တရားခံပြေးတစ်ဦး ဖမ်းမိ

မေ ၂ ရက် ည ၇ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျုံရှတိုက်နယ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ကျုံအီကျေးရွာအုပ်စု သာယာစုကျေးရွာတွင် တရားခံပြေးတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ရှာဖွေ ဖမ်းဆီးခဲ့သည်။ ထိုသို့ရှာဖွေဖမ်းဆီးရာ သာယာစုကျေးရွာနေ ဦးတင်လေး(၈၁နှစ်)၏ နေအိမ်သို့ ရောက်ရှိနေသည့် စတီဗင်မျိုးမြင့်(ခ)လှမျိုးမြင့်(၆၇ နှစ်)ကို ဇလွန်မြို့မရဲစခန်း (ပ) ၃၉/၂၀၁၂ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၆ အမှုမှ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

### နောင်ချို၌ နေ့ခင်းကြောင်တောင် ဆိုင်ကယ်အခိုးခံရ

ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်ချိုမြို့နယ်၌ ဆိုင်ကယ်များ မကြာခဏ ပျောက်ဆုံးနေရာ များသောအားဖြင့် လူစည်ကားရာ ဆေးရုံ၊ မြို့မဈေး၊ နေအိမ်ရှေ့တို့တွင် နေ့ခင်းကြောင်တောင် ခိုးယူခြင်းဖြစ်သည်။ မေ ၂ ရက် ညနေ ၃ နာရီခန့်က ဈေးရပ်ကွက် နယ်မြေ ၂နှင့် ၅ကြားရှိ ကားလမ်းဘေးတွင် ကိုမိုးမင်းသည် ဇက်သော့ခတ်ကာ တူဖြစ်သူအိမ်သို့ သွားရောက်စဉ် ၎င်းဆိုင်ကယ် ၃၃ယ/----- ၁၂၅ အမျိုးအစား အနက်ရောင်တစ်စီး ခိုးယူခြင်းခံရခဲ့သည်။ နောင်ချိုမြို့မရဲစခန်းက ဆိုင်ကယ်ခိုးသူများကို ဖမ်းဆီးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **စိုးမောင်မောင်(နောင်ချို)**

### ခေါင်နန်းဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ပြည်သူတို့လိုလား

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ချင်းချောင်း၊ ဝေပုံ၊ ကျောင်းကြီးဒေသသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ရာသီမရွေး သွားလာရလွယ်ကူသော လမ်းဖြစ်လာရန် ပြည်သူတို့မှ လိုလားနေကြကြောင်း သိရသည်။ "ခေါင်နန်းဒေသသည် ကလေးဝမြို့နယ် မဟာမြိုင်တောကြီးထဲမှာရှိပြီး ချင်းချောင်း၊ ဝေပုံ၊ ကျောင်းကြီးကျေးရွာဆိုပြီး ကျေးရွာ သုံးရွာရှိပါတယ်။ သက္ကယ်ကျင်း-အောင်ချမ်းသာ-ဖောင်း ပြင်လမ်းကနေ ကျောင်းကြီးကျေးရွာ အထိ ၁၈ မိုင်ရှိပါတယ်။ လမ်းဆိုလို့ သတ်သတ်မှတ်မှတ်မရှိပါဘူး။ သစ်ထုတ်ရေးလမ်းတွေပဲ ရှိပါတယ်။ မိုးရာသီဆို သွားလို့မရတော့ပါဘူး။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် ကျေးရွာနေပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေဟာ အစစ အရာရာနောက်ကျနေပါတယ်" ဟု ဒေသခံ တစ်ဦးက ပြောကြားသည်။ ခေါင်နန်းဒေသအထိ လမ်းဖောက်လုပ်ရန် လာမည့်လွှတ်တော်မှာ တင်ပြသွားမည်ဖြစ်ကြောင်း၊ ပညာရေးအတွက် ချင်းချောင်းအုပ်စုအနေဖြင့် အလက(ခွဲ)မှ ယခု အလက ရရှိသွားပြီဖြစ်ကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနရရှိဖို့ရန် လွှတ်တော်မှာ တင်ပြထားပြီးဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။ **သျှင်နေမင်း**


### ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၈၂) ဟုခေါ်တွင်သော (၆၅ပေ×ပေ၈၀) စတုရန်းပေအကျယ်အဝန်းရှိ မြေကွက်နှင့်အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်များဖြင့် ပိုင်ဆိုင်သူဖြစ်သော ဒေါ်ချယ်ရီ ၉/မနမ (နိုင်)၀၈၈၇၃၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမ္မော် (LL.B) ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀)၊ဦးဝေယံဦး(စဉ်-၄၂၂၂၇)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄) အထက်တန်းရှေ့နေများ
အမှတ်(၄၆/ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

### ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုမြို့၊ ဒီပဲယင်းဝန်ထောက် ဦးမြဲလမ်း၊ တိုးချဲ့ ၂၁ နေ ဦးဇော်လင်း ၁၂/တမန(နိုင်)၀၆၉၅၆၃ သည် အောက်တွင်ဖော်ပြသော ကုန်အမှတ်တံဆိပ်ကို ကိုယ်တိုင်တီထွင်ဖန်တီး၍ တစ်ဦးတည်းမူပိုင်ခွင့်ရှိကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မြွက်ဟကြေညာချက်စာချုပ်ပြုလုပ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

ZEP®

၄ / ၃၂၆ / ၂၀၁၀

ဦးဇော်လင်းက အထက်ပါကုန်အမှတ်တံဆိပ်ကို မိမိကိုယ်တိုင်ထုတ်လုပ်သော SWITCH, SOCKET, PLUG, TRANSFORMER, REGULATOR, TV ANTENNA, UPS, INVERTER, SAFEGUARD ELECTRONIC & ELECTRICAL LAMP များအပါအဝင် နိုင်ငံတကာသတ်မှတ်ချက်အမှတ် ၉ အမျိုးအစားတွင် အကျုံးဝင်သော ပစ္စည်းများ၏ ကိုယ်ထည်ပေါ်တွင် အသားတံဆိပ်အဖြစ် ရိုက်၊ ကပ်၊ ဖိနှိပ်၍လည်းကောင်း၊ ယင်းပစ္စည်းများထည့်သွင်း ထုပ်ပိုးသောပစ္စည်းများတွင် ရိုက်နှိပ်ကပ်နှိပ်၍လည်းကောင်း၊ ကြော်ငြာအမျိုးမျိုး ရိုက်နှိပ်၍လည်းကောင်း အသုံးပြုပြီး ဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်၏ မူရင်းပိုင်ခွင့်ရှိသူ ဦးဇော်လင်း၏ တရားဝင်ခွင့်ပြုချက်၊ သဘောတူညီချက်မရှိဘဲ ထိုကုန်အမှတ်တံဆိပ်ဟု ထင်ယောင်ထင်မှား ဖြစ်စေရန် တုပပြုလုပ်၊ လက်ဝယ်ထား၊ သုံးစွဲ၊ ဖြန့်ချီ၊ ရောင်းချသူမည်သူ့ ကိုမဆိုတည်ဆဲဥပဒေများအရ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဇော်လင်း၏ ညွှန်ကြားချက်အရ-
ဦးခင်စိုး(စဉ်-၅၀၉၇)
တရားလွှတ်တော်ရှေ့နေ
အခန်း ၁၆/ဘီ၊ (ပ)ထပ်၊ အမှတ် ၅၅၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် ၉၁၄၊ လှော်ကားလမ်း၊ ၁၅၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၁၅၃၊ မြေကွက်အမှတ် ၉၁၄၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိပါမစ်မြေသည် ဦးလှသောင်း CA-၀၁၃၁၀၂ အမည်ပေါက် ဖြစ်ပါသည်။ ပါမစ်မြေအမည်ပေါက်ကွယ်လွန်ပြီးဖြစ်သဖြင့် အမွေဆက်ခံပိုင်ဆိုင်သူ ဇနီး ဒေါ်အုံးမေ ၁၂/သဃက(နိုင်)၁၂၉၂၆၂ ထံမှ အဆိုပါ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက် နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဝေ (စဉ်-၇၁၂၄)
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁) ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၂၉၈၁၂)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
